mgyoe.com




# မြန်မာဝတ္ထုတို

## ( ၂၀၀၇ )

စိတ်ကူးချိုချိုစာအုပ်တိုက်မှစီစဉ်သည်။

mgyoe.com

mgyoe.com



၂၀၀၇ ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့်
မြန်မာမဂ္ဂဇင်းများတွင် ပေါ်ပြူခဲ့သော ဝတ္ထုတိုများမှ
ကောင်းနိုးရာရာ ရွေးချယ်စုစည်းတင်ဆက်မှု
စိတ်ကူးချိုချိုစာအုပ်တိုက်၏ အစီအစဉ်။

mgyoe.com

kls0014
3200.00 Ks

မြို့စာဝတ္ထုတို ( ၂၀၀၇ )

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၇၇၃၁၁၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၁၃၁၂၀၈ ဖြင့်

မျက်နှာဖုံးပုံကို Aung Kyaw ရေးဆွဲပြီး ထုတ်ဝေသူ- ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ (၈၅) ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန် တို့က ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဒီဇင်ဘာလတွင် တန်ဖိုး ၂၈၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

မာအေးချို ကိုမြင့်

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | ကိုချစ် | သောကနဲ့ ထုဆစ်ထားတဲ့ သောကြာနေ့များ | ၁ |
| ၂။ | ကိုရွှေအောင်သင်း | အဖေ့နမူနာ | ၅ |
| ၃။ | ကျောင်းကုန်းညွှန့်မှူး | တောရွာဝလေ့ပေမို့ ပျော်မွေ့တယ် တော်ရေ တော်ရေ | ၇ |
| ၄။ | ကြူးနှစ် | ကင်ပွန်းတပ်မင်္ဂလာ | ၁၄ |
| ၅။ | ခင်ဆွေဦး | ကြွေလေဝဲလေ ရွက်ဝါရွှေ | ၁၉ |
| ၆။ | ခင်လှိုင်ကြူ | စတုတ္ထနိဒါန်း | ၂၃ |
| ၇။ | စုသဲမွန် | တွယ်ရာမဲ့ သစ်ခွတစ်ပွင့် | ၂၈ |
| ၈။ | စိုးဘားဒိုင် | တစ်ခေါက်တစ်ကြေး ကတ်တလောက် | ၃၁ |
| ၉။ | ဆောင်းဝင်းလတ် | နော်မံကျောင်းလမ်း | ၃၆ |
| ၁၀။ | ဆွေဦးမြင့် | နတ်ကတော် မသောင်းသောင်း | ၄၀ |
| ၁၁။ | ဆွန်အဲလူ | စိမ်းလဲ့လဲ့မြစ်ပြင် | ၄၆ |
| ၁၂။ | ဇော်ထွဋ်နိုင် | ကျွန်တော်နှင့် ထိုမိန်းမသုံးယောက် | ၅၀ |
| ၁၃။ | ညီငယ်လေး | ရေသည်ကပ်တဲ့ ပလာစတာ | ၅၃ |
| ၁၄။ | ညီပုလေး | ဝမ်းမီးစွမ်းအင် | ၅၇ |
| ၁၅။ | ညီထွန်းလူ | ဝိပါက | ၆၀ |
| ၁၆။ | ညီနှင်းအိမ် | ကျွန်းလက်ယာတောင်ဘက်ဖျားဆီက ခိုများရဲ့သီချင်း | ၆၈ |
| ၁၇။ | ထက်နိုင်(တလုပ်မြို့) | ဂျင်းဘောင်းဘီ | ၇၄ |
| ၁၈။ | ထက်မြက် | မျက်စိခွဲသူ | ၇၈ |
| ၁၉။ | ဒဂုန်တာရာ | ဝတ္ထုရေးဆရာ | ၈၃ |
| ၂၀။ | ဒေါင်းနေမင်း | ခံတွင်းပျက်မောဟ | ၈၇ |
| ၂၁။ | မဝင့် ၊မြစ်ငယ်၊ | နာမည်တစ်လုံးနဲ့နေတဲ့လူ | ၉၆ |
| ၂၂။ | မိချမ်းဝေ | ချည်သား ကုတ်အင်္ကျီလေးတစ်ထည် | ၁၀၀ |


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၂၃။ မိမိုး | မစားကောင်းသောအသီး | ၁၀၇ |
| ၂၄။ မေရှိငြိမ်းချမ်း | ကြော်ငြာနှစ်ခု | ၁၁၁ |
| ၂၅။ မောင်ခိုင်အောင်(စစ်တွေ) | ကျားသေတစ်ကောင်နှင့် မ သုံးဦး | ၁၁၅ |
| ၂၆။ မောင်ညိုပြာ | ဖိုဘီးယား | ၁၁၉ |
| ၂၇။ မောင်ညွန့်မာ | ရှည်ထွက်လာသော ခြေထောက်တစ်ချောင်း | ၁၂၂ |
| ၂၈။ မောင်တင်ဆင့် | အမွေ | ၁၂၆ |
| ၂၉။ မောင်မောင်စိုး | ပိုးဖလံတစ်ကောင်၏ သက်တမ်း | ၁၂၉ |
| ၃၀။ မောင်ရေချမ်း | စကားလက်ဆောင် | ၁၃၃ |
| ၃၁။ မောင်ရင့်မာ(ကျောင်းကုန်း) | မျက်နှာပေး | ၁၃၉ |
| ၃၂။ မောင်ရှင်စော | ဧည့်သည် | ၁၄၂ |
| ၃၃။ မောင်လွန်မွန်(ကသာ) | သံသယသံသရာတစ်ကွေ့မှာ | ၁၅၀ |
| ၃၄။ မြူမြူ | တကယ့် အာဂဆရာ | ၁၅၅ |
| ၃၅။ မြို့သာ မရာထို | တတိယအရွယ် | ၁၆၀ |
| ၃၆။ မြတ်ဆွေ | အဟောင်းဘုရင် ကိုလူခင် | ၁၆၅ |
| ၃၇။ ယဉ်ယဉ်နု(မန္တလေး) | စိတ်ဖြေရာ | ၁၆၉ |
| ၃၈။ လင်းထင် | ရူးဒေါ့ဒီဇယ် . . . သောမတ်အက်ဒီဆင်ဖွဲ့စည်းလွန်ညဖြူနှင့် | ၁၇၃ |
| ၃၉။ လင်းသော်ဝေ | အမြီးပြတ်အိမ်မြှောင် နာရီလက်တံ | ၁၇၇ |
| ၄၀။ လှမိုးသစ်(ကျောက်ဆည်) | မောပဲအမှတ်အသား | ၁၈၃ |
| ၄၁။ သင်းမြစန္ဒီ | ပုဏ္ဏာသစ်များကို ဖြေကြည့်ခြင်း | ၁၈၉ |
| ၄၂။ အာယု | အစာအိမ်အရောင်းပြခန်း (သို့မဟုတ်) ဝိဇ္ဇာသိပ္ပံအတွေးလွန်ဝတ္ထု | ၁၉၃ |
| ၄၃။ အေးမင်းစော | မီးပြတိုက် | ၁၉၇ |
| ၄၄။ အောင်ထိပ် | သံယောဇဉ်သက် နှစ်ဆယ့်ရှစ်နှစ် | ၂၀၂ |
| ၄၅။ ဦးဆွေ(ဒသနိက) | ပျော်တော်ဆက် ပုတ်သင်တစ်ကောင် | ၂၀၈ |


mgyoe.com

mgyoe.com

# သောကနဲ့ ထုဆစ်ထားတဲ့ သောကြာနေ့များ

ကိုချစ်

သတိဝင်လာတာနဲ့ ပထမဦးဆုံး သိလိုက်တဲ့ အသိတရားကတော့ အားလုံး ပိန်းပိတ်အောင် မှောင်မိုက်နေခြင်းပဲ။ ကြီးမားနက်ရှိုင်းလှတဲ့ အမှောင်ထုကြီး။ ဆုံးစမဲ့ အမှောင်တိုက်ထဲမှာ ငြိမ်သက်ခြင်းက လွှမ်းမိုးနေသေးတယ်။ လမိုက်ညရဲ့ ပင်လယ်ပြင်ဆိုရင်တောင် လှိုင်းကြက်ခွပ်သံလေးတော့ ကြားရဦးမယ်။ လေထုမရှိတဲ့ အာကာသဟင်းလင်းပြင်ဆိုရင်လည်း ကြယ်ရောင်ပြိုးပြက် မြင်ရဦးမယ်။

"ငါ ဘယ်ရောက်နေတာလဲ"

"အမှောင်ထုကြီးထဲမှာ ငါကလွဲလို့ ဘာမှလည်းမရှိပါလား"

"မြင်စရာ ကြားစရာ မရှိတဲ့ ဒီအမှောင်ထုကြီးထဲမှာ ငါဆိုတာရော တကယ်ရှိရဲ့လား"

"ငါ ဘယ်မှာလဲ၊ ဘယ်မှာလဲ ငါ"

ငါရှိနေတဲ့အကြောင်း ကိုယ့်ကိုယ်ကိုယ် သက်သေ ထူပြနိုင်ဖို့ ကျုပ်ရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းအချို့ကို လှုပ်ရှားကြည့်မိတယ်။ ခြေဖဝါးအစုံကို အချင်းချင်းပွတ်တိုက်ကြည့်ဖို့ အားယူပြီး ကြိုးစားတယ်။ "အလို လှုပ်ရှားလို့လည်း မရတော့ပါလား" ကျုပ်ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံးရဲ့ အရှိတရားကို ဘယ်လိုမှအာရုံခံပြီး နှလုံးသွင်းကြည့်လို့ မရတော့ဘူး။

"ငါ တကယ်ပဲ မရှိတော့ဘူးလား"

"အို မဟုတ်သေးဘူး။ အခု ငါတွေးနေတယ်။ ငါ ခံစားနေတယ်။ လှုပ်ရှားနိုင်ဖို့ ငါ ကြိုးစားနေတယ်။ ဒါဆိုရင် ငါ ရှိရမှာပေါ့"

ကျုပ်ရဲ့လက်ချောင်းတွေကို ကွေးချည် ဆန့်ချည် လှုပ်ရှားကြည့်တယ်။

"ဟုတ်ပြီ ရပြီ"

ကျုပ်ရဲ့ လက်နှစ်ဖက်ကို ဖြည်းဖြည်းချင်း မယူပြီး ပါးပြင်အစုံကို ပွတ်သပ်ကြည့်လိုက်မိတယ်။ မာကျောတဲ့ ပါးသိုင်းမွေးတွေရဲ့ ချွန်မြစူးရှတဲ့ အထိအတွေ့အာရုံကို ကျုပ်ရဲ့ လက်ဖဝါးအစုံက ခံစားလိုက်ရတယ်။

လက်နှစ်ဖက်ကို ခါးအောက်ပိုင်းတွေဆီ ဖြည်းဖြည်းချင်း ရွှေ့ပြောင်းစမ်းသပ်ကြည့်တယ်။ ကျုပ်ရဲ့ပေါင်တွေကို လက်နဲ့ ဖျစ်ညှစ်ကြည့်လိုက်တယ်။ ကျုပ်ရဲ့လက်က ပေါင်ရဲ့ အထိအတွေ့ကို သိနေပြီး ကျုပ်ရဲ့ပေါင်က ကျုပ်ရဲ့လက်ကို မသိဘူးဖြစ်နေတယ်။ ကျုပ် အင်မတန်တုန်လှုပ်ချောက်ချားသွားတယ်။ ဇောချွေးတွေတောင် ပြန်လာသလားလို့ ထင်မိတယ်။ ကျုပ်စိတ်ကို ကျုပ် မချုပ်တီးနိုင်တော့ဘဲ သံကုန်ဟစ်ပြီး အော်လိုက်မိတယ်။

"အား ဟား"

သွက်သွက်လှမ်းလာတဲ့ ဖိနပ်သံကြားရပြီး အခန်းထဲကို သူနာပြုဆရာမလေး ဝင်လာတယ်။ ဒီတော့မှ ကျုပ် ရောက်နေတာ ဆေးရုံ၊ ဒါမှမဟုတ် ဆေးခန်းတစ်ခု ဖြစ်နေမှန်း သတိထားလိုက်မိတယ်။

"ဆရာ ဆရာ သတိရပြီလား။ ဘယ်လိုဖြစ်လို့လဲဟင်"

"ဆရာမ ကျွန်တော် ဘယ်ကိုရောက်နေတာလဲ။ ပြီးတော့ ကျွန်တော် ဘာတွေဖြစ်နေပြီလဲ ဆရာမ။ ကျွန်တော့် ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးလည်း လှုပ်ရှားလို့ မရတော့ပါလား"

ဆရာမက ကျုပ်ရဲ့ အလျင်စလိုမေးခွန်းတွေကို ပြန်လည်ဖြေကြားခြင်းမပြုဘဲ ငူငူငိုင်ငိုင်နဲ့ ကျုပ်ကို စိုက်ကြည့်နေတယ်။ အတန်ကြာမှ သတိပြန်ဝင်လာပြီး–

"ဆရာ စိတ်ကိုငြိမ်ငြိမ်ထားပါဆရာ။ သတိလေးနဲ့ ဆင်ခြင်ပြီး နားထောင်ပါ ဆရာ။ ကျွန်မ ပြောပြပါ့မယ်"

ကျုပ်ကို သတိပေးတဲ့အနေနဲ့ တရားအနည်းငယ်ချပြီး ရေတစ်ခွက်ကိုတိုက်တယ်။ ကျုပ်စိတ်တွေ ငြိမ်သက် အေးဆေး

mgyoe.com

mgyoe.com
သွားတယ်ထင်တော့မှ အဖြစ်အပျက်အစုံကို ပြောပြတယ်။

သောကြာနေ့ ည ၈ နာရီလောက်က ဘွဲ့နှင်းသဘင် ရှေ့အပိုင်းပတ် အုတ်ခုံလေးပေါ်မှာ ကျုပ်လဲပြီး သတိလစ်နေတာ ညစောင့်ကတွေ့လို့ ဖုန်းဆက်တာနဲ့ လူနာတင်ကားနဲ့ ခေါ်လာခဲ့တယ်။ ဆေးရုံရောက်လို့ စမ်းသပ်ကြည့်တော့ သွေးပေါင်တွေ သိပ်တက်နေပြီး အောက်ပိုင်းတစ်ခုလုံး လေဖြတ်သွားပြီ။ မလှုပ်နိုင်တော့ဘူး။ ကျုပ်ကို လာသယ်တုန်းက လဲနေတဲ့ ကျုပ်ဘေးမှာ အရက်တစ်စက်မှ မရှိတော့တဲ့ ဝီစကီပုလင်းပြားလေး နှစ်လုံးတွေ့တယ်။

"နည်းနည်းနောက်ကျလိုက်ရင် ဆရာ မလွယ်တော့ဘူး။ ရာသီဥတုကလည်း အေးတယ်လေ"

ငါးဆယ်ရာနှုန်းသာအသက်ရှင်နေတာတဲ့။ ကျုပ်ဘဝကို ကျုပ်နားလည်လိုက်တာနဲ့ မျက်လုံးအိမ်ထဲမှာ မျက်ရည်ပူတွေ ပြည့်လာပြီး စီးကျလာတယ်။ ကျုပ် ရှိုက်ကြီးတငင် ငိုချလိုက်မိတယ်။ ဆရာမလေးကတော့ ကျုပ်ကို စိတ်မကောင်းတဲ့မျက်နှာနဲ့ပဲ စိုက်ကြည့်နေတယ်။ အားပါးတရ ကျုပ်ငိုပြီးတော့မှ–

"ဆရာ့ကို ဒီမြို့လေး တစ်မြို့လုံးနီးပါး သိနေကြတာပါ။ ကျွန်မကိုယ်တိုင် လွန်ခဲ့တဲ့ငါးနှစ်လောက်က ဆရာ့ တပည့်ဖြစ်ခဲ့ဖူးပါတယ်။ ဒါကြောင့် ပိုင်ရှင်မရှိတဲ့ လူနာလို ဖြစ်နေပေမယ့် ကျွန်မတို့ဆေးရုံက လက်ခံကုသပေးနေတာပါ"

"သိုင်းခရူး ဆရာမ။ ဒါနဲ့ ဒီနေ့ ဘာနေ့လဲဟင်"

"ဒီဇင်ဘာ ဆယ့်နှစ်ရက် အင်္ဂါနေ့ပါ ဆရာ"

"ဩော်"

ကျုပ် အတော်ကြာအောင် ငိုင်သွားတယ်။ ပြီးမှ သတိပြန်ဝင်လာပြီး–

"ပြီးတော့ တခြားဘာတွေဖြစ်သေးလဲ ဆရာမ။ ကျွန်တော် မသိလိုက်တာတွေ ရှိသေးလား။ ပြောပြပါဦး"

"ဩော် စနေနေ့ညနေကတော့ ဝဝတုတ်တုတ် အန်တီကြီးတစ်ယောက် ဆရာ့ကို လာကြည့်သွားတယ်။ ကျွန်မနဲ့ တွေ့တော့ ကျန်းမာရေးအခြေအနေမေးမြန်းပြီး ဆရာ သတိရလာရင် ဒါလေး ပေးလိုက်ပါဆိုပြီး ဖိုင်ကာဘာတစ်ခု ပေးသွားတယ်ဆရာ။ သူလည်း စိတ်မကောင်းစွာနဲ့ပဲ ပြန်သွားပုံရတယ်"

ကျွန်တော့်ခုတင်ခေါင်းရင်းဘေးက ဗီရိုအသေးလေးကို ဖွင့်ပြီး ဖိုင်ကာဘာတစ်ခု ကျွန်တော့်ကို ပေးလို့ ဖိုင်ကို ဖွင့်လိုက်တော့ စာတစ်စောင်နဲ့ စာချုပ်စာတမ်းတစ်ခု ညှပ်ထားတယ်။ စာချုပ်ကတော့ လင်မယားကွာရှင်းပြတ်စဲခြင်း စာချုပ်ပါပဲ။ တံဆိပ်တုံးတွေ၊ လက်မှတ်တွေ အပြည့်အစုံပါတယ်။

ကျုပ် သက်ပြင်းရှည်တစ်ခုကို လေးကန်စွာ မှုတ်ထုတ်လိုက်မိတယ်။ ပြီးတော့ ညှပ်ထားတဲ့စာကို ဆွဲထုတ်ပြီး ဖောက်ဖတ်လိုက်တယ်။ ဆရာမလေး ပြန်ထွက်သွားတဲ့ ဖိနပ်သံကိုလည်း ကြားနေမိတယ်။

*ကိုမြတ်သူ–*

*အိမ်ထောင်သက်တမ်း နှစ်ပေါင်းသုံးဆယ်အတွင်းမှာ ကျွန်မ အပြစ်ကင်းစွာ နေထိုင်ခဲ့ပါတယ်။ ဇနီးတစ်ယောက်ရဲ့တာဝန်တွေလည်း ကျေပွန်ခဲ့ပါတယ်။ နောက်ပိုင်း ဆယ်နှစ်မှာ မောင်နှမလိုပဲ နေခဲ့ကြတာက လွဲလို့ပေါ့လေ။ ဒီ အတွက် ကိုမြတ်သူ့ရဲ့ လုပ်ရပ်တွေကို အပြစ်မပြောလိုပါဘူး။ ကိုမြတ်သူ ဖြစ်ချင်တဲ့အတိုင်း ကျွန်မ ဆောင်ရွက်ပေးလိုက်ပါတယ်။ ကျွန်မဘက်က တာဝန်ကျေပါတယ်နော်။ အနီးကပ်ပြုစုဖို့ မဖြစ်နိုင်တော့လို့ အဝေးကပဲ ဆုတောင်းပေးလိုက်ပါတယ်။ အမြန်ဆုံး ကျန်းမာပါစေ။*

*ကျေးဇူးရှင်ကို ယေးစားစွာ ကန်တော့လျက်*

*မြနှစ်*

ဖိုင်ကို ပြန်ပိတ်လိုက်ပြီး အချိန်အတန်ကြာတဲ့အထိ ငိုင်မိတယ်။ စိတ်ထဲကလည်း တီးတိုးရေရွတ်နေမိတယ်။

"မင်း တာဝန်ကျေပါတယ်။ ငါ့ဘဝကကိုက မကောင်းခဲ့တာပါ"

သူနာပြုဆရာမလေးရဲ့ ဖိနပ်သံကြားတော့မှ သတိပြန်ဝင်လာတယ်။ ဆရာမလေးကို ဖိုင်တွဲ ပြန်ပေးလိုက်ရင်း မေးလိုက်တယ်။

"ပြီးတော့ ဘာတွေဖြစ်သေးလဲ ဆရာမ"

"တနင်္ဂနွေ မနက်ကလည်း အမျိုးသမီးတစ်ယောက် လာတယ်ဆရာ။ အသက် သုံးဆယ်ကျော်လောက်တော့ ရှိမယ်ထင်တယ်။ ဆရာ့ဘေးမှာ ထိုင်ငိုရင်း ဆရာ သတိရလာရင် ပေးပေးပါဆိုပြီး စာတစ်စောင် ပေးသွားသေးတယ်။ ဆရာ။ စောစောက တစ်ဆက်တည်းပြောဖို့ရာ ဆရာ စာဖတ် နေလို့ မပြောဖြစ်လိုက်တာ"

စားပွဲပေါ်ကို ဖိုင်တွဲပြန်တင်ပြီး ဗီရိုလေးထဲက စာတစ်စောင်ထုတ်ပေးတယ်။ စာကိုဖောက်တဲ့ ကျုပ်လက်တွေ အနည်းငယ်တုန်ယင်နေတာကို သတိထားမိတယ်။

*ဆရာ*

*တရားဝင်ပြဋ္ဌာန်းမထားတဲ့ လူမှုကျင့်ဝတ်စည်းကမ်းတွေက ဆရာနဲ့ ဖူးသွယ်ကို စည်းခြားထားပြီဆရာ။ မိန်းမသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ ဆရာ့ရဲ့ဂုဏ်သိက္ခာအတွက် ဆရာနဲ့ ဖူးသွယ်တို့ရဲ့ နှလုံးသားကို စတေးလိုက်ရပြီ။ ဆရာ*
mgyoe.com

mgyoe.com

*ခံစားနေရသလို ဖူးသွယ် ရင်ထဲမှာလည်း နာကျင်လှပါပြီ ဆရာ။ မျက်ဝန်းတွေလည်း ကျိန်းစပ်လှပါပြီ။ မိသားစုနဲ့ ဆွေမျိုးအဆက်အဝန်းရဲ့ စူးရှတဲ့မျက်လုံးအစုံတွေ၊ ပတ်ဝန်းကျင်ရဲ့ စူးစမ်းတဲ့မျက်လုံးအစုံတွေအကြားမှာ အားတင်းပြီး လွင့်စဉ်မသွားအောင် ရပ်တည်နေရတယ် ဆရာ။ ဆရာနဲ့ ဖူးသွယ်ကို ဘဝချင်းခြားအောင် စွမ်းနိုင်ကြပေမယ့် ရင်ထဲက ချစ်ခြင်းမေတ္တာနဲ့ သံယောဇဉ်ကို ဘယ်သူဖျက်ဆီးနိုင်မှာလဲ ဆရာရယ်။ ဆရာ့ကို ဖူးသွယ် ချစ်တယ်။ သိပ်ချစ်တယ် ဆရာ။ သိပ်ချစ်လို့လည်း သိပ်ခံစားနေရတာပေါ့နော် ဆရာ။ ချစ်တယ်ဆိုတာကတော့ ဘယ်သူ့ကို ချစ်ချစ် အပြစ်မရှိပါဘူးနော်။ မုန်းတာမှမဟုတ်ဘဲ ဆရာရယ်။ မုန်းတယ်ဆိုရင်သာ အပြစ် ဖြစ်နိုင်ကောင်း ဖြစ်ဦးမယ်။*

စာကို ဆက်မဖတ်သေးဘဲ ခဏနားလိုက်ပြီး တွေးနေမိတယ်။ ကျုပ်ရဲ့စိတ်ကူးဝိညာဉ်ဟာ ပြီးခဲ့တဲ့လက သောကြာနေ့တစ်နေ့ဆီကို ရောက်သွားတယ်။ အင်း တစ်နေရာရာဆိုကြပါစို့။ ကျုပ်နဲ့ ဖူးသွယ်နဲ့ နှစ်ယောက်တည်းရှိပါတယ်။

"ဆရာနဲ့ လက်ထပ်ဖို့ ဘယ်လိုမှ လက်မခံကြဘူးဆရာ။ မိသားစုတစ်ခုလုံးကခါးခါးသီးသီးပဲ။ ဆရာက သူ့ဇနီးကို ကွာရှင်းဖို့စီစဉ်နေပြီလို့ ပြောတာလည်းမရဘူး။ ဖူးသွယ် တအားစိတ်ညစ်သွားပြီဆရာ။ ဖူးသွယ် ဘယ်လိုလုပ်ရမှာလဲဟင်။ အမေကလည်း အဆိပ်သောက်သေမယ် တကဲကဲလုပ်နေတယ်။ အစ်ကိုက ဓားကြီမ်း ကြိမ်းတာကတစ်မျိုး၊ အစ်မက တစ်မျိုး၊ ညီမက တစ်မျိုး ဆရာရယ်။ ဖူးသွယ် သေပဲ သေချင်တော့တယ်"

အဲဒီ သောကြာနေ့ရဲ့ နောက်သောကြာနေ့ဆီကို အတွေးကွန်ရက်ဖြန့်လိုက်ပြန်တယ်။

"ဘယ်လိုလဲ ကိုမြတ်သူ။ ဘာပဲလုပ်လုပ် စနစ်တကျ စီမံခန့်ခွဲတတ်တဲ့သူက ဒီတစ်ခေါက်တော့ စနစ်တကျ မှားယွင်းသွားပြီပေါ့။ ဖူးဖူးသွယ်သာ ရှင့်ကို တကယ်ချစ်ရင် အားလုံးကိုစွန့်လွှတ်ပြီး ရှင့်ကို လက်ထပ်မှာပေါ့"

"မဟုတ်ဘူး မမြနှစ်။ ဖူးဖူးသွယ် ငါ့ကို တကယ်ချစ်တယ်ဆိုတာ ငါပဲသိတယ်"

"ဩော် ကိုမြတ်သူ ရှင် ခုထိ စိတ်ကူးယဉ်လို့ ကောင်းနေတုန်းပဲကိုး။ ရှင့်ဆီက အကူအညီယူနေခိုက်မှာတော့ ဟုတ်မှာပေါ့လေ။ အခု ဖူးဖူးသွယ်က ရှင့်အကူအညီမှ မလိုတော့တာပဲ။ သူ့လမ်းကို သူဖောက်ပြီး သူလျှောက်သွားနိုင်ပြီ။ ဒီတော့ ဆရာကိုမြတ်သူကို ထည့်စဉ်းစားဖို့မလိုတော့. . ."

စကားမဆုံးမီမှာပဲ လက်ထဲက အရက်ဖန်ခွက်နဲ့ နံရံကို ပစ်ပေါက်လိုက်မိတယ်။ အားလုံး ခေတ္တငြိမ်သက်သွားတယ်။ အသက်ပြင်းပြင်း တစ်ချက်ရှူလိုက်ပြီးမှ လေသံမာမာနဲ့ ပြောလိုက်တယ်။

"ဖူးသွယ်ဟာ ဒီလိုမိန်းကလေးမျိုး မဟုတ်ဘူး"

သူမ ကျုပ်ကို အံ့ဩတဲ့မျက်လုံးအစုံနဲ့ ကြည့်ရင်းက

"ကိုမြတ်သူ၊ ရှင် ဖူးဖူးသွယ်ကို သိပ်ချစ်တာပဲလား"

သူမကို စိုက်ကြည့်ပြီး အေးစက်လေးလံစွာ တုံ့ပြန်လိုက်တယ်။

"အေး ဟုတ်တယ်"

ကျုပ်ကို စူးစမ်းတဲ့အကြည့်နဲ့ကြည့်ပြီး–

"ရပါတယ်။ ရှင်ဖြစ်ချင်တာ ဖြစ်ရပါစေမယ်"

နောက်ထပ် သောကြာနေ့ တစ်နေ့ဆီကို အတွေးမျှင်တွေ ရက်ယှက်လိုက်ပြန်တယ်။ ဖူးဖူးသွယ်က ကျုပ်ကို လက်အုပ်ချီ ဦးသုံးကြိမ်ချတယ်။

သူ့မျက်လုံးအိမ်ထဲမှာတော့ မျက်ရည်တွေ ရစ်ဝိုင်းနေတယ်။ ကျုပ်ရဲ့အမြင်အာရုံတွေလည်း မပီဝိုးဝါးဖြစ်နေပြီ။ လက်အုပ်ချီထားရင်းက–

"ဆရာ ဆရာ့အပေါ် ဖူးသွယ် မှားယွင်းခဲ့တာရှိရင် ခွင့်လွှတ်ပါ။ မဖြစ်နိုင်တဲ့ ဆရာနဲ့ဖူးသွယ်ရဲ့ ဇာတ်လမ်းကို ဒီမှာပဲ ရပ်ကြပါစို့ ဆရာ။ ဖူးသွယ်အပေါ် ဆရာ့ရဲ့တပည့်တစ်ယောက်လိုသဘောထားပြီး ကူညီစောင့်ရှောက်ပေးပါ။ ဆရာ့အပေါ်ကိုလည်း ဖူးသွယ်ရဲ့ ကျေးဇူးရှင်တစ်ယောက်လို တစ်သက်လုံး လေးစားချစ်ခင်နေပါ့မယ်ဆရာ။ ဖြစ်ခဲ့သမျှကိစ္စအားလုံးနဲ့ ပတ်သက်လို့တော့ ကျွန်မကို နားလည်ခွင့်လွှတ်ပေးဖို့ ဦးသုံးကြိမ်ချပြီး တောင်းပန်ပါတယ် ဆရာ"

တုန်ယင်နေတဲ့အသံနဲ့အတူ မျက်ရည်စတွေက တလိမ့်လိမ့် စီးကျလာတယ်။ ကျုပ်ကတော့ သူမကို ကြည့်ရင်း ရင်ထဲမှာ တင်းကျပ်ဆို့နင့်နေတယ်။

ကျုပ်ရဲ့အတွေးစကို တီခနဲရုတ်တရက် ဖြတ်တောက်ပစ်လိုက်ရတယ်။ လက်ထဲမှာကိုင်ထားတဲ့စာကို ပြန်ကြည့်ပြီး လက်ကျန်သုံးလေးကြောင်းကို ဆက်ဖတ်လိုက်တယ်။

*ဆရာ့အကြောင်း ကြားကြားချင်း ဖူးသွယ် ငိုရတယ် ဆရာ။ ဆရာ့ကျန်းမာရေးကို ဂရုစိုက်ပါ ဆရာရယ်။ ပစ်စလက်ခတ် မနေပါနဲ့။ ဆရာ့ကို ပြုစုစောင့်ရှောက်ဖို့ အခွင့် အရေး မရှိတော့တာမို့ အမြန်ဆုံး ကျန်းမာလာပါစေဆိုတဲ့ဆုပဲ တောင်းနေပါတယ် ဆရာ။*

ဆရာ့ရဲ့တပည့်
ဖူးသွယ်

mgyoe.com

mgyoe.com

စာရွက်ကို ကျစ်ကျစ်ပါအောင် လုံးခြေနေမိတယ်။ ဘ၀မှာ အထီးကျန်ဆုံးအချိန်ကို ရောက်နေပြီ။ နွေလယ်ကန္တာရကြီးကို ကျုပ်တစ်ယောက်တည်း ထီးထီးဖြတ်သန်းရတော့မယ်။ ကျုပ့်ရဲ့မျက်၀န်းက မျက်ရည်ပူတွေက ပါးပြင်ပေါ်ကို စီးကျနေပြီ။ ရင်ထဲက ရှိုက်သံက အပြင်ကို တစ်ချက်တစ်ချက် ထွက်လာတယ်။ မခံမရပ်နိုင်တဲ့အဆုံးမှာတော့ ပေါက်ကွဲသံစဉ်တစ်ခုနဲ့အတူ စားပွဲပေါ်က နောက်ဆုံးထည့်ထားတဲ့ ပလတ်စတစ်ခြင်း၊ ဆေးရုံစာအုပ်၊ ကုသမှုမှတ်တမ်းစာရွက်များ၊ ဖိုင်တွဲအားလုံး လေထဲမှာ ပျံ၀ဲသွားကြတယ်။

ပြီးတော့ အမှောင်ထုကြီးထဲကို ပြန်ရောက်သွားတယ်။

အမှောင်တိုက်ကြီးထဲမှာ ကျုပ်ဘယ်လောက်ကြာအောင် စီးမျောနေတယ်ဆိုတာ မခန့်မှန်းတတ်တော့ဘူး။ ကျုပ် ပြန်သတိ၀င်တဲ့အချိန်မှာ ကျုပ်ရဲ့အမြင်တွေဟာ ကြည်လင်နေတယ်။

ကျုပ်ရဲ့ ပတ်၀န်းကျင်ကို ကြည့်လိုက်တော့ ခြောက်သွေ့သွေ့ တောင်တန်းတစ်ခု တွေ့ရတယ်။ တောင်ခြေကို ကြည့်လိုက်တော့ လူစုလူ၀ေးတစ်ခု။ ကားတွေလည်း ရပ်ထားကြတယ်။ လူတချို့က ကားတစ်စီးပေါ်က ရှည်မျောမျော သေတ္တာတစ်လုံးကို ထမ်းလာပြီး ကျောက်ခုံတစ်ခုပေါ်မှာ တင်လိုက်ကြတယ်။ အဲဒီသေတ္တာကို ဖွင့်လိုက်တော့ ငြိမ်သက်နေတဲ့ အလောင်းတစ်လောင်းကို မြင်လိုက်ရတယ်။ သူ့ခန္ဓာကိုယ်ကို အစိမ်းရောင်တဘက်တစ်ထည် လွှမ်းထားတယ်။

လူတချို့က ကရုဏာသက်တဲ့ မျက်လုံးအစုံနဲ့ ကြည့်သလို၊ တချို့က ရွံရှာမုန်းတီးတဲ့ မျက်လုံးအစုံနဲ့ ကြည့်နေကြတယ်။ အေးလေ လူဆိုတာ ကောင်းတာတွေရှိသလို၊ မကောင်းတာတွေလည်း ရှိတာကိုး။

ခပ်၀၀ အမျိုးသမီးတစ်ယောက် အနားရောက်လာပြီး ထိုင်ကန်တော့ပြန်တယ်။ ပြီးတော့ မျက်နှာကို လက်ကိုင်ပ၀ါတစ်ထည်နဲ့အုပ်ပြီး ငိုရင်း ပြေးထွက်သွားတယ်။

အလို ကျုပ်က ခုမှစဉ်းစားမိတယ်။ ဒီမြင်ကွင်းတွေကို ကျုပ်က ဘယ်နေရာကနေ ကြည့်ပြီး မြင်နေရတာလဲ။ ကျောက်ခုံပေါ်က သူက ဘယ်သူလဲ။ သူက ဦးမြတ်သူလား၊ ကျုပ်က ဦးမြတ်သူလား။

ဆရာ ဦးမြတ်သူဆိုတာ ဘယ်သူလဲ။ ကျုပ် မသိဘူး။

ကျုပ် သိတာ ဒီကနေ့ သောကြာနေ့ပဲ။

*ကိုချစ်*

*ရွှေအမြုတေမဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၇*

❑

mgyoe.com

# အဖေ့နမူနာ

ကိုရွှေအောင်သင်း

"အရက်သောက်တတ်သလား"ဟု အမေးခံရတိုင်း၊ ကျွန်တော် ပြန်ဖြေလေ့ရှိသောစကားမှာ "အရက်သောက်တတ်တယ်၊ ရေတောင်သောက်တတ်သေးတာပဲ။ ဒါပေမဲ့ ကျွန်တော် မသောက်ဘူး"ဟူ၍ ဖြစ်ပါသည်။ အဘယ့်ကြောင့် ကျွန်တော် အရက်မသောက်ကြောင်းကိုမူ ရှင်းမပြခဲ့ပါ။ ထိုအကြောင်းအရာသည် ကျွန်တော့်ဘဝအတွက် လျှို့ဝှက်ချက်တစ်ခုအဖြစ်သာ ကျန်ရစ်နေခဲ့ပါသည်။ ပျော်စရာကောင်းသော အတိတ်မဟုတ်သည့်အတွက် ပြန် ပြောင်းပြောချင်ဖွယ်ရာလည်းမဟုတ်ပေ။ သို့သော် ... မိုးတွေညို၍ တောင်ဆီက လေပြင်းတိုက်လာလျှင်ကား ထိုအကြောင်းကို ကျွန်တော် ပြောပြချင်နေမိပါသည်။ သည်လို မိုးညို့ညို့မှိုင်းမှိုင်းရက်များမှာပါပဲ။

"အဖေ"

ကျွန်တော့်အသံ ကြေကွဲမှုနှင့် အက်ကွဲနေကြောင်း ကျွန်တော်သိပါသည်။

"အဖေ"

ဒုတိယအကြိမ် ခေါ်တော့မှ အဖေက မျက်လုံးဖွင့်ကြည့်သည်။ အဖေ့မျက်လုံးထဲမှ ဆာလောင်မှုများကို ကျွန်တော် ကောင်းစွာသိမြင်နိုင်ပါသည်။

"သား ဝယ်ပေးမယ်အဖေ"

ကျွန်တော့် ရဲဝံ့စွာ ကတိပေးလိုက်၏။

အဖေက ပြုံးသည်။ အပြုံးကား မတောက်ပ။ မှဲ့ပြုံး။

"နေပါစေ သားရယ်..."

"ဖြစ်ပါတယ် အဖေ"

"ပိုက်ဆံမှ မရှိတော့ဘဲကွာ"

"ရှာမှာပေါ့ အဖေရဲ့၊ သားရှာတတ်ပါတယ်"

သူရဲကောင်းကြီးတစ်ဦး၏ မာန်များဖြင့် ကျွန်တော် အဖေ့နားမှ လှည့်ထွက်ခဲ့၏။

အိမ်ရှေ့ကပြင်တွင် ကျွန်တော့်ထီးစုတ်ကလေး ရှိသည်။ အရောင်အဆင်း ကင်းမဲ့သော်ငြား မိုးသီးမိုးပေါက်များကို တားနိုင်သော ဤထီးစုတ်ကလေးကား ကျွန်တော့်အတွက် အဖေ အလုပ်ကောင်းစဉ်က ဝယ်ပေးခဲ့သောထီးပေါ့။ မှားယွင်းမှုတစ်စုံတစ်ရာကြောင့် အဖေအလုပ်ပြုတ်၊ ထောင်ကျခဲ့ပြီး ပြန်ထွက်လာသောအခါ ဘယ်နေရာမှာမှ အဖေ အလုပ်အဆင်မပြေတော့ပေ။ အိမ်ထောင်ဦးစီးအဖြစ်မှ အဆင့်လျှောကျခဲ့သည်။ သည်ကတည်းက အဖေ့ထွက်ပေါက်မှာအရက်။ မနက်နှစ်ကျပ်ဖိုး၊ နေ့လယ် နှစ်ကျပ်ဖိုး၊ ညနေမှာ လေးကျပ်ဖိုး။ တစ်နည်းနည်း ကြံဖန်ရသူကား ကျွန်တော်။ အမေက စိတ်နာ၍ လှည့်မကြည့်။ ကျွန်တော်ကတော့ အဖေ့ကို သနားသည်။

အဖေ့ကို ထောင်ဝင်စာတွေ့ခဲ့စဉ်က ခံစားမှုကို ခုထိမမေ့နိုင်သေး။

အဖေက အပြာရောင်ထောင်ဝတ်စုံဖြင့် သန့်သန့်ပြန့်ပြန့်ဖြစ်၏။ အဖေ့မျက်နှာကလည်း ရာဇဝတ်သား၊ သူခိုး၊ ဓားပြများကဲ့သို့ ခက်ထန်ခြင်း မရှိပါ။

"အဖေ...မကြောက်နဲ့၊ သားရှိတယ်"

ကျွန်တော့်အသံသည် ထောင်ဝင်စာပေါက် သံဆန်ကာကွက်များကြားမှ အဖေ့ထံမရောက်မှာ ပူပြီး အကျယ်ကြီးအော်လိုက်သောအသံဖြစ်ပါသည်။ ဘေးမှာရှိနေသော အမေကလည်း အော်မပြောဖို့ ကျွန်တော့်ကို မတားပါ။ အဖေက လက်သီးမြှောက်ပြရင်း ...

"ဟေ့...သား ... သားမှတ်ထားကွ၊ အဖေ ဆိုးလို့ထောင်ကျတာမဟုတ်ဘူး"

ဟု ပြန်ပြောပါသည်။ အဖေကတော့ အော်မပြောပါ။ သို့သော် ကျွန်တော်နားလည်ပါသည်။ အဖေ့အသံထဲမှာ

mgyoe.com

ဟုန်ခါမှုတွေအပြင် နာကြည်းမှုတွေ ပါနေလေသည်။

အဲသည်တုန်းက ကျွန်တော့်အသက် ၄ နှစ်ပါ။

အခု ကျွန်တော် ရှစ်တန်းရောက်ပြီ။

အဖေသည် အရက်သမားကြီး လုံးလုံးဖြစ်နေပြီ။

အဖေသည် ထွက်ပေါက်ရှာ မှားခဲ့ပြီထင်ပါ၏။ အရက်၏ ကျေးကျွန်ဖြစ်နေပြီ။ ဤအနေအထားတွင် သားလိမ္မာတစ်ယောက်အနေနှင့် ကျွန်တော်လုပ်သင့်သောအလုပ်ကား တစ်နေ့သုံးခါ အရက်ဝယ်ပေးဖို့ပါပဲ။

ထီးကလေးကို ကျွန်တော် တယုတယကိုင်ခဲ့၏။

အင်းစိန်ဈေးကြီးအနီး ပလက်ဖောင်းမှာ ထီးပြင်ဆိုင်ကလေးရှိသည်။ ရှစ်ကျပ်အတိအကျရ၏။ နှစ်ရက်စာ ၁၆ ကျပ်လိုချင်သော်လည်း ထီးက ခရိုင်တွေဆွေးနေပြီဆိုပဲ။ မတတ်နိုင် ဒီတစ်ရက် အဖေအသက်ရှင်ဖို့ပေါ့။

* * *

သည်နေ့တော့ ကျွန်တော် စောစော အိမ်ကထွက်ခဲ့သည်။ အမေ့ကို ညနေအထိ အားတင်းထားဖို့ ပြောရသည်။ အဖေက ခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ၊ အရာရာကို အဖေ ပစ်ချလိုက်ပြီထင်ပါရဲ့။

ကျွန်တော့်လွယ်အိတ်ထဲမှာ ....

ကျောင်းစာအုပ်တွေအစား၊ ပုဆိုးအစုတ်ကလေးတစ်ထည် ပါပါသည်။ ကျွန်တော့် ခြေလှမ်းတွေက ကျွန်တော်ကျောင်းတက်ရမည့် အထက(၁)အင်းစိန်ကိုကျော်ကာ ကြို့ကုန်းလမ်းဆုံသို့ ခရီးဆက်ကြ၏။

မိုးတွေက ခုလိုပဲ မှိုင်းမှိုင်းမှုန်နေသည်။ ရွာမချသေးတာကို ကျေးဇူးတင်ရ၏။ သူရွာခဲ့လျှင် ကျွန်တော့်ကို အကာအကွယ်ပေးမည့် ထီးကလေးမရှိတော့ စိုရွှဲမှာသေချာသည်။ ရွှဲလည်း ကိစ္စမရှိ။ ကျွန်တော်က ကျန်းမာရေးကောင်းသည်။ အမေ့ကို ကယ်ရမည်။

ကြို့ကုန်းလမ်းဆုံအလွန်မှာ အနောက်ဘက်သို့ သွယ်ဆင်းသော လမ်းကြားရှိ၏။ ထိုလမ်းကြားအလွန်မှာက မြန်မာ့ဆေးဝါးထုတ်လုပ်ရေးစက်ရုံဝင်းကြီးရှိသည်။ ယခု ထိုစက်ရုံသို့ ဌာနဆိုင်ရာက ကိုယ်ပိုင်လမ်းဆောက်နေသည်။ ကတ္တရာလမ်းတော့မဟုတ်။ ဂဝံလမ်းတဲ့။ ဂဝံ ကျောက်ခင်းလမ်းပေါ့။ ဤတွင် မွန်တို့ဌာနီ ရာမညမှ ရထားဖြင့် သယ်လာသော အဆိုပါဂဝံကျောက်တုံးကြီးများကိုထုဖို့ အလုပ်ရှိလာသည်။ အလုပ်ကြမ်းသမား။ ဂဝံထုသမား အလိုရှိသည်။

နေ့တွက် ငါးကျပ်တဲ့။

ကျွန်တော်က လွယ်အိတ်ထဲမှ ပုဆိုးစုတ်ကလေးကို ထုတ်လိုက်သည်။ ဝတ်လာသော ကျောင်းပုဆိုးစိမ်းနှင့် လဲဝတ်သည်။ အင်္ကျီကိုတော့ လဲရန် မလိုပေ။ ရှပ်အင်္ကျီလက်တိုကို ချွတ်ပြီးသော ကျောပြောင်နှင့် အလုပ်လုပ်မည်။ အားလုံး အလုပ်ကြမ်းသမားတွေ ကျောပြောင်ချည်းပဲ။

တစ်နေ့ကုန် ဂဝံထုရသော ပင်ပန်းမှုချွေးများက အဖေ့အတွက်ဟူသော အတွေးဖြင့် ခြောက်သွေ့ခဲ့ကြလေသည်။

အမေကတော့ သားကျောင်းသွားသည်ဟု ယုံနေရှာသည်။

ညကပင်... ကျောင်းလခဆိုပြီး ပေးခဲ့ရှာပါသည်။

ကျွန်တော်က အမေပေးခဲ့သော ကျောင်းလခကို နေ့ကျောင်းသို့ မပေးဘဲ 'လူငယ့်ရေးရာကျောင်း'သို့သွင်းခဲ့သည်။ နေ့ကို ဂဝံထု၊ ညနေမှာ ညကျောင်းသွား၊ အမေ့ကိုတော့ ကျူရှင်ဟု အကြောင်းပြရမည်။

ဘာပဲဖြစ်ဖြစ် ထိုနှစ်တစ်မိုးလုံးလုံး အဖေ့ကို အသက်ဆက် ပေးနိုင်ခဲ့ပါသည်။ ကျွန်တော် ပျော်ပါသည်။

ထိုနှစ်က ... ကျွန်တော် ရှစ်တန်းစာမေးပွဲကျ၏။

ကိစ္စမရှိပါ။

ပညာသင်ဖို့က အချိန်တွေရှိပါသေးသည်။

အဖေ့အတွက်က သည်တစ်မိုးပဲ ကျန်တော့သည်ဟု ကျွန်တော်ထင်၏။

ကျွန်တော် ထင်တာ မမှားပေ။

အဇ္ဈာကောင်းကင်ယံမှာ လျှပ်စီးတွေလက်ပြီး မိုးချုန်းသံများ မြည်ဟီးသောတစ်ည မိုးချုန်းသံများနှင့်အတူ အဖေ လောကထဲမှ ထွက်ခွာသွားခဲ့ပါသည်။

အဖေ... ဘယ်တော့မှ ပြန်မလာပါ။

ကျွန်တော်လည်း အရက်ဆိုင်ကို အပြီးနှုတ်ဆက်လိုက်ပါသည်။

ကျွန်တော် အရက်နှင့်ပတ်သက်ရန် အကြောင်းမရှိတော့ပါ။

ကျွန်တော့် ဘာကြောင့် အရက်မသောက်သလဲဟူသော မေးခွန်း၏ အဖြေမှာ "အဖေအရက်သမား ဖြစ်သွားလို့ ကျွန်တော် အရက်သမားမဖြစ်တာ"ဟူ၍ပင်ဖြစ်ပါသည်။

*ချယ်ရီမဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၀၇။*

❑

mgyoe.com

mgyoe.com

# တောရွာဓလေ့ပေမို့ ပျော်မွေ့တယ် တော်ရေ တော်ရေ

ကျောင်းကုန်းညွှန့်မှူး

"ဥသြ . . . ဥသြ

ကိုင်းတာ ဘုန်းတော်ကြီးကျောင်း နံဘေး မယ်ဇယ်ပင်ကြီးထက်မှ နေးနေးမှန်မှန် ခွန်းကျူလိုက်သော ဥသြငှက်တေးသံသည် သောတအာရုံဝင်စားမိသမျှသော ရပ်သူရွာသားတို့၏ နှလုံးသွားကို ဆုပ်ဖမ်းဆွတ်ယူသကဲ့သို့ ဆွေးဆွေးမြည့်မြည့် နိုင်လှပေ၏။ ရွာရိုးတစ်လျှောက် မြင်လေရာရာ၌ အရိုးပြိုင်းပြိုင်းထ၍ သွေ့ခြောက်ခြောက်နိုင်လှသော မြင်ကွင်းနှင့် လေပွေတစ်ချက် ကန်တော့ထိုးခိုက်တွင် ဝဲကာဝေ့ကာ ချာလည် လည်လိုက်၊ မြေပြင်ရှပ်တိုက်လိုက်နှင့် လေဟုန်စီးလျက်ရှိသော ရော်ရွက်ဝါကလေးတို့၏ ဘဝဇာတ်သိမ်းခန်းမှာလည်း ဥသြငှက်တေးကြောင့် အဆွေးစိတ် ယိုဖိတ်သူကို အလွမ်းကူဖိနှိပ်သကဲ့သို့ ရှိချေ၏။ ကျောက်ခွေးနှင့် ခင်ကြည်မတို့ အိမ်ခြံဝင်းရှေ့ ဆေးရိုးပင်နှင့်ကုက္ကိုပင်အောက်တွင် နွားသားအုပ်မ 'စာဥ' တို့အသိုက်မှာ မိုးတိုးမတ်တတ်ရှိနေကြ၏။ မနက်ခင်းက သူတို့ကို တင်းကုပ်မှထုတ်၍ ကျောက်ခွေး ရေချိုးပေးရင်း သည်မှာချည်ထားခြင်းဖြစ်၏။ ပါးချပ်ကြိုးတပ်ထားသော အငယ်ဆုံးနွားလေး 'ဘို့ကြား' ကား ဟိုမှသည်မှ ပြေးချည်လွှားချည်လုပ်လိုက်၊ သူ့အမေအနီးကပ်၍ ကိုယ်နှင့် ပွတ်တိုက်လုပ်နေ၏။ သူ့အမေက သူ့ကို လျှာဖြင့်လျက်သည့်အခါ နားရွက်ကလေးထောင်၍ ပေခံနေ၏။ အကြီးနှစ်ကောင် 'ချစ်စရာ' နှင့် 'မိုက်တီး' မှာမူ တစ်ကောင်နှင့်တစ်ကောင် ထိပ်ချင်းဆိုင်၍ ဝေ့တော့ သတ်တော့မယောင် ကျီစယ်နေကြ၏။

ကျောက်ခွေးနှင့် ခင်ကြည်မတို့၏ သားဦးရတနာ မောင်ဖိုးတေမှာကား နွားတွေနှင့် မလှမ်းမကမ်း ခြံထောင့်အရိပ်တစ်ခု၌ သူ၏ဖုတ်လူးဖက်သူငယ်ချင်း တစ်အုပ်နှင့် အိမ်ဆောက်တမ်း၊ ဆိုင်းတီးတမ်း ကစားလျက် ပျော်မြူးနေ၏။

"ကိုကျောက်ခွေး"

ဆေးဗန်းရှေ့ချ၍ ပြောင်းဖူးဖက်ဆေးလိပ် လိပ်နေသော ခင်ကြည်မ၏ခေါ်သံကို နွေရှုခင်း၌ တမေ့တမောကြီး ခံစားနေသည့် ကျောက်ခွေးက မကြား။

"ကိုကျောက်ခွေး၊ တော့ ကိုကျောက်ခွေး"

ခင်ကြည်မက စိတ်မရှည်တော့သလို ခွန်းဆင့်ခေါ်လိုက်မှ "ဟေ" ဟု တစ်ချက်တုံ့ပြန်၍ ပြီးနောက် အရေးမစိုက်သည့်ဟန်ဖြင့် သူ့ကိုယ်အပြောင်သားကြီးကို ပုဆိုးတစ်ထည်ဖြင့် ယပ်ခပ်နေ၏။

"မမအုန်းကြည်တို့က ရန်ကုန်လိုက်ခဲ့ဖို့ ကျုပ်ကို ခေါ်တယ်တော့"

သည်တော့မှ ကျောက်ခွေးက မထုံတက်တေးနှင့် ငုံ့ကြည့်သည်။ ခင်ကြည်မက ကျောက်ခွေးစကားအလာကို စောင့်သည်။ သို့သော် ကြက်နှစ်တွန်စာမျှ အချိန်ထိ အသံပျောက်နေသည်။

"သလင်းလည်း ပြီး၊ အလုပ်ကလေးတွေလည်း လိပ်ပတ်လည်တုန်း"

"အေး . . . လယ်ပိုင်ယာပိုင်လေးဖြစ်လို့ ဒူးနဲ့နေရပြီလားမှတ်တယ်။ နွေအလုပ်ပြီးအောင် လုပ်ရ၊ မိုးအလုပ် ကြိုလုပ်၊ ကြိုရှာရနဲ့ စိတ်အိုက်စရာကြီး။ ဒီကြားထဲ လယ်ထွက်မကောင်းလို့ ဦးကြီးဖိုးခဆီက စပါးပေးယူထားတဲ့ တင်းအစိတ်လည်း မပေးနိုင်ဘူး။ မိုးအလုပ်မှာ မြုပ်ဖို့ငွေလည်း"

ကျောက်ခွေးဆီက သူ မျှော်လင့်သောစကားမဟုတ်သောကြောင့် ခင်ကြည်မ နှုတ်ခမ်းတင်းတင်းစေ့သည်။ ပြောင်းဖူးဖက်ဆေးလိပ်ကိုသာ စိတ်နှင့်ပွတ်သည်။ ပွတ်ရေအလိပ်မကျစ်ဘဲ အခေါင်းထွက်လေ။ ဆေးစ ဆေးရိုးစတွေက ဆေးဗန်းပေါ် တဖွားဖွား။

mgyoe.com

"တော် ဝေ့မနေနဲ့၊ ရှင်းရှင်းပြောစမ်းပါ။ ကျုပ် လိုက် မသွားရဘူးလား"

ခင်ကြည်မ ခပ်ငေါက်ငေါက်အသံကြောင့် ကျောက်ခွေး ဆတ်ခနဲ ဖြစ်သွားသည်။

"ဟေ . . . ဘာ ဘာပြောတာလဲ"

"ခက်လိုက်တာ။ ရန်ကုန်သွားရမလား မေးနေတာ တော့်"

"ဟင် . . . ဒါများလိုက်သွားလေ။ ပြောနေရသေးလား"

"သြော် . . . တတ်လည်း တတ်နိုင်တဲ့လူ။ စောစောက တော့ မိုးခေါင်သလေး၊ ရေကြီးသလေး၊ ပိုးကျသလေးနဲ့ ပက်ပါ လှည့်နေလိုက်တာ မသွားစေချင်လို့ ပြောနေတဲ့ အတိုင်း။ အံ့ပါရဲ့"

"တယ် . . . ခက်တဲ့ ခင်ကြည်မ။ တို့လယ်သမားဟာ တစ်နှစ်စာ အရှုံးအမြတ် ဒီအချိန် စာရင်းချုပ်တာဟ။ ကိုယ် ရော၊ ကိုယ့်မျက်စိအောက် မြင်ရတာရော ဘယ်မှာ စိတ်ချမ်း သာစရာ ရှိလို့လဲ။ ကဲ . . . ပြောပါဦး"

မျက်စောင်းနာနာ တစ်ချက်ထိုးရင်း ခင်ကြည်မ နေရာ မှ ဆောင့်အောင့်ထသည်။

"ပြောလည်း မပြောဘူး၊ သွားလည်း မသွားဘူး"

ကြက်တိန်ညင်မလေးခုန်သလို အိမ်တွင်းသို့ စိတ်လုပ် ဝင်သွားသော ခင်ကြည်မနောက်ကျောကို ကျောက်ခွေး အငေးသားကြည့်၍ ပြီးမှ "အဟေး . . . ဟေး" ဟု ရယ်ကျန် ရစ်လေ၏။

* * *

သည်နေ့ကား မမ မသန်းတို့အိမ်ကို အလည်ရောက်နေ သော မအုန်းကြည်တို့၊ မရင်သိန်းတို့ ရန်ကုန်ပြန်မည့်နေ့ တည်း။

တစ်နည်းဆိုရသော် ကိုင်းတာသူ ခင်ကြည်မ၊ ညွန့် ကြည်နှင့် အေးညိုလေးတို့ ရန်ကုန်ရွှေမြို့တော်သို့ ဘုရားဖူး အပန်းဖြေ အလည်အပတ်သွားမည့်နေ့လည်းဖြစ်ချေ၏။

ခင်ကြည်မ ရန်ကုန်လိုက်ဖို့တိုင်ပင်စဉ်က သားဖိုးတော အတွက် လင်မယားနှစ်ယောက်သား အလွန်ခေါင်းပူခဲ့ရသေး သည်။ ဖိုးတောကို ခင်ကြည်မနှင့် ခေါ်သွားမလား။ ချန်ခဲ့ မလား။ သားကိုလည်း မခွဲချင်။ ရေပြောင်း မြေပြောင်းမှာ ဖျားမှာနာမှာလည်း ပူရသေးသည်။ ကျောက်ခွေးကလည်း ယိုနည်းလည်းကောင်း။

လယ်ထဲဆင်းတိုင်း၊ အလုပ်သွားတိုင်း သူများအိမ် ထား ပါများ၍ ခွဲကျင့်ရနေသော ဖိုးတောကို မနေမှာလည်း မပူရ။ နို့လည်းပြတ်နေပြီမို့ ခေါ်သွားလည်းဖြစ်၊ ထားခဲ့လည်းဖြစ်၍ အစဉ်းစားရ ကျပ်နေခြင်းဖြစ်သည်။

နောက်ဆုံး သင်္ဘောမဆင်းမီ ညကျမှ . . .

"နင့်ဟာနင် လွတ်လွတ်လပ်လပ်သွားပါ ခင်ကြည်မ ရယ်။ ဖိုးတော ခေါ်မနေပါနဲ့တော့" ဟု အရေးကြီးသော အဆုံးအဖြတ်ကြီးကို ကျောက်ခွေး ပေးလေ၏။

"ခင်ကြည်မနော်။ နား၊ မျက်စိ ရှင်ရှင်ထား။ ရန်ကုန် ဆိုတာ လွယ်တာမဟုတ်ဘူး။ ငါတော့ 'ကဖိုးသာကြီး' နဲ့ ဝက်ရောင်းရင်း ရန်ကုန်တစ်ခေါက် လိုက်မိပါတယ်။ တစ်ခါ တည်း သဒ္ဓါလန်တာပဲ။ သောက်ကျိုးနဲ့ ဘုရားစူးရစေရဲ့ ဘုရားဖူးပဲ။ အဟေးဟေး တစ်ခေါက်တစ်ကျင်း ခုလို ဘုရား ဖူးသက်သက်ဆိုရင်တော့လည်း သွားလိုက်ချင်သေးရဲ့"

ခင်ကြည်မ နားထဲမှာ ကျောက်ခွေးစကားများက ဖိတ် တစ်ဝက် စင်တစ်ဝက်။ "ခင်ကြည်မတို့ ကိုယ့်သားတောင် နှုတ်ဆက်ဖော်မရဘူး။ လေတံခွန်တိုက်နေတာ" ဟု တင်ရီက မေးငေါ့သည်ကိုလည်း ခင်ကြည်မ မမြင်။

မနက် ဝေလီဝေလင်း၌ လှည်းတစ်စီးနှင့် ရွာက ထွက် သောအခါ နှင်းမြူဝေ့ဆိုင်းနေသည့် ခြုံထည်အောက်တွင် အစာနှင်နေသော မြွေကြီးတစ်ကောင်လို ဆန့်ဆန့်ကြီး လဲ လျောင်းနေသော ဇာတိချက်ကြွေ ကိုင်းတာမြေကို မျက်စိ အောက်မှာ နီးရာမှဝေး၊ ဝေးရာမှ မှိန်၊ မှိန်ရာမှ ပျောက်သည် ထိ မျက်စိတစ်ဆုံး ကြည့်နေစဉ် ခင်ကြည်မ ရင်ထဲ ဖိုသလိုလို ဘာလိုလို ဖျတ်ခနဲ ခံစားလိုက်ရသေးသော်လည်း ရန်ကုန် ဟူသော ဘာမှန်းမသိသည့် ခံစားမှုကြီးတစ်ခုက ရုတ်တရက် လပေပုပ်ဖမ်းသလို ဝါးမျိုလိုက်သည်နှင့် စောစောက ရွာ အလွမ်းစိတ်ကလေးတို့မှာ ဘိတ်ဘိတ်သား ပျောက်လေ၏။

"ဟိုကျရင် အစားအသောက် ဆင်ခြင်နော်။ မတည့်တာ တွေလည်း မစားနဲ့ဟဲ့ ခင်ကြည်မရဲ့။ ငါ့စကားများ နင် ကြား လား"

သင်္ဘောပေါ်ကို ငှက်ပျောခိုင်တွေ၊ ပဲထုပ်၊ ဆန်ထုပ် တွေ ထမ်းတင်ပေးရင်း ကျောက်ခွေး သတိပေးစကားကို ခင် ကြည်မ အမှန်ပင် နားလျှံနေခဲ့ပြီ။ အမောက်ထောင်နေသော နဂါးကြီးတစ်ကောင်လို ချောင်းရေပြင်မှာ ဦးမော့နေသော ကျုံပျော်–ရန်ကုန် နှစ်ထပ်သင်္ဘောကြီး၏ ငြိမ့်ခနဲ၊ ငြိမ့်ခနဲ အရသာက ရင်ဖိုစရာ။ သင်္ဘောပေါ်က စီးကြည့်ခွင့်ရသော ချောင်းရေဂယက်ဖွေးဖွေးလက်လက်က အသည်းတလှပ် လှပ်။ သင်္ဘောအပေါ်ထပ် ပတ်ပတ်လည်ရှိ အရှောင်အသွေး

mgyoe.com

စုံ ကျားမပျိုအိုခရီးသည်တို့၏ မြို့ဆန်သောအငွေ့အသက် အထိအတွေ့က မျက်တောင်မခတ်တမ်း ငေးမောဖွယ်။

'ဘော် . . . ဘူး . . . ဘူး . . . ဘော်'

သင်္ဘောဥသြဆွဲတော့ ခင်ကြည်မရင်ထဲက ကတုန်ကယင်။ မျက်လုံးကလည်း ဘာမျှမမြင်တော့။

"မမခင်ကြည်မ" အေးညိုလေးက လက်တို့သည်။

"ခင်ကြည်မ . . . ကျောက်ခွေး လက်ပြနေပယ်" ဟု ညွှန့်ကြည်က သတိပေးသည်။

ခင်ကြည်မ၏ နားအကြားက တစ်မျိုး။

"ကိုသိန်းတန် . . . ကိုသိန်းတန်၊ စိုး သင်္ဘောပေါ် တက်ခဲ့မယ်"

"ဟာ . . . စိုး မတက်နဲ့၊ မတက်နဲ့။ ဘယ်ဖြစ်မလဲ။ အို . . . သင်္ဘောကြီးက ခွာနေပြီ"

ကိုင်းတာလေးရွာ အောင်သိန်းအသံချဲ့စက်လက်စွဲ 'တောကရွှေငှည်သည်' ပြဇာတ်ထဲက တွံတေးသိန်းတန်နှင့် ချစ်စံပယ်တို့၏အသံများကိုသာ ခင်ကြည်မ ကြားယောင်နေသည်။ သူကိုယ်တိုင်ပင် စိုးစိုးဖြစ်ပြီး ကိုသိန်းတန်နဲ့ပဲ သင်္ဘောကြီးပေါ် လင်နောက်လိုက်ခဲ့သလိုလို။

ထိုအချိန်တွင်မူ သူ့ယောကျ်ား မထုံတက်တေး ကိုကျောက်ခွေးကိုလည်း မေ့၊ သူ့သား မောင်ဖိုးတောကို လည်း မေ့လေပြီဘည့်။

* * *

ခင်ကြည်မတို့ ဘုရားဖူးအဖွဲ့ကား သင်္ဘောထွက်စတွင် နံဘေးက ခရီးသည်များနှင့် ခပ်စိမ်းစိမ်း ခပ်ရွံ့ရွံ့ ရှိနေသေးသော်လည်း သင်္ဘောထွက်၍ အချိန်အတော်ကြာလျှင်မူကား တစ်ဦးနှင့်တစ်ဦး တရင်းတနှီးနှင့် တစ်သားတည်းဖြစ်နေလေပြီ။

မအုန်းကြည်က စီးကရက်တစ်လိပ်ကို ဟန်ပါပါရှိုက်၍ ရန်ကုန်မြို့ကြီးအကြောင်း၊ ရန်ကုန်မြို့က ပျော်ရွှင်မှုတွေ အကြောင်းကို ခုချက်ချင်း ပြေးတွေ့ချင်လောက်အောင် အာဝဇ္ဇန်းရွှင်ရွှင်နှင့်ပြောခိုက် ခင်ကြည်မနှင့် ညွှန့်ကြည်တို့က "ဟုတ်လား၊ ဟယ်" အာမေဋိတ်ကလေးတွေနှင့် ခေါင်းတညိတ်ညိတ်။ မရင်သိန်းနှင့် အေးညိုလေးတို့ အပျိုနှစ်ယောက်ကတော့ သင်္ဘောလက်ရန်းကိုင်၍ နံဘေးပတ်ဝန်းကျင်ကို ကြည့်ရင်း ဟီလာတိုက်နေ၏။

သည်လိုနှင့် စကားပြောလိုက်၊ အစားစားလိုက်၊ လက်ဖက်ရည်ကြမ်း မော့လိုက်၊ ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို မီးတဖွားဖွားနှင့် ကောက်ရှူလိုက်နှင့် အိမ်မဲ၊ ရွှေလောင်းမြို့တို့ကိုကျော်၍ မြစ်ပြင်ကျယ်ကြီးထဲ ရောက်လေလျှင် လေတဖျတ်ဖျတ်ဆော်သွေး၍ လှိုင်းတအီအီရိုက်ခတ်မှုက ချော့သိပ်လေသောကြောင့် ခင်ကြည်မလည်း မိုးပေါ်ပျံနေသော ရန်ကုန်မြို့ကြီးကို အိပ်မက်၍ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လေ၏။

"ခင်ကြည်မ . . . ခင်ကြည်မ"

"ဒီကောင်မလေး သေ သေနိုင်တယ်။ ထ ထတော့"

ခင်ကြည်မ မျက်ချေးမွှားမွှားနှင့် လူးလဲထတော့ ညွှန့်ကြည်၏ မျက်စောင်းနှင့် ပထမဆုံး မျက်နှာသစ်လိုက်ရသည်။ သင်္ဘောပေါ်တွင် အိပ်ရာသိမ်းသူ၊ ပစ္စည်းထုပ်ပိုးသိမ်းဆည်းသူများဖြင့် လှုပ်လှုပ်ရွရွဖြစ်နေ၏။

"ခင်ကြည်မ . . . ရန်ကုန်ရောက်တော့မယ်။ တွေ့လား ဟိုမှာ ရွှေတိဂုံဘုရားကြီး"

"ဘယ်မလဲ . . . ဘယ်မလဲ"

မအုန်းကြည်က သင်္ဘောလက်ရန်းမှ အရှေ့ဆီ လက်ညှိုးညွှန်သည်။

"ခင်ကြည်မကလည်း . . . ငါတောင် တွေ့တယ်။ ဟိုးက ဝင်းဝင်းပြောင်ပြောင်ကြီးဟာ"

ညွှန့်ကြည်ကပါ သူ့ကို နှာတစ်ဖျားအသာနှင့် လူတတ်ကြီးလုပ်သွားတော့ ခင်ကြည်မ အောင့်သီးအောင့်သက်။ ဒါပေသည့် ကိစ္စမရှိပါ။ အောင်မာ . . . ဟုတ်ပါရဲ့။ ကြည့်စမ်းပါဦး၊ လင်းလင်းလက်လက် မြင့်မြင့်မားမား အဆောက်အအုံကြီးတွေကို လွှမ်းမိုး၍ မိုးထိလုမတတ် စွင့်နေ မြင့်နေသော ရွှေတောင်ကြီးပါတကား။

အဝေးက ဖူးမြင်ရသည်ပင် သည်မျှ သပ္ပာယ်တင့်တယ်နေသေးလျှင် အနီးကဆိုလျှင်တော့ စာဖွဲ့ကုန်မည်မဟုတ်။ လူဖြစ်ကျိုးနပ်လေပြီတကား။ မမ မအုန်းကြည်တို့၊ မရင်သိန်းတို့ ကျေးဇူးကြီးလှ၍ ငါ ယခုလို ကံကောင်းခဲ့ခြင်းပါကလား။ ဤတစ်ချက်တည်းနှင့်ပင်လျှင် ရန်ကုန် လာရကျိုးနပ်လေပြီ။ ရွှေတိဂုံစေတီတော်ကြီးကို ခင်ကြည်မ ပြိုင်းခနဲ၊ ပြိုင်းခနဲနေအောင် ဦးသုံးကြိမ်ချသည်။

"ခင်ကြည်မရေ . . . နင့်အထုပ်အပိုးတွေ ပြင်ထား။ သင်္ဘောဆိုက်တော့မယ်"

"ဟုတ်ကဲ့"

ပစ္စည်းသိမ်းတာများ ဘာကြာမှတ်လို့၊ ခုသိမ်း ခုပြီးပါသည်။ သူ့ဝန်စည်စလည် နည်းနည်းကို ခင်ကြည်မ ကောက်ခါငင်ကာ သိမ်းသည်။ ထဘီတိုတိုပြင်ဝတ်သည်။ ခေါင်းကို

mgyoe.com

mgyoe.com

မျက်နှာသုတ်ဖူးစောင်ကြီးဖြင့် ပေါင်းသည်။ အရေးထဲကျမှ ခံတွင်းချဉ်လာပြန်သဖြင့် လက်ကြားက ပြောင်းဖူးဖက် ဆေးလိပ်ကြီးကို မီးညှို၍ မီးတဖွားဖွားကျအောင် ဖွာသည်။ ဘာကြောင့်မှန်းမသိ၊ ညွန့်ကြည်က သူမကို မျက်စောင်းလှည့်ထိုးပြန်သည်။ မရင်သိန်းနှင့် အေးညိုလေးတို့မှာကား သူတို့ပစ္စည်းများကို ဂရုမထားနိုင်သေးဘဲ မျက်နှာချေတပွတ်ပွတ်၊ တို့ပတ်တဖြန်းဖြန်းရိုက်ကာ အလုပ်ပြင်ဆဲ။

မကြာမီ သင်္ဘောကြီးက ဥသြသံရှည်ဆွဲ၍ ကမ်းကို ငြိမ့်ခနဲ ကပ်သည်။ ခရီးသည်တို့ တစ်ဦးနှင့်တစ်ဦး နင်းတော့ဖျစ်တော့မလို တိုးကြိတ်ဆင်းနေပုံက အသည်းထိတ်စရာ။ အထမ်းအလုပ်သမားတွေက လုတော့ ယက်တော့မလို ခရီးသည်ဆွယ်ပုံကလည်း နှလုံးတုန်စရာ။ အို . . . ဘယ်လိုတွေပါလိမ့်။ ခင်ကြည်မ စွန်ရဲရန်လွတ်အောင် ကြက်ပေါက်ကလေးတွေကို ကြက်မကြီးက ဖောင်ပံဖြန့်ကာသလို သူ့ပစ္စည်းလေးတွေကို သူ့ဘေးကပ်သည်ထက် ကပ်ထားသည်။

"လာဟေ့ . . . ဒို့လည်း ဆင်းကြစို့"

မအုန်းကြည်က အသံပြုလိုက်လေလျှင် ခင်ကြည်မ၊ ညွန့်ကြည်နှင့် အေးညိုလေးတို့ ရွှေစွန်ညိုဝဲသလို မအုန်း ကြည်ခါးကို ဝိုင်းဖက်တော့ မရင်သိန်းက တခစ်ခစ်ရယ် သည်။

"ဟဲ့ . . .ခင်ကြည်မ၊ နင့်ဆေးလိပ်မီးကြီးက ငါ့ထိုးမိပါ့မယ်။ ထိုးချေလိုက်စမ်း၊ ဟဲ့ . . . ထိုးချေပဆို ဘယ်လွယ်အိတ်ထဲ ထိုးနေလဲ။ အဝတ်တွေ ဓာပေါက်ဝတ်နေရမယ်... တယ်။ လာလာ ငါ့နောက်က လိုက်"

သင်္ဘောပေါ်မှ ဆင်းလာသော သူတို့ငါးယောက်သားမှာ ငါးသိတ်ကြီးနှင့်ဆွဲသလို အတွဲလိုက် အပြွတ်လိုက်ကြီးဖြစ်နေရာ လူကြားထဲ အယိမ်းယိမ်းအယိုင်ယိုင် အတိုးတိုးအခွေ့ခွေ့နှင့်ပင် ဆိပ်ကမ်းသို့ ခက်ခက်ခဲခဲရောက်လေသတည်း။

ဝေလီဝေလင်း နံနက်ခင်းမှာပင် နေ့ခင်းကြီးကြောင်တောင်အတိုင်း ထိန်ထိန်လင်းနေသော ရန်ကုန်မြို့ကြီးကို သုံးဘီးကားနောက်ခန်းမှ ကျီးကန်းတောင်းမှောက် မော့ကြည့်ရင်း ခင်ကြည်မတို့ ဘုရားဖူးတစ်သိုက် ရွှေမြို့တော်သို့ ချဉ်းနင်း ဝင်ရောက်ခဲ့လေ၏။

* * *

"ကဲ . . . တစ်ရေးတစ်မောအိပ်၊ ခဏတစ်ဖြုတ်နားပြီးရင် ခုညနေပဲ ဘုရားသွားလိုက်မယ်ဟေ့"

မအုန်းကြည်က လောဆော်သဖြင့် ခင်ကြည်မတို့အဖွဲ့ ရန်ကုန်ရောက်သည့်နေ့ချင်းမှာပင် ရွှေတိဂုံဘုရားကြီးကို အဖူးအမြော် ရောက်ခဲ့သည်။ ဓာတ်မီးရောင်တွေ တထိန်ထိန်လင်းသည့် ညချမ်းတွင် ရွှေရောင်အိအိဝင်းသော ရွှေတိဂုံစေတီတော်ကြီး၏ တင့်တယ်သောအသရေတော်ကား ဖူးမြင်သူတိုင်း၏ စိတ်နှလုံးကို ရွှင်ပြုံးချမ်းမြေ့စေပါ၏။

"ဟဲ့ . . . သောက်ပလုတ်တုတ်၊ ဒါကြီးနှစ်ကောင်က ကြောက်စရာကြီး"

အနောက်ဘက်စောင်းတန်းထိပ်က ဗိုက်ပူပူ ခါးတောင်းကျိုက်အရုပ်ကြီးနှစ်ရုပ်ကိုမြင်တော့ ညွန့်ကြည်က မရင်သိန်းလက် အတင်းဆွဲ၍အော်သည်။ ဖြတ်သွားဖြတ်လာ ဘုရားဖူးများက ခေါင်းပေါင်းတဖားဖားနှင့် သူတို့ကို ကွက်ကြည့်ကွက်ကြည့်လုပ်သည်။ အေးညိုလေးက ရှက်ဟန်ဖြင့် မအုန်းကြည်ကိုယ်နှင့်ကွယ်သည်။ မအုန်းကြည်က ညွန့်ကြည်ကို မျက်စောင်းထိုးသည်။

"ဟုတ်သားပဲ။ ဒီ မညွန့်ကြည်ကြီးကလည်း ကြောက်စရာ မဟုတ်တာကို"

သည်တစ်ခါတော့ အကွက်ဆိုက်လာသဖြင့် ညွန့်ကြည်ကို ခင်ကြည်မ သာသာထိုးထိုး လက်စားချေလိုက်သည်။

ဘုရားကို ဝအောင်ဖူးသည်။ ဘုရားရှိခိုးစာတွေ အရှည်ကြီးဆိုသည်။ ဆုတွေ တစ်မျှော်တစ်ခေါ် တောင်းသည်။ ငါရယ်၊ ကိုကျော်ခွေးရယ်၊ သားလေးဖိုးတောရယ် အောင်မလေး ကြည့်စမ်း။ ငါ့နှယ် တစ်ချိန်လုံး ရန်ကုန်ပဲ စိတ်ရောက်နေတာ ခုမှ လင်မှန်း၊ သားမှန်း သတိရတော့တယ်။ ဟီဟိ . . . ရှက်စရာ။ ထိုညတွင်းမှာပင် ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားဆီလည်း ရောက်သည်။ ကားကလေးနဲ့ဆိုတော့ ရှိတ်ခနဲ၊ ရှိတ်ခနဲ။ ရန်ကုန်မှာ လူဖြစ်ရတာ တယ်လူဖြစ်ရကျိုး နပ်လှပါကလား။ ဌာရောက်ရင်တော့ ညက်ထွေးတို့၊ မိဆေးတို့၊ မကြွယ်တို့ကို ဖောက်သည်ချရဦးမှာပေါ့။ သည်ကောင်မတွေ သွားရည်မကျနှင့်အကျ။

နောက်နေ့တွေမှာမှ မယ်လမုဘုရားနှင့် အာလိန်ငါးဆင့်ဘုရားများကို ဖူးရသည်။ တိရစ္ဆာဥယျာဉ်ကိုလည်း ရောက်သည်။ သည်ခရီးစဉ်များမှာမူ ပထမနေ့ကကဲ့သို့ လေးဘီးကားများ အစခန့်သားမစီးနိုင်တော့။ ဟီးနိုးဘတ်စ်ကားကြပ်ကြပ်ညပ်ညပ်ကြားထဲ သူတို့လည်း ရောပါသည်။

သည်တော့မှ ရန်ကုန်မြို့မှာ ကားပေါ်ရော လမ်းပေါ်မှာပါ လူတွေများနိုင်ကောဟု အပြစ်တင်ချင်စိတ်ပေါက်လာသည်။ အသက်ရှူကျပ်သည်။ ချွေးဖြိုက်ဖြိုက်ယိုသည်။ လူ့ရှေ့စေးထန်းထန်းကလည်းပင်းလာဖျစ်ထားသလို မွှန်းအိုက်အိုက်။

mgyoe.com

mgyoe.com

"ဟိုအဒေါ်ကြီး၊ လူသွားလမ်းမှာ ကန့်လန့်ကြီး လုပ်မနေနဲ့လေ"

ကားသမားလူငယ်က လူကြားထဲအော်တော့ ညွန့်ကြည် စိတ်တိုရသည့်အထဲ ဒေါသပါ ပါလာပြီး . . .

"ဟဲ့ . . . ပိုက်ဆံပေးစီးတာ။ ငါ့ဘာသာ စီးချင်သလို စီးမှာပေါ့။ နင် ပြောစရာမလိုဘူး"

"ဟားဟား ရယ်ရတယ်။ ဟာသပဲ အဒေါ်ရေ့။ အဲဒါ တောမှာ သွားပြော၊ တောမှာ"

ညွန့်ကြည်က တဟားဟားရယ်နေသော ကားသမားကို ပါးစပ် စူပွစူပွလုပ်၍ ကျိန်ဆဲသည်။ မရင်သိန်းက အသာ လက်တို့သည်။

ကားပေါ်ကအဆင်းတွင် ပြုံးသနာတက်သူကား ခင်ကြည်မနှင့် အေးညိုလေးတို့ပင်ဖြစ်သည်။

"ဟဲ့ . . . လုပ်ကြပါဦး၊ အဲဒီမှာ ငါ့ထီး ငြိကျန်ခဲ့လို့"

"သြော် . . . ဒီ ဆိပ်ကြီးခနောင်တိုက လူတွေနဲ့တော့ ခက်တော့တာပဲ။ ရော့ဗျာ၊ ရော့ . . . ခင်ဗျားထီး"

ကားပေါ်က ပစ်ချပေးသောထီးက ကတ္တရာလမ်းပေါ် ဒေါက်ခနဲမြည်အောင်ကျသည်။ ထီးနှင့် ထီးလက်ကိုင် မည်းမည်းကောက်ကောက်ကလေးကား နဖူးစာမင်ရည်ကျဲ၍ ပေတစ်ရာလမ်းပေါ်တွင် တခြားစီကွဲလေ၏။

"အို . . . တော်၊ ငါ့ထီးလေးကျိုးပါပြီ။ ငါ . . . တယ်"

"ဟဲ့ . . . ခင်ကြည်မ တော် . . . တော်"

ကားပေါ်က ပြုံးစိပြုံးစိအကြည့်တွေကြောင့် မအုန်းကြည်က ဟန့်သည်။ မရင်သိန်းက တခိခိရယ်သည်။ ကားက သူတို့ကိုထား၍ တရွေ့ရွေ့လိုမ့်သွားပြီ။ သည်မှာတွင် နောက်ဆီက ကျိန်သံဆဲသံတစ်ခု ပေါ်လာပြန်သည်။ အေးညိုလေး၊ မျက်နှာက တစ်လောကလုံးကို ရန်ထောင်တော့မည့်ပုံ။

"ကောင်မလေး ဘာဖြစ်ပြန်လဲ"

"ဘာမှမဖြစ်ဘူး။ နမ မရှိတဲ့သူတွေ"

"သြော် . . . ခက်ပါရဲ့။ ဘာဖြစ်မှန်းမသိဘဲနဲ့"

"ဘာဖြစ်ရမှာလဲ တော့်။ ကျုပ်ဖင်ကို ဆိတ်"

"တယ် . . . ဒီကောင်မလေး၊ တော် တော်။ လမ်းလျှောက်တာပဲ ကောင်းတယ်"

ခင်ကြည်မ၊ ညွန့်ကြည်နှင့် အေးညိုလေးတို့ သုံးဦးသားမှာ အသီးသီးဒဏ်ရာဒဏ်ချက်တွေနှင့်ဖြစ်၍ ခါတိုင်းနေ့လောက် ရန်ကုန်မြို့တွင် လည်ရပတ်ရသည်ကို မရွှင်ပျနိုင်တော့။ ခေါင်းမူးသယောင်၊ ဗိုက်နာသယောင်နှင့် အိမ်ပြန်ခွေနေချင်ကြပြီ။

"ကဲ . . . နောက်နေ့တွေကျရင် ကားမငှားဘဲနဲ့ မြို့ထဲ မထွက်ကြနဲ့တော့"

အိမ်ရှင် မအုန်းကြည်က သို့ကလို အမိန့်ချသည်။

* * *

"မညွန့်ကြည် . . . ကျုပ်တို့ရောက်တာ ငါးရက်တောင် ရှိပြီနော်"

ခင်ကြည်မက တိုက်ရှေ့ဝရန်တာမှာ ဆောင့်ကြောင့်ထိုင်ရင်း လမ်းပေါ်က လူသွားလူလာတွေကို ငေးလျက် တွေးတွေးဆဆပြောသည်။

"ဟုတ်တယ်။ ဘာလဲ ကောင်မ။ ညည်းလင် ကျောက်ခွေးကို သတိရနေတယ်မို့လား"

သည်လိုဆိုတော့လည်း ခင်ကြည်မ ငိုင်သွားသည်။

"သူ့သတိရလို့တော့ မဟုတ်ပါဘူး။ ဒီမှာနေရတာ အနေကျပ်၊ အသွားကျပ်၊ အသက်ရှူကျပ်နဲ့ ကျွန်မ မပျော်တော့လို့"

ခင်ကြည်မ၏အပြောကို ညွန့်ကြည်က ဟင်းခနဲ သက်ပြင်းရှည်ချရင်း "အေး ဟုတ်တယ်" ဟု လေးလေးပင်ပင်ကြီး ထောက်ခံသည်။

"မမအုန်းကြည်ကို တို့ရွာပြန်တော့မယ်လို့ ပြောရင် မကောင်းဘူးလား"

သူတို့နှစ်ယောက် ထိုင်နေသော ဝရန်တာ၏ လက်တစ်ကမ်းအကွာတွင် အိမ်ခန်းထဲမှာ ပုစွန်တုပ်တစ်ကောင်လို ကွေးနေသော အေးညိုလေးက ခိုညည်းသံဖြင့် ပြောသည်။

ယခု တစ်ရက်၊ နှစ်ရက်တွင် သူတို့ချည်း အိမ်မှာ ကျန်ခဲ့သည်။ အိမ်ရှင် မအုန်းကြည်နှင့် မရင်သိန်းတို့ ညီအစ်မက ရွာလာသောရက်၊ ရွာက ပြန်လာ ဧည့်သည်တွေ မြို့ထဲ လိုက်ပို့သည့်ရက်များ၌ ဆိုင်ပိတ်ထားတာ ကြာနေ၍ ပြန်ဖွင့်နေကြပြီ။

အိမ်မှာ အစားအသောက်ပြည့်ပြည့်စုံစုံနှင့် မငြိမငြင်ထားခဲ့လင့်ကစား သူတို့ မပျော်ရွှင်နိုင်ဘဲ တမှိုင်မှိုင်တတွေတွေ။ ကျဉ်းမြောင်းသောတိုက်ခန်းမှာ အနေကျုံ့သည်။ ပုလောင်အိုက်စပ်မှုက အသက်ရှူကျပ်သည်။ အထူးသဖြင့် သူတို့ သုံးဦးစလုံး ကသိကအောက်ရောက်သော ကိစ္စများကား ဆေးလိပ်သောက်ခြင်းနှင့် တပိုတပါးသွားခြင်းပင်တည်း။ ရန်ကုန်ရောက်ကတည်းက မအုန်းကြည်က ဆေးလိပ်မီးတဖွားဖွား ကြွေသော ပြောင်းဖူးဖက်ဆေးလိပ်ကြောင့် အိမ်ကြမ်းခင်းများ မီးကျွမ်းမည်စိုး၍ စီးကရက်၊ သို့မဟုတ် ဆေး

mgyoe.com

 mgyoe.com


ပေါ့လိပ် အသေးတစ်မျိုးကို သောက်နိုင်းသည်။ စီးကရက်ဘူးလိုက်ချတည်သည်။ ဆေးပေါ့လိပ်အထုပ်လိုက် ဝယ်ပေးသည်။

သို့သော် ပြာရည်ရွှဲအောင် သုတ်လိမ်း၍ စိမ်ပြေနပြေလိပ်ထားသော ပြောင်းဖူးဖက်ဆေးလိပ်ချိုမြမြနှင့် ခံတွင်းတွေ့ထားသော ပါးစပ်များနှင့် သည်စပ်ရှားရှားပူလောင်လောင် စီးကရက်၊ ဆေးပေါ့လိပ်အရသာက ဘယ်တိုးပါ့မလဲလေ။

သူတို့သုံးယောက် စိတ်အညစ်ညှူးဆုံးကတော့ တပိုတ်ပါးသွားချိန်ပင်တည်း။ ရွာမှာ တောခလေ့အရ တုတ်ခနောင်းနှင့် အထပ်ကျနေခဲ့သူတွေမှာ စက္ကူလည်းမသုံးတတ်၊ ရေကိုလည်း ပို၍သုံးစွဲရန် ခက်ခဲလေသောကြောင့် သည်နေရာဝင်ချိန်ရောက်တိုင်း ရွာပြန်ချင်စိတ်သာ ပေါက်ကြလေသတည်း။

* * *

*"အမှန်ပင် . . . မပြန်ချင်နိုင်ဘူးရှင် . . . သဘာဝရယ်နဲ့ အလှကြွယ်တောရွာကိုပင် . . . ပကာသနရယ် . . . ပြောစရာကိုမမြင် . . . ပြောတာကိုမယုံရင် . . . နှမငယ်တို့တောရွာလေးကို ကြုံရင် . . . ခါတစ်လှည့်ပါ အားရင် . . . စာဖွဲ့ကာ မကြွားချင်လာခဲ့ပါလား . . . လာခဲ့ပါလားရှင်"*

ရေဒီယိုမှ ညနေခင်းသီချင်းသံ လွင့်လာသည်။ သီချင်းစာသားက တောခလေ့ပေါ်လွင်သည်။ သီဆိုသူက အသံကောင်းသည်။ အဆိုပိုင်သည်။ တီးလုံးတီးကွက်က မြူးသည်။ သွက်သည်။ တောအငွေ့အသက်ကို ဖော်ကျူးနိုင်သည်။ သည်သီချင်းသံကိုကြားလျှင် အေးညိုလေးမှာ ငိုချင်ရက်လက်တို့ ရွာပြန်ချင်စိတ်ကို မတားဆီးနိုင်တော့ဘဲ ဖူးစောင်ပခုံးပေါ်တင်လျက် မျက်ရည်တရွှဲရွှဲ။

ခင်ကြည်မနှင့် ညွန့်ကြည်တို့ကား ပြုနေကျအတိုင်း တိုက်ခန်းရှေ့ဝရန်တာမှာ ဒူးပေါ်မေးတင်ရင်း ငိုင်တွေနေကြသည်။

တိုက်အပေါ်ထပ်က လှမ်းမြင်ရသောမြင်ကွင်းတွင် လူတွေ သူ့အကြောင်းနှင့်သူ စုစု စုစုသွားနေသည်ကို လယ်တောအလုပ်ခွင်က ပြန်လာသော ရွာသားတွေမျက်နှာဟု မြင်ယောင်လာသည်။ နွားရိုင်းသွင်းချိန်တွင် ရွာရိုးတစ်လျှောက်ဆူဆူညံညံအသံများ၊ ဖုတ်တထောင်းထောင်း မြင်ကွင်းများ၊ ဟိုခေါ် ဒီခေါ်အသံများ ညံနေသည်။ ထမင်းစားပွဲတွင် ငါးပိရည်ကျဲကျဲ၊ ကောက်ရိုးနွယ်ကြက်သီးဖျန်းအပြုတ်ကလေး ကိုစားချင်သည်။ အိမ်ရှေ့ကွပ်ပျစ်က လက်ဖက်ရည်ကြမ်းဝိုင်းကို လွမ်းသည်။ ညှက်ထွေးတို့၊ အေးညိုတို့နှင့် သန်းမတုတ်ရတာကြာပြီ။ ရွာကန်ပေါင်ရိုးဆီကို ရေအိုးကလေး ရွက်ကာပြေးသွားလိုက်ချင်သည်။

သူတို့မျက်နှာ ညှိုးပုံကို အကဲဖမ်းမိသော မအုန်းကြည်က စမေးသည်။

"ဟဲ့ . . . နင်တို့ ဘာဖြစ်နေကြလဲ"

"ရွာပြန်ချင်လို့ မမရဲ့"

"ဟုတ်တယ်"

"ဟေ . . . နင်တို့ပဲ လိုက်ချင်လှချည်ရဲ့ဆို။ ခု ဘယ်လိုဖြစ်ရတာလဲ"

"ဟင့်အင်း . . . ဟင့်အင်း ဘာမှမဖြစ်ဘူး။ ရွာပဲပြန်ချင်လို့၊ ဟင်း . . .ဟီး . . . ရှုတ်"

"အောင်မယ် အေးညိုလေး၊ ငိုမနေပါနဲ့ မယ်မင်းကြီးမရယ်။ ပြန်ချင် ပြန်ရမှာပေါ့။ ဒါပေမဲ့ ငါ ဆိုင်ပိတ်အောင် သုံးလေးရက်တော့စောင့်"

"အို . . . မမ မပို့နဲ့။ ကျွန်မတို့ဘာသာ ပြန်တတ်တယ်။ သဘော်ပေါ်သာ တင်ပေးလိုက်။ ရှိကြီးခိုးပါရဲ့ မမရယ်။ ရွာပြန်ချင်လှပြီ"

သူတို့သုံးယောက်သား လူမမာ ခုတ်စာတောင်းသလို အငမ်းမရဖြစ်နေသဖြင့် မအုန်းကြည်က မဲ့သည်။

"ကောင်းပါလေ့အေ။ နောက်များ ရန်ကုန်လိုက်ချင်လှချည်ရဲ့ ပြောလို့ကတော့ ဆလံပဲ"

မအုန်းကြည်၏ ဆလံဟူသောစကားအတွက် တစ်ဦးမျက်နှာတစ်ဦးကြည့်သည်။ သူတို့အကြည့်တွင် ရန်ကုန်ကိုဆယ်ခါပြန် ဆလံဟု မေးငေါ့နေသယောင်။

* * *

"ငါတော့ ရွာရောက်ရင် ရွာဆုံးရွာဖျား ပြေးပစ်လိုက်ဦးမယ်"

ရန်ကုန်သင်္ဘော ကျောင်းကုန်းဆိပ်ကမ်းဆိုက်သည်နှင့် ညွန့်ကြည်က ဤကဲ့သို့ကြွေးကြော်သည်။ ရွာလမ်းဆီကို ခြေလှမ်းညီညီ သုတ်ခြေတင်ကြသည်။ ရွာလူကြိုကိုလည်း မစောင့်။ ရွာလှည်းကြိုကိုလည်း မမျှော်။ နေမွန်းတည့်ချိန်ကြီးပေမင့် ရွာရောက်ချင်ဇောကြောင့် နေပူကိုလည်း ဂရုမထား၊ မမှုအားနိုင်တော့။

"မမညွန့်ကြည်၊ ငါ ရွာကို ပြေးသွားလိုက်ချင်တော့တယ်"

မအေးညိုလေးက လွယ်အိတ်စလွယ်သိုင်း၊ ထဘီတိုတို

mgyoe.com


ဝတ်ရင်း လက်သီးဆုပ်သည်။

"တယ် . . . ဒီအရူးမ"

"သူ မပြောနဲ့၊ မညွန့်ကြည်ရေ။ ခုမှ ကျွန်မလည်း အမောပြေတော့တယ်"

ခင်ကြည်မက ဟိုးတစ်ကွင်းကျော် ကိုင်းတာရှာတန်းရေးရေးကို လှမ်းမျှော်ကြည့်ရင်း မှိုရသောမျက်နှာနှင့် အားရပါးရပြောသည်။ ကိုယ့်အရပ်၊ ကိုယ့်မြေ ဟူသော စွမ်းအားထက်လှသော ဓာတ်အာနိသင်က သူတို့ကို တက်ကြွလန်းဆန်းစေခဲ့လေပြီ။

ကွင်းလယ် လက်ပံပင်ရိပ်ရောက်သောအခါ သူတို့သုံးဦးသား နေရိပ်ခိုရင်း နားကြသည်။ လက်ပံကိုင်းကလေးများအထက်တွင် စွေးစွေးနီသော လက်ပံပွင့်ကလေးတချို့တွဲရရွဲခိုနေ၏။ လေပြေကလေး သုတ်တော့ လက်ပံပွင့်တွေက တလှုပ်လှုပ်။

ညွန့်ကြည်က လက်ပံခက်တစ်ခက်ကို နှိမ်၍ ချူးသည်။ ပြီးနောက် နီနီစွေးစွေး လက်ပံပွင့်ခိုင်ကြီးကို ခေါင်းပေါ်တင်လျက် . . .

*"တောရွာခလေ့ပေမို့ ပျော်မွေ့တယ်တော်ရေ . . . တော်ရေ . . . တောရွာခလေ့ပေမို့ ပျော်မွေ့တယ် တော်ရေ . . . တော်ရေ . . . မိုးရွာရင် ဘာနဲ့မိုး . . . မိုးလေးရွာရင် . . . ဘာနဲ့မိုး . . . ပဒုမ္မာရွှေကြာရိုးကို . . . ထီး . . . ထီး . . . ထီးလုပ်လို့မိုး . . . ဟိုး . . . ဟိုး"*

ဟု ဘာမပြော ညာမပြောနှင့် သံကုန်ဟစ်၍ ကွေးနေအောင် ကလေလျှင် ခင်ကြည်မနှင့် အေးညိုလေးတို့လည်း မနေနိုင် မထိုင်နိုင် ပြိုင်တူထကကြလေ၏။

*ရွှေအမြုတေ၊ ဒီဇင်ဘာ၊ ၂၀၀၇*

❑

mgyoe.com

mgyoe.com

# ကင်ပွန်းတပ်မင်္ဂလာ

ကြူးနှစ်

'အရှေ့ကုန်း'မှ ကိုလှသန်း၊ မလှရီတို့၏ ပဥ္စမမြောက် ရင်သွေး သုံးလအရွယ်သမီးကလေးကို ကင်ပွန်းတပ်တော့မည်ဆိုသော သတင်းပေါ်ထွက်လာသောအခါ အရှေ့ကုန်း၏ မိခင်ရွာမကြီးဟုဆိုနိုင်သည့် ဇစ်ပင်ချောင်းမှ ရွာသူရွာသားအချို့သည် တအုံးအုံး ရယ်မောခြင်း မပြုရုံတမယ် ပြောင်လှောင်ရယ်မောကြသည်။ တချို့က မျက်နှာကြီးတွေ မဲ့ရွဲ့ရွဲ့တွလျက် သရော်ကြသည်။ အချို့မိန်းမကြီးများက နှုတ်ခမ်းတလန် ပန်းတလန်နှင့် စကားတင်းဆိုကြသည်။ ကုန်ကုန်ပြောရလျှင် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလက်ခံသူ မရှိ၊ ဇစ်ပင်ချောင်းရွာမကြီးထဲမှာတော့ ကလေးကင်ပွန်းတပ် အလှူပွဲ မကြာခဏ ကျင်းပတတ်ကြပြီး ကလေးမွေးနေ့ပွဲ၊ အခမ်းအနား ကလေးတွေလည်း မြို့ပြလူ့အသိုက်အမြုံနှင့်မခြား ကျင်းပဆင်ယင်လာတတ်ခဲ့ကြသည်မှာ ဆယ်စုနှစ် ၂ ခုစာမျှ ရှိခဲ့ပေပြီ။

ဇစ်ပင်ချောင်းရွာမကြီး၌ ဒုမင်္ဂလ(အကူး)အခမ်းအနားမှ တစ်ပါး အလှူမင်္ဂလာဆောင်၊ ကလေးကင်ပွန်းတပ်မွေးနေ့ပွဲများတွင် မဏ္ဍပ်ကို လှပခမ်းနားစွာ အလှဆင်ကြသည်။ ဗွီဒီယိုစက်များ၊ ကာရာအိုကေစက်များ၊ ဧရာမဆောင်းဘောက် အသံချဲ့စက်ကြီးများ တပ်ဆင်ကာ...၊ အကြိုညတွင် မိုးလင်းပေါက် သီဆိုကခုန်လေ့ရှိကြသည်။ အလှူရှင်မှာ ထိုသို့သော ဖျော်ဖြေရေးအစီအစဉ်အတွက် ငွေကြေးသောင်းချီ၍ အကုန်အကျခံသည်။ ဧည့်ခံကျွေးမွေးရာတွင်(အထူးသဖြင့်) ကလေးကင်ပွန်းတပ်ဆိုလျှင် ပေါင်မုန့်သကြားရည်ဆမ်းကိုလည်းကောင်း၊ စိန်လုံးကြော်ဟု ခေါ်သော မြန်မာ့ရိုးရာ မုန့်လုံးကြီးကြော်ကိုလည်းကောင်း အလျှံပယ် ကျွေးမွေးတတ်သည်။ (အထူးသဖြင့်) ကလေးကင်ပွန်းတပ်ပွဲဆိုလျှင် မင်္ဂလာဆောင်ကဲ့သို့ လက်ဖွဲ့လက်ဆောင်ပစ္စည်း၊ ငွေသားလက်ဖွဲ့များ ပေါပေါများများ မရတတ်ဘဲ ကလေးအဝတ်အစား၊ ကလေးကစားစရာ၊ ကလေးအသုံးအဆောင် တိုလီမိုလီများ ရရှိတတ်သဖြင့် 'ရှုံး'သည်ဟု ဆိုရမည်။ ငွေသိန်းချီ၍ အကုန်အကျမခံနိုင်ဘဲ ကင်ပွန်းတပ်ပွဲ ကျင်းပလေ့မရှိကြ။

ကိုလှသန်းလို လယ်ပိုင်ယာပိုင် ကျွဲ၊ နွားပိုင်မရှိဘဲ တဲကုပ်သာသာ ဝါးအိမ်ကလေးနှင့် နေရသော လယ်ကူလီ (သူရင်းငှား)က ကလေးကင်ပွန်းတပ်မည်ဟုဆိုသောအခါ ဇစ်ပင်ချောင်းရွာမကြီးက ကြေးရတတ်တွေ ရယ်ပွဲဖွဲ့စရာ ဖြစ်နေတော့သည်။ တချို့ကဆိုလျှင် 'လှသန်း အရူးပဲ'ဟု နှစ်နှစ်နာနာ ဝေဖန်ကြ၏။ စင်စစ်...သမိုင်းအကြောင်းအရ ဇစ်ပင်ချောင်းရွာမကြီးသည် အရှေ့ကုန်းကို နှစ်တစ်ရာနီးပါး အထင်သေး၊ အမြင်သေး ရှုမြင်ဆက်ဆံခဲ့ကြသည်။

အရှေ့ကုန်းမြေနေရာသည် ရှေးအခါက ဇစ်ပင်ချောင်းရွာမကြီးတည်ခါစက သုသာန်မြေဖြစ်ခဲ့သည်။ သုသာန်မြေတစ်ကြောသည် မြေသြဇာအလွန်ကောင်းသဖြင့် သုသာန်ကို ရွှေ့ပြောင်းပြီး လယ်တည်သူက တည်ကြသည်။ ရွာမကြီးထဲမှ မြေပိုင်မရှိသူက (ဘယ်သူမှမပိုင်သော No man's land) သုသာန်နေရာဟောင်းကွက်လပ်မှာ အိမ်ဆောက်၍ နေလာခဲ့ကြရာက၊ မူလက သုသာန်ကုန်းဟု ခေါ်ခဲ့ကြရာက၊ လွတ်လပ်ရေးခေတ်တွင် 'အရှေ့ကုန်း'ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ရာ ယင်းအမည်သည် နိုင်ငံတော်မြေစာရင်းရုံးတွင် တရားဝင်တည်ရှိသွားခဲ့သည်။

အရှေ့ကုန်း၏ သက်တမ်း နှစ်တစ်ရာကျော်လာခဲ့သည့်တိုင် ဘယ်တုန်းကမှ အိမ်ခြေ ၃၀ ထက် မကျော်ခဲ့။ ယခုလက်ရှိမှာလည်း နွမ်းပါးသော မိသားစုများ၏ ခနော်နီခနော်နဲ့ အိမ်ခြေ ၃၂ လုံးသာ ရှိနေသည်။

ထိုအိမ်ခြေ ၃၂ လုံးထဲတွင် ကိုလှသန်း၏ ဝါးအိမ်ကလေးက အစုတ်ချာ အဟောင်းဆုံးဟု ဆိုနိုင်သည်။ သူ့အိမ်

mgyoe.com

mgyoe.com

တွင် အခန်းဟူ၍မရှိ၊ မြေစိုက်အဖီ တစ်ဆောင်ချထားကာ ထိုအဖီမှာ ထမင်းဟင်းချက်ပြုတ်သည်။ အိမ်ပေါ်က တစ်ပြေးညီ ဝါးကြမ်းပြင်ပေါ်မှာ မိသားစု အိပ်ကြ၊ စားကြ ညေ့သည်လာလျှင် ဧည့်ခံကြသည်။ အထူးခြားဆုံးမှာ အိမ်ရှေ့ပိုင်းတွင် အကာအရံမရှိ၊ တံခါးမရှိ ဟင်းလင်းဖွင့်ထားခြင်းဖြစ်၏။ ခြံစည်းရိုးဟူ၍လည်း မရှိ။ ဘေးဘယ်ညာအိမ်နှစ်လုံး၏ ခြံစည်းရိုးနှစ်တန်းကသာ ဝန်းရံကာဆီးထား၏။ အိမ်ရှေ့သို့ထွက်လျှင် မြေသားလူသွားလမ်း၊ အိမ်နောက်သို့ထွက်လျှင် လယ်မြေကွင်းပြင်သာ ဖြစ်သည်။ ကျွဲနွားမရှိသဖြင့် တင်းကုပ်မရှိ၊ ထင်းလှောင်သော ထင်းတဲ၊ ထင်းတဲနှင့်ကပ်လျက် ဒယိမ်းဒယိုင် ဝက်တဲကလေးသာရှိသည်။ ကိုလှသန်းက ဝက်တွေကို ခြံလှောင်၍ မမွေးဘဲ လွှတ်ထားသဖြင့် သူ့ခြံတစ်ဝင်းလုံး ဝက်ချေးတွေ ပွံ့နှံ့နေကြသည်။

လူဆင်းရဲတို့၏ ဂုဏ်အင်္ဂါအဖြစ် သူတို့ဇနီးမောင်နံနှစ်ဦးစလုံး အသားအရည် ညိုညစ်ညစ်၊ အဝတ်အဆင် ပေစုတ်စုတ်နှင့်ဖြစ်ကြသလို၊ ကလေးအကြီးလေးယောက်မှာလည်း မည်းမည်းသည်းသည်း၊ စုတ်တီးစုတ်ချာ သွင်ပြင်များရှိကြသည်။ အမှန်ပြောရလျှင် ကိုလှသန်းတို့မိသားစုကို အရေးတယူ ဆက်ဆံကြသူများမှာ ဘဝတူလယ်ကူလီများသာ ဖြစ်ကြသည်။ ချောင်ချောင်လည်လည်ရှိကြသည့် ဆွေမျိုးအရင်းအခြာများကပင် ကိုလှသန်းတို့ကို ဆေးဖော်ကြောဖက် မလုပ်ကြသဖြင့် သူစိမ်းတရံတွေက ဘယ်လိုဆက်ဆံကြမည်၊ ဘယ်လိုသဘောထားကြမည်ကို အထူးပြောစရာမလိုတော့။

ဘယ်လိုမဆို...ကိုလှသန်းက အကျင့်စာရိတ္တ ဖြူစင်ပြီး လူတိုင်းကို ရိုးရိုးဖြောင့်ဖြောင့် ဆက်ဆံပြောဆိုတတ်၏။ ဇနီးမလှရီကလည်း စကားနည်းနည်းသာ ပြောတတ်ပြီး အေးအေးငြိမ်ငြိမ်နေတတ်သည်။ ဆင်းရဲနွမ်းပါးသဖြင့် ဆွမ်းခံကြသော ကိုရင်ကလေးတွေကို ပုံမှန်ဆွမ်းလောင်းနိုင်ရုံကလွဲ၍ သူတို့အိမ်ထောင်သက်တမ်းတစ်လျှောက်...ထင်ရှားသောအလှူအတန်း မပြုနိုင်ခဲ့ကြ။ သားအကြီးဆုံး ၁၂ နှစ်သားက ရှင်ပြုနိုင်သော အရွယ်ရောက်ပြီဖြစ်သော်လည်း ရှင်ပြုအလှူပေးနိုင်ဖို့ သူတို့ အင်အားမရှိကြသေး။ သို့ရာတွင် ပဋ္ဌမမြောက် ရင်သွေးသမီးကလေးကျမှ ကင်ပွန်းတပ်မင်္ဂလာအလှူပွဲပေးမည်ဟု ကိုလှသန်း ကြေညာလိုက်သောအခါ ကြားရသူတိုင်း နဖူးတိမ်တောင်ဖြစ်ကုန်ကြသည်။ အချို့က အနောက်အပြောင်အပြောအဆိုမရှိသော ကိုလှသန်း ထူးထူးဆန်းဆန်း ပြက်လုံးတစ်လုံးထုတ်ပြီဟုပင် ထင်မှတ်ခဲ့ကြသည်။

အရှေ့ကုန်းသားတွေက ကိုလှသန်း၏ စကားထက် သူ့ဇနီးမလှရီ၏ စကားကို ပိုမိုယုံကြည်ကြဟန်ရှိသည်။

'ဟဲ့ လှရီ၊ နင့် နောက်ဆုံးမွေးတဲ့ကလေး ကင်ပွန်းတပ်မလို့ဆို ...'

'အင်း...'

'ဘယ်နေ့လဲ...ဟဲ့'

'ရက် မရွေးရသေးပါဘူးတော်'

'ဘာကျွေးမှာလည်း ပေါင်မုန့်သကြားရည်ဆမ်းလား'

'ဘာကျွေးရမှန်း မသိပါဘူးတော်'

တစ်နေ့ ကိုလှသန်းသည် ဇစ်ပင်ချောင်းရွာမကြီးထဲသို့ ရောက်သွားရာ ခေတ်မီကာရာအိုကေစက်၊ အသံချဲ့စက်များ ငှားရမ်းသူ ဆွေမျိုးနီးစပ်တစ်ယောက်နှင့်တွေ့သည်။

'လှသျှန်း...မင်းကလေး ကင်ပွန်းတပ်မလို့ဆို'

'ဟုတ်တယ်ဗျ..'

'မင်း ငှားမယ်ဆိုရင် ငါ့စက်တွေ အထူးလျှော့ဈေးနဲ့ ငှားမယ်ဟေ့။ သူများတွေဆိုရင် တစ်ည သုံးသောင်းယူတယ်၊ မင်းဆိုရင်တော့ နှစ်သောင်းနဲ့ လိုက်မယ်...။'

'အရည်မရ အဖတ်မရအတွက် ငွေပိုအကုန်မခံနိုင်ဘူးဗျ'

ကာရာအိုကေစက်ငှားသူသည် ရုတ်တရက် စိတ်ခုသွားသော်လည်း ချက်ချင်းပင် ရယ်ချင်စိတ်ပေါက်လာပုံရသည်။

'ဟား..ဟား ဟုတ်တာပေါ့ကွာ၊ ကာရာအိုကေဆိုတာက အရည်လည်းမရ၊ အဖတ်လည်းမရ အသံပဲရတာကိုး။ ကဲ..ကဲ ငါက အလကားကူညီမယ်ကွာ။ မင်းက ဘက်ထရီသွင်းခပဲ စိုက်...'

'နေပါစေဗျာ၊ ဘုန်းကြီးကျောင်းက အသံချဲ့စက်နဲ့ ဘက်ထရီ အလကားရမှာဗျ။ ဘုန်းကြီးကျောင်းက စက်နဲ့ တွဲတေးသိန်းတန်တို့ ဟသ်ာတထွန်းရင်တို့ ဖွင့်တာပဲ ကောင်းပါတယ်'

စက်ငှားသူက မသိမသာမျက်မှောင်ကြုတ်ပြီး ထွက်သွားသောအခါ ကိုလှသန်းကလည်း တံတွေးတွေ လမ်းပေါ်သို့ ဖွီးခနဲ ထွေးချပြီး ရေရွတ်လိုက်သည်။

'ကာရာအိုကေ လုဆိုရင်း လူငယ်တွေ ခဏခဏ ရန်ဖြစ်ကြတာကို သူ မစဉ်းစားဘူးလားမသိဘူး။ ပိုက်ဆံရှိပြီး ဦးနှောက်မရှိတဲ့ အလကားလူ....'

ကိုလှသန်းသည် မျိုးရိုးစဉ်ဆက် ဆင်းရဲနွမ်းပါးမှုဒဏ်ခံလာသော လယ်ကူလီတစ်ဦးဖြစ်သည့်တိုင် လယ်ရှင်ငွေရှင်တွေကို ဆက်ဆံရာ၌ ဒူးထောက်ခယတတ်သူ မဟုတ်။ သူက (သူမှန်သည်ဟု ယူဆလျှင်) ရိုးဖြောင့်ရှင်းပြတ်စွာ ပြောတတ်

သည်။ ထို့ကြောင့်လည်း ရွာကြေးရတတ်များက ကိုလှသန်းကို 'လူနေချုံကြား၊ စိတ်နေဘုံဖျား'စာရင်းသွင်းကာ ခပ်ကင်းကင်း ဆက်ဆံကြသည်။

လူနေချုံကြား၊ စိတ်နေဘုံဖျားသမားဆိုသည်မှာ ချုံကြားမှာ အတူတူနေသူများနှင့် စိတ်ဝမ်းညီမျှ သင့်တင့်သော်လည်း ကိုလှသန်းကတော့ ချုံကြားသမားအချင်းချင်းနှင့်ပင် စိတ်သဘောထားတိုက်ဆိုင်သူမဟုတ်။ သူ၏ ခြေရင်းအိမ်နှင့် ခေါင်းရင်းအိမ်တို့မှာ သူနှင့်ဆွေရိပ်မျိုးရိပ်မကင်းဘဲ သူ့နည်းတူ လက်လုပ်လက်စား မိသားစုများသာ ဖြစ်ကြ၏။ သို့သော် ကိုလှသန်းက ခပ်ကင်းကင်းနေပြီး မှန်တန်းဆက်ဆံသည်။

'ဟေ့..လှသန်း၊ မင်းကလေး ကင်ပွန်းတပ်မှာ ဘာကျွေးမလဲ'ဟု ခေါင်းရင်းအိမ်မှ ဘုရားတရား ကြည်ညိုပြီး ဘုရားသွား ကျောင်းတက် ဝတ်မပျက်သော ဦးဖိုးချွန်က မေးသည်။

'လာစားတော့ သိလိမ့်မပေါ့ဗျာ'ဟု ကိုလှသန်းက အေးစက်စက် ပြန်ပြောရာ ဦးဖိုးချွန် နှာခေါင်းရှုံ့ပြီး လှည့်ထွက်သွားသည်။ ကိုလှသန်းကလည်း 'ပါးစပ်ကသာ ဘုရား၊ ဘုရား အလှူတွေလိုက်စားလိုက်၊ ဘုန်းကြီးကျောင်းတွေလှည့်စားလိုက်နဲ့ အလကားရရင် ရေတောင်အန်ထွက်အောင် သောက်တဲ့လူကြီး'ဟု မေတ္တာပို့လိုက်၏။ မှန်သည်။ ဦးဖိုးချွန်သည် သူ၏ မွေးနေ့တိုင်း သက်သက်လွတ်စားသည်ဟု ကြေညာထားပြီး ထိုနေ့မှာ အလှူ အကျွေးအမွေးရှိလျှင်တော့ အစိဋ္ဌာန်ဖျက်ရမှာ ဝန်မလေး။

'ကင်ပွန်းတပ်မှာ ဘာကျွေးမှာလဲ မောင်လှသန်း'ဟု ခြေရင်းက အမယ်အို မုဆိုးမကြီးဒေါ်ယုံက မေးလာပြန်သည်။ ထိုအဘွားကြီးကိုလည်း ကိုလှသန်းက ဘဝင်မတွေ့လှ။ အဘွားကြီးက အသက် ၈၀ နားကပ်နေပြီဖြစ်သော်လည်း သန်တုန်းမြန်တုန်း၊ စားနိုင်သောက်နိုင်တုန်းဖြစ်၏။ အလှူအတန်းအကျွေးအမွေးရှိလျှင် ဒေါ်ယုံသည် သနပ်ခါးဖုံဖုံလူး သဘက်စကလေး ပခုံးပေါ်တင်၍ ဝါးတောင်ဝှေးကလေး ထောက်ကာ ဆာလောင်မွတ်သိပ်သော မျက်နှာထားဖြင့် ရောက်လာတတ်သည်။ အလှူအတန်း မရှိလျှင် လက်ဖက်နှင့် ထန်းလျက် ဧည့်ခံနိုင်သောအိမ်များသို့ တောင်ဝှေးတစ်ချောင်းနှင့် လှည့်လည်နေသူဖြစ်သည်။

'ကျန်းမာရေးသားချက်ကျွေးမှာဗျ'ဟု ကိုလှသန်းက ခပ်တည်တည် ဖြေသည်။

'ဆိတ်ခေါင်းတုံးသားလေဗျာ...'

'ပေါက်ပေါက်ရှာရှာတော်... ဆိတ်ခေါင်းတုံးသားရယ်လို့၊ ဆိတ်ပဲ...ခေါင်းတုံးဆိုတာ ရှိပါ့မလား။ ဆိတ်မှန်ရင် ချိုနဲ့ချည်းပဲ...'

'ခွေးလေးယုံက ဗဟုသုတ နည်းတာကိုး။ ဆိတ်ခေါင်းတုံးဆိုတာ သုနက္ခလို့ ပါဠိလိုခေါ်သဗျာ၊ မြန်မာလိုတော့ ခွေး...'

"တော်ပဲ့...."

အဘွားကြီး လှည့်ထွက်သွားသောအခါ ကိုလှသန်းက ခနိုးခနဲ့ ပြုံးလိုက်၏။ အားအားရှိ အိမ်ပေါက်စေ့ ဝင်ပြီး အာလာပ သလ္လာပပြောသလိုလို ဘာလိုလိုနဲ့ လက်ဖက်ရည်ကြမ်း သောက်လိုက်၊ လက်ဖက်ဝါးလိုက် လုပ်နေတဲ့ သက်ကြားအိုကြီးဟု စိတ်ထဲက မေတ္တာပို့သည်။ အိမ်ချင်းကပ်နေသော်လည်း ဒေါ်ယုံသည် ဖြစ်ကတတ်ဆန်း ချက်ပြုတ်စားနေကြရသော ကိုလှသန်းတို့ထံ တစ်နှစ်ကြာလို့ တစ်ခေါက်ဝင်ထွက်သူမဟုတ်။

ဤသို့ဖြင့် အရှေ့ကုန်းသား ဦးလှသန်း၏သမီး ကင်ပွန်းတပ်တွင် မည်သည့်အစားအသောက်ဖြင့် ဧည့်ခံကျွေးမွေးမည်ဆိုသော သတင်းကို ဘယ်သူမှ ကြိုတင်၍ မရခဲ့ကြ။ ကင်ပွန်းတပ်ပွဲအကြိုနေ့ကျမှသာ အရှေ့ကုန်းရွာသားတွေကော၊ ဖစ်ပင်ချောင်းရွာသားတွေပါ သိခွင့်ရခဲ့ကြသည်။ ထိုနေ့တွင် ကိုလှသန်း၏ ညီဝမ်းကွဲတစ်ယောက်သည် အနီးဝန်းကျင်ရွာများမှ ကိုလှသန်းဖိတ်ကြားခိုင်းသူများထံ တစ်အိမ်တက်ဆင်း လိုက်လံဖိတ်ကြားနေသည်။ ဖစ်ပင်ချောင်းရွာထဲ၌မူ အရက်ချိုး ကိုဖိုးလုံးကို အရက်တိုက်၍ 'ဗျို့'ဟစ်ကြေညာ ဖိတ်ကြားသည်။

'မနက်ဖြန် မနက်၊ အရှေ့ကုန်း၊ ဦးလှသန်းနေအိမ်သို့ ကလေးကင်ပွန်းတပ်အလှူပွဲ ကြွရောက်ကြပါဗျို့၊ ..အထူးသိစေရန်မှာ လက်ဆောင်လက်ဖွဲ့ လုံးဝ ယူမလာကြပါနဲ့ ခင်ဗျာ'ဟု ကိုဖိုးလုံးက အာလေးလျှာလေးကြီးဖြင့် အော်သည်။

'ဘာကျွေးမှာလဲဟေ့ ...ဖိုးလုံး'ဟု တစ်ယောက်က အိမ်ထဲမှ လှမ်းမေးသည်။

'ဝက်သားဟင်းနဲ့ ထမင်းကျွေးမတဲ့ဗျ'

'အဟုတ်လားကွ'

'လှသန်းက သူ့အိမ်က အချိန် ၈၀ ကျော်ထွက်မယ့် ဝက်မကြီးကို သတ်ကျွေးမှာဗျ..'

ကြားရသူတွေ မအံ့သြဘဲ မနေနိုင်ကြ။ ဝက်သားတစ်ပိဿာ ၃၀၀၀ ကျပ်ဈေးပေါက်နေချိန်တွင် ပိဿာချိန် ၈၀ ကျော် ချက်ကျွေးမည်ဆိုပါက ဆီ၊ ငရုတ်၊ ကြက်သွန် အဆာပလာ

mgyoe.com

mgyoe.com

စရိတ်ကို ဖယ်လိုက်ဦး၊ ဝက်သားတန်ဖိုးချည်း ၂ သိန်း ၄ သောင်း မဟုတ်ပါလား။

'လှသန်း...အရှုံးပဲ' ဟု တစ်ယောက်က ရှုံ့ချသည်။

'သူ့စိတ်ကူးနဲ့သူ သူ့ပစ္စည်း သူလုပ်တာပဲကွ။ တို့က ဘာပူစရာရှိလဲ။ သူ ကျွေးတာ သွားစားရုံပေါ့'ဟု ပြောသူက ပြောသည်။

ထိုနေ့တွင် ကိုလှသန်းက သူ့ခြံဝင်းထဲမှာ မဏ္ဍပ်ထိုးသည်။ မဏ္ဍပ်မှာ အလှအပအဆင်တန်ဆာ ဘာမျှမပါ။ ဝါးတိုင်များထူ၊ ဝါးတန်းများ ဆက်၍ အပေါ်က သက်ကယ်များ ခပ်ကျဲကျဲမိုးလိုက်သည်။ မဏ္ဍပ်ထဲက မြေကြီးပေါ်မှာ ဘုန်းကြီးကျောင်းက ငှားလာသော နီးကြောဖျာကြမ်းကြီးများ ခင်းလိုက်၏။ မဏ္ဍပ်နှင့်တွဲလျက် အိုစာယိုင်ယွဲ့နေသော ကိုလှသန်း၏ အိမ်စုတ်ကလေးမှာ လောကကို ပမာမခန့် လုပ်ပြနေသည်နှင့်ပင် တူနေသည်။

ညနေပိုင်းတွင်..ဘုန်းကြီးကျောင်းမှ ငှားရမ်းလာသော လော်စပီကာ ဟွန်းကြီးနှစ်လုံးနှင့် အသံချဲ့စက်ကို စတင်ဖွင့်လှစ်သည်။ ဟွန်းနှစ်လုံးစလုံးကို ကိုလှသန်းက သူ၏ဆွေမျိုးအများစုနေထိုင်ရာ ဇစ်ပင်ချောင်းရွာမကြီးဘက်သို့ လှည့်ထားစေပြီး တွံတေးသိန်းတန်၊ ဟသ်ာတထွန်းရင်၊ မောင်မောင်ညွှန့်၊ ရီရီသန့်၊ နီနီဝင်းရွှေတို့၏ မြန်မာသံတေးသီချင်းများ ဆက်တိုက်ဖွင့်စေသည်။

'ဟဲ့...မောင်လှသန်း၊ မင်းသမီးကလေးကို ဘယ်လိုနာမည်မှည့်မှာလဲ'ဟု စပ်စုတတ်သော အဘွားကြီးတစ်ယောက်က ချွေးတစ်လုံးလုံးနှင့် အလုပ်များနေသော ကိုလှသန်းအား လာမေးသည်။

'အထွေးဆုံးသမီးဆိုတော့ မထွေးလေးလို့ မှည့်လိုက်ပြီဗျ'ဟု ကိုလှသန်းက ဖြေလိုက်ရာမှာ အဘွားကြီးမှာ သူမမျှော်လင့်ထားသလို ခေတ်ဆန်ဆန် နာမည်မဟုတ်သဖြင့် 'ဟင်'ဟု အာမေဋိတ်သံ မြည်လာသည်။

မကြာမီ အသံချဲ့စက်မှ ကြေညာသံပေါ်ထွက်လာ၏။ ကိုလှသန်းပြောခိုင်းသည့်အတိုင်း စက်အော်ပရေတာ ကာလသားခေါင်းက အော်ပေးရခြင်းဖြစ်သည်။

အရှေ့ကုန်းရွာနေ ကိုလှသန်း၊ မလှရီတို့၏ပဉ္စမမြောက်နဲ့ အထွေးဆုံး သမီးရတနာလေးကို မထွေးလေးလို့နာမည်မှည့် ကင်ပွန်းတပ်လိုက်ပါပြီတဲ့ခင်ဗျာ၊ ယနေ့မှစ၍ မထွေးလေးလို့ ခေါ်ကြပါဗျို့...'

ထိုကြေညာချက်ကို သီချင်းတစ်ပုဒ်အဆုံး နောက်သီချင်းမဖွင့်မီစပ်ကြား၌ ကြေညာသူက ပြောပြပေးနေရာ ည ၁၀ နာရီ စက်နားချိန်ရောက်သော် ကလေး၏ မထွေးလေး ဆိုသော နာမည်ကို ရွာနီးချုပ်စပ်တွင် မကြားသူမရှိသလောက် နားစွဲသွားကြတော့သည်။

'ရှုံးလည်းရှုံးတဲ့ လှသန်းပဲဟေ့'ဟု လူကြီးပိုင်းက စကားတင်းဆိုကြသော်လည်း ကိုလှသန်းကတော့ မိမိ၏ရင်သွေးကို ဖိတ်စာမကုန်ဘဲ ဗေဒင်ဆရာ နာမည်ရွေးခမကုန်ဘဲ ကင်ပွန်းတပ်နိုင်ခဲ့သဖြင့် အကြီးအကျယ် ကျေနပ်နေလေသည်။

ည (၇) နာရီလောက်တွင် ကိုလှသန်းတို့ အိမ်နောက်ဘက် လယ်ကွင်းအစပ်၌ ဝက် 'ပေါ်'ကြသည်။ ဝက်ကောင်ကို ဖျက်ရင်း၊ ချက်ရင်း၊ လှီးရင်း၊ ဖြတ်ရင်း ချက်ပြုတ်ဖို့ စီစဉ်ကြသည်။ ဝက်သားချက်ရန် မိုးဖြဒယ်အိုးကြီး လေးလုံး အသင့်ပြင်ထားပြီဖြစ်၏။ ချက်ပြုတ်ကြမည့် အမျိုးသမီး အုပ်စုမှာ သစ်သားယောက်မကြီးတွေ၊ ဇွန်းကြီးတွေ ကိုင်လျှက် လှုပ်ရှားဆူညံနေကြသည်။

ကိုလှသန်း၏ နေအိမ်အနောက်ဘက် လယ်ကွင်းအစပ်တွင် မိုးဖြဒယ်အိုးကြီး ခြောက်လုံးအောက်မှ မီးဖိုကြီး ခြောက်ဖိုသည် တစ်ညလုံး မီးတရဲရဲတောက်လောင်လျက်ရှိကြသည်။ ထမင်းဟင်းချက်ပြုတ်နေကြသည့် ယောကျ်ားမိန်းမ ဦးရေ ၂၀ ခန့်မှာ ငရဲပြည်မှ ငရဲဝန်ထမ်း၊ ငရဲသားများလို မီးဖိုကြီးများ တစ်ဝိုက်တွင် ချွေးတလုံးလုံးဖြင့် ရွှေ့လျားလှုပ်ရှားရင်း အော်ကြီးဟစ်ကျယ် စကားပြောနေကြသည်။ မဏ္ဍပ်ထဲရှိ လျှပ်စစ်မီးချောင်းအလင်းရောင်အောက်တွင်မူ လူလတ်ပိုင်းနှင့် လူငယ်ပိုင်းသာ လက်ဖက်ရည်ဝိုင်းဖွဲ့ရင်း ရောက်ရာပေါက်ရာ စကားစမြည် ပြောဆိုလျက်ရှိကြသည်။ ကိုလှသန်းသည် ပိုက်ဆံထည့်ထားသော လွယ်အိတ်ကြီးကို စလွယ်သိုင်းလွယ်လျက်၊ အိမ်ရှေ့မဏ္ဍပ်နှင့် နောက်ဖေးမီးဖိုချောင်ဆီသို့ ကူးသန်းလူးလာလျက်ရှိသည်။ သူသည် လယ်ယာ အလုပ်ခွင်မှာ ဝတ်ဆင်လေ့ရှိသည့် စွပ်ကျယ်ချိုင်းပြတ်အဟောင်းနှင့် ချည်လုံချည်တစ်ပတ်နွမ်းကိုသာ ဝတ်ဆင်ထားပြီး ဖိနပ်စီးမထား။ သူ့ဇနီးမလှရီကလည်း သူမကို များသောအားဖြင့် မြင်တွေ့ရလေ့ရှိသော ပုံစံအတိုင်း ဆံပင်စုတ်ဖွား၊ ထဘီရင်ရှားဖြင့် ကလေး(မထွေးလေး)ကို ရင်ခွင်ထဲမှာပိုက်ကာ သူမအနီးသို့ ရောက်လာသူတိုင်းကို ဧည့်ထောက်ခံစကားပြောနေသည်။

ခေါင်းရင်းအိမ်မှ တရားသမား သက်သတ်လွတ်သမားကြီး ဦးဖိုးချွန်မှာ ကိုလှသန်းတို့ခြံဝင်းဘက်သို့ လှမ်းလှမ်းကြည့်ရင်း ....

'ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ ကောင်စားမျိုး အဝိစိ

mgyoe.com

mgyoe.com

ချိုးကပ်မယ့်ကောင်' ဟု ခပ်တိုးတိုးရေရွတ်လျက်ရှိသည်။ သို့သော် တစ်ချက်တစ်ချက် သူ၏ ဂန္ဓာရုံသို့ တိုးဝှေ့လာသော ဝက်သားဟင်းနံ့ကြောင့် သူသည် အခါမဟုတ် ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံစားနေရရှာလေ၏။

ခြေရင်းအိမ်မှ မုဆိုးမအဘွားကြီးဒေါ်ယုံသည်လည်း ပြဿနာတစ်ရပ် ကြုံတွေ့နေရသည်။ သူမသည် ည ၉နာရီခန့်မှစ၍ ဝမ်းဗိုက်ထဲတွင် တရစ်ရစ်နာကျင်ကာ မကြာခဏဝမ်းသွားလျက်ရှိသည်။ သူမ အိမ်သာပေါ်၌ထိုင်နေစဉ် ကိုလှသန်းတို့ခြံဘက်မှ ဝက်သားဟင်းနံ့လှိုင်းကြီးသည် အိမ်သာမှ အနံ့ဆိုးများကိုပင် ဖယ်ရှားဖုံးလွှမ်းသကဲ့သို့ ထင်မှတ်ရသည်။

'ခဲလေသမျှ သဲရေကျပါပဲတော်...ဝက်သားဟင်းကိုတော့ လက်လွှတ်ရပါပြီ' ဟု အဘွားကြီးသည် ငိုမိလုလု ခံစားချက်ဖြင့် ကြိတ်၍ ညည်းရှာသည်။

နံနက် ၅ နာရီခန့်တွင် ထမင်းဟင်းများ ချက်ပြုတ်ပြီးစီးသွား၍ အချက်အပြုတ်အဖွဲ့မှ အမျိုးသမီး၊ အမျိုးသားများ အိမ်ပြန်သွားကြသည်။ ယောကျ်ားသုံးလေးယောက်သာ ဟင်းအိုးကြီးများအနီး မြေပြင်ပေါ်တွင် ဖျာခင်း၍ အိပ်စက်ကျန်ရစ်ခဲ့ကြသည်။ အိမ်ရှေ့မဏ္ဍပ်အောက်တွင်လည်း အိပ်ပျော်နေသော အသံချဲ့စက် အော်ပရေတာ နှစ်ယောက်မှအပ လူသူဆိတ်သုဉ်းလျက်ရှိ၏။ ကိုလှသန်း၏ ခနော်ခနဲ့ အိမ်ပေါ်တွင်လည်း ဆွေမျိုးဧည့်သည်နှစ်ဦး အပါအဝင် ကိုလှသန်း၏ ကလေးအကြီးလေးယောက်တို့ တုံးလုံးပက်လက် အိပ်နေကြတုန်း ဖြစ်သည်။

ကိုလှသန်းမှာ ၂၄ နာရီ ကျော်ကျော်ကြာသည့်တိုင် တစ်မှေးမျှ မအိပ်သေး။ မဏ္ဍပ်ထဲတွင် အမှိုက်တွေကောက်ပြီး တံမြက်စည်းလှဲနေသည်။ တစ်ခါတစ်ရံ နောက်ဖေးရှိ ဝက်သားဟင်းအိုးကြီးများကို ပြေးကြည့်သည်။

ကိုလှသန်းက ဟင်းအိုးကြီးများအနီး ရပ်ငေးနေစဉ် သူ့ဇနီး မလှရီသည် ဆံပင်စုတ်ဖွားနှင့် အူယားဖားယား ပြေးလာပြီး လင်ယောကျ်ားကို လက်ကုတ်ခေါ်ကာ အိမ်ပေါ်သို့ နှစ်ယောက်သား ရေးကြီးသုတ်ပျာ တက်သွားကြသည်။ သူတို့လင်မယားသည် ပေါက်ပြဲညစ်နွမ်းနေသော ခန်းဆီးလိုက်ကာကြီးနောက်မှ အိပ်ခန်းကျဉ်းကျဉ်းကလေးထဲသို့ အမောတကော ဝင်သွားကြပြန်၏။

'ညဦးပိုင်းက နဖူးလေးတွေ၊ ခြေဖျားလေးတွေ နွေးတေးတေးရှိတာနဲ့ ကျုပ်သူ့ငယ်နာဆေးနဲ့ တစ်ကိုယ်လုံးပွတ်ပေးလိုက်တော့ ကိုယ်ကလေး ပြန်အေးပြီး အိပ်ပျော်သွားရော။ သန်းခေါင်လောက်ကျတော့ တစ်ရေးနိုးပြီး နို့စို့သေးတယ်။ အဲဒီတုန်းကလည်း အကောင်းပကတိပဲ။ စောစောကမှ အဲခနဲ အော်ပြီး လူ့ပ်တာနဲ့ ကြည့်လိုက်တော့ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပဲ။ နောက်ပြီး မျက်ဖြူကလေးလန်ပြီးတက်သွားလိုက်တာ ပြန်မကျတော့ဘဲ အသက်ပါ ပါသွားရော'

မလှရီ၏ တည်ငြိမ်အေးဆေးသောအသံပေါ်ထွက်လာ၏။ 'ကဲ... ကဲ ဒီကိစ္စက ဘုရားတောင်ကယ်နိုင်တဲ့ ကိစ္စမဟုတ်ဘူး။ ငါတို့ အားခဲထားခဲ့တဲ့ ရည်ရွယ်ချက်ကိုတော့ အပျက်မခံနိုင်ဘူးဟေ့။ ကလေးကို ပုခက်ထဲမှာပဲထည့်ထား။ ဘယ်သူ မေးမေး အိပ်နေတယ်လို့သာပြော။ ဘယ်သူ့ကိုမှ ပုခက်နားမကပ်စေနဲ့၊ ကလေးတွေကို ဝေးဝေးမှာ နေပစေ...အားလုံးကျွေးမွေးပြီးစီးလို့ ငါတို့ရည်မှန်းချက်အောင်မြင်ပြီဆိုမှ ဒီအမင်္ဂလာကိစ္စကို ရပ်ရွာကို အသိပေးမယ်။ နင်လည်း ငိုတာယိုတာတွေ လုပ်မနေနဲ့ဟ၊ ငါတို့ အလှူပွဲကြီးပြီးမြောက်ဖို့ အရေးကြီးတယ်။

ကိုလှသန်းက ဇနီးကို ညွှန်ကြားချက်ပေးပြီးနောက် အိမ်အောက်သို့ဆင်းလာကာ အသံချဲ့စက် အော်ပရေတာ နှစ်ယောက်ကိုနှိုးပြီး ညွှန်ကြားပြန်၏။

'ကြားကြားသမျှ ရပ်မိရပ်ဖအပေါင်းတို့ခင်ဗျာ၊ အရှေ့ကုန်း ဦးလှသန်း၊ ဒေါ်လှရီတို့နေအိမ်သို့ ထမင်းစား ကြွရောက်နိုင်ကြပါပြီခင်ဗျာ။ ဧည့်ခံကျွေးမွေးကြမယ့် လူငယ်မောင်မယ်များလည်း အမြန်ဆုံးလာရောက်ကြပါရန် လေးစားစွာ နှိုးဆော်လိုက်ပါတယ် ခင်ဗျာ'

ဝက်သားဟင်းနှင့် ထမင်းသုံးဆောင်ရန် ကဏ္ဍပ်ထဲသို့ ဖွေဆော်ဦးကြွရောက်လာသူမှာ ခေါင်းရင်းအိမ်ရှိ ဘုရား တရား သက်သတ်လွတ်သမားကြီး ဦးဖိုးချွန်ပင် ဖြစ်သည်။

သူသည် ထမင်းဝိုင်းမှာ ဝင်ထိုင်ပြီးနောက် အားလုံးကြားနိုင်လောက်သောအသံဖြင့်

"မောင်လှသန်း၊ မလှရီတို့ရဲ့ ရင်သွေးရတနာကလေး မထွေးလေး အနာမျိုး ၉၆ ပါး ကင်းရှင်းပြီး သက်တော်ရာကျော် ရှည်ပါစေဗျာ' ဟု ဆုပေးလိုက်ချိန်တွင် မိခင်မလှရီသည် မငိုမိအောင် ကိုယ့်လျှာကိုယ် ပြန်ကိုက်ထားလိုက်ရလေတော့၏။

*ဖြူတီ၊ ဩဂုတ်၊ ၂၀၀၇။*

mgyoe.com

mgyoe.com

# ကြွေလေဝဲလေ ရွက်ဝါရွှေ

ခင်ဆွေဦး

(၁)

နွေဦးအစတွင် သစ်ရွက်ဝါနှင့် ရွက်နီတို့ဝဲပျံ၍ မြေပေါ်သို့ လျှောခနဲလျှောခနဲ ကျကြွေလာလေသည်။ လေကလည်း နွေဦးမို့ လေရူး၊ သစ်ရွက်တွေကလည်း ကြွေလုလု၊ ရွက်ဝါကြွေ နွေမှုံးမှုံးဆိုသော သီချင်းနွေဘွဲ့ တကယ့်ကိုမှန်ပါသည်။

အသေးစားဈေးငွေဌာနဆိုင်းဘုတ်တွေ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဘာဖြစ်လို့များ မျက်စိထဲတန်းဝင်လာပါလိမ့်။ မသက်က ငါ့မျက်စိနှယ် ရှင်ပဲရှင်နိုင်လွန်း။ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ရမည်လား၊ မကျေနပ်ရမည်လား မတွေးတတ်၊ မြောက်ဒဂုံ၊ တောင်ဥက္ကလာ၊ မြောက်ဥက္ကလာပ၊ ရန်ကုန်အထိတောင် ဆိုင်းဘုတ်တွေ များလှပါဘိ။ ဆိုင်းဘုတ် တွေ့လိုက်ရသည်နှင့် ရင်ထဲ အမောပြေသွားသလိုပါပဲ။ ငွေအမြဲလိုတတ်သူတွေအဖို့ အားထားရာ ဆွေမျိုးနှယ်။ အိုအေစစ်မှ ရေကြည်တစ်ပေါက်သောက်ရသလို ရင်ထဲအေးကာ အမောပြေသွားလေသည်။

အဲဒီနေ့တစ်နေ့။ အဲလေ ... အဲဒီနေ့မျိုး နေ့ပေါင်းများစွာပါပဲလေ။ ကျွတ်ကျွတ်အိတ်ထဲ စတီးလ်ချိုင့်တစ်ချိုင့်ကို လူမမြင်အောင် သတင်းစာစက္ကူနှင့်ပတ်လျက် လမ်းဘေးအပေါင်ဆိုင်ထဲ ဝင်လုလု သူ့လက်ကို တစ်စုံတစ်ယောက်က ဖျတ်ခနဲ ဖမ်းဆွဲလိုက်သည်။ လှည့်ကြည့်တော့ သူငယ်ချင်း ဖြူဝင်း ... ဘုရား ဘုရား ... ပါလား

"ဟိတ် .. မိပြီ"

ဖြစ်မှ ဖြစ်ရလေ၊ သူနှင့်မှ သွားတိုးသည့် ဖြူဝင်းကား လူတစ်ကာ ဘယ်သူပဲတွေ့တွေ့ အပြစ်ပြောရတာ ဝါသနာပါသည်။ သူသည် သူ၏ မကောင်းမြင်ဝါဒအတိုင်း ဘယ်တော့မှ လူတွေကို စိတ်ချမ်းသာစရာ စကား မပြောတတ်။ သူနှင့် ရင်းနှီးသော သူငယ်ချင်းဆို ပိုဆိုးသည်။

"ကိုင်း၊ ဆိုစမ်း၊ ဘာပေါင်မလို့လဲ"

ဖြစ်ရမှာက စိတ်မကောင်းသော မျက်နှာမျိုးနှင့် မသက်ကို ဆွဲခေါ်ကာ 'သူငယ်ချင်း ငွေဘယ်လောက်လိုလို့လဲ၊ ပြော... ကိုယ့်မှာ ရှိပါတယ်' ဒါမျိုး မသက်က လိုချင်တာ။ အင်္ဂလိပ်စကားပုံရှိသားပဲ။ လိုအပ်တုန်း ကူညီတဲ့သူငယ်ချင်းဟာ သူငယ်ချင်းစစ်ဆိုသည် မဟုတ်ပါလား။ A friend in need is a friend in deed.

ဖြူဝင်းက မသိလိုက်ဘာသာ မနေတတ်။ စပ်ကလည်း စပ်စုသေးသည်။ မသက် အတော်ပင် စိတ်ညစ်သွားသည်။ သည်လိုလူမျိုးတွေနှင့်သူ မတွေ့ချင်ဆုံး။ စိတ်က မသက်သာတော့။

"စတီးလ်ချိုင့်" ဖြေသော လေသံက ဆွံ့တွန့်တွန့်။

'ဟယ်... နင်ကပဲ စတီးလ်ချိုင့်ပေါင်တဲ့အဆင့်ထိတောင် ရောက်နေပြီလား'

ကျောင်းဆရာမအသံကလည်း ကျယ်လိုက်တာ၊ လူတွေ သူတို့နှစ်ယောက်ကို လှည့်ကြည့်ကြသည်။ မသက်၏ စိတ်အချဉ် ပို၍ပေါက်လာသည်နှင့် ..

'ငါလား ထမီတွေတောင် ပေါင်ဖူးသေး'

'လက်ခံတဲ့ဆိုင်က လက်ခံတာပေါ့'

'ဘာလို့ နီးရာအရပ်ထဲ မပေါင်တာလဲ'

'အရပ်ထဲက အတိုးများတယ်'

စိတ်ရှည်လက်ရှည်တော့ ဖြေလိုက်ပါသေးသည်။

'ကိုင်း ... ဒါဖြင့် မြန်မြန်သွားအထဲကို၊ ငါ အပြင်က စောင့်နေမယ်'

ငွေလိုလို့ ဝင်ရမည့် ကိုယ့်အိုအေစစ်ကို သူက မဝင်အပ်သည့် အရပ်လိုလို။ သောက်မြင်ကို ကပ်တယ်၊ စိတ်ထဲ ဆဲနေမိသည်။

mgyoe.com

mgyoe.com

'ဘာလုပ်ဖို့လဲ'

မသက်လေသံက နည်းနည်းမာသွားသည်။

'အမယ်လေး၊ ငါ နှင့်ကို လက်ဖက်ရည်တိုက်မလို့ပါဟယ်'

'တော်ပါပြီ၊ မသောက်တော့ပါဘူး'

နားပူခံပြီး မသောက်ပါရစေနှင့်၊ စိတ်ထဲက ပြောနေသည်။

'ပိုက်ဆံ ဘာအတွက်လိုတာလဲ'

ကြင်နာစိတ်နှင့် မေးတာလား။ စပ်စုတာလား။

'ကလေးတွေအတွက် ညနေစာချက်ဖို့၊ မနက်ကျလည်း ကျောင်းကို ထမင်းဘူးထည့်ပေးရဦးမယ်'

'အဲဒါပေါ့၊ မိသက် နင်ဟာလေ 'ဝ'မရှိဘဲ 'ဝိ'လုပ်ချင်တဲ့မိန်းမ'

'ဘာပြောတာလဲ'

'တကယ်ဆို ကိုယ်မွေးထားတဲ့ကလေးတွေပဲ၊ ဘာလို့များ တခမ်းတနား ဈေးဝယ်ချက်ပြုတ်နေမှာလဲ၊ ပဲလှော်ကြော်လေးသုပ်ပေး၊ ဒါမှမဟုတ် ပဲပြုတ်ဆီဆမ်း၊ ငါ့အမေဆို ဒီလိုစီမံတာ သိပ်တော်တာပဲ၊ လကုန်ခါနီး အပေါင်ဆိုင်ကို ဘယ်တော့မှ မိတ်မဖွဲ့ဘူး။ ဒါကြောင့်လည်း ငါတို့အဖေအရာရှိမဖြစ်ခင်ထဲက ရွှေတွဲလွဲ ငွေတွဲလွဲနဲ့'

သူ၏ ဆရာလုပ်သံကို တဖြည်းဖြည်း နားကလေလာလာသည်။ သူ စေတနာနှင့်ပြောတာဖြစ်ချင်ဖြစ်မည်။ သို့သော် နားငြီးလှပါလား။ ဖြူဝင်းထံမှ မြန်မြန်ခွာချင်လာပြီ။ သုံးထောင်တန် စတီးလ်ချိုင့်တစ်ထောင်ပဲပေးလည်း ကျေနပ်စွာယူလာသည်။ မသက် သူ့ကို ရင်ထဲ ဘယ်လောက်စိတ်ပျက်နေပြီလဲ။ သူ နည်းနည်းမှ မရိပ်မိဘူးလား။ သွားစမ်းပါ ရွှေရင်ဆို့ ...။

(၂)

ရွှေရင်ဆို့သည် မသက်၏ လက်သုံးစကား။ လူတွေဟာ ကိုယ်နှင့်မဆိုင်လျှင် အကူအညီလည်း မပေးနိုင်လျက်၊ ဝင်စွက်ဖက်မပြောလျှင် ကောင်းမှာပဲ။ ယောကျ်ားတောင် အလွန်စကားနည်းသော ယောကျ်ားရွေးယူထားတာ။ ယောကျ်ားက တကယ့်လူအေး။ စကားလုံးတွေကို နှမြောသလို ဘာမှ မပြောတတ်ဘူး။ သူ့ကို မသက်မိဘဆွေမျိုးများတင်မက သူငယ်ချင်းတွေကလည်း ချစ်ကြသည်။ စာဖတ်လည်း ဝါသနာပါတော့ စာအုပ်တစ်အုပ်နှင့် ငြိမ်နေတာပဲ။ ရုံးမှ အိမ်ပြန်လာလျှင် ဆာတယ်လည်းမပြော၊ မောပန်းသည်လည်း မညည်း။ ကိုယ်ကိုယ်ဦးကလည်း တခြားမိန်းမတွေလို ပူညံ ပူညံမလုပ်တတ်။ ပစိပစပ်လည်း မများ။ လင်မယားလိုက်ဖက်ညီသည်။ ကလေးတွေကလည်း ကိုယ့်တစ်သြဇာတည်း လိမ္မာကြပါသည်။ တကယ့်ရေခဲနှင့်ဆောင်းဘဝ။ အဲလေ..အပေါင်ဆိုင် ခဏခဏသွားရတာတစ်ခုပါပဲ။ လင်ရော မယားရော ဝန်ထမ်းဆိုတော့ လကုန်ခါနီးလေ ပြတ်လာလေလေ။ ရှာရဖွေရ ငွေတွင်းနက်သလောက် ငွေနည်းနည်းမှ အသုံးမခံ။ အိမ်မှ ထီလက်မှတ်ဟောင်းတွေ ပိုက်ဆံလို သုံးရရင် သိပ်ကောင်းမှာပဲ။

ဖြူဝင်းနှင့် မသက်ဘဝ အခြေအနေချင်းကလည်းမတူ။ ကိုယ်က စာရေးမိန်းမ။ သူက အရာရှိကတော်။ ရလဒ်က ကွာခြားပါဘိ။ မသက် အမှန်အတိုင်းပြောရလျှင် မနာလိုလည်း မဖြစ်ပါ။ သူ့တွင် ရွှေဆွဲကြိုး၊ ရွှေလက်ကောက် ဝတ်ထားတာကို အားမကျမိတာအမှန်ပင်။ ဈေးသုံးမစေ့စပ်ဘူးဆိုချင်ဆိုတော့။ မိုးရေတွေ ရွှဲနစ်ကာ အဝတ်စိုသော ဈေးသည်တွေကိုလည်း ကတ်ကတ်သတ်သတ် ဈေးမဆစ်ချင်တော့ပါ။ အလှူခံမယ်သီလရှင်တွေကိုလည်း ကိုယ်စားသော ဆန်အိုးထဲမှ လှူရတာကို ကျေနပ်သည်။ ကလေးတွေ အစားကောင်းကြ၍ ဆေးခန်းမရောက်ကြတာကပင် လာဘ်တစ်ပါး။

အပေါင်ဆိုင်ထားသော ပစ္စည်းလည်း ဘယ်တော့မှ ဆုံးသည်မရှိပါ။ အသစ်တစ်ခုထားကာ အဟောင်းတစ်ခုကို ရွေးဖြစ်သည်။ လေးကျပ်တိုး(သို့)ငါးကျပ်တိုးလောက်ကို စဉ်းစားမနေတော့။ နေ့ပြန်တိုးတွေထွက်စာလျှင် အပုံကြီး သက်သာပါသည်။ ကုန်စိမ်းရောင်းသော အစ်မကိုကြည့်ပြီး နေ့ပြန်တိုးတွေနှင့် ရင်မောနေရသည်။ အစ်မ၏ ဟင်းရွက်စိမ်းဆိုင်နောက်မှ ထီးနှင့်ဖိနပ်ချုပ်ဆိုင်၊ မျက်နှာချင်းဆိုင်တွင် ဘဲဥရောင်းသူ၊ ဘေးတိုက်တွင် သားငါးရောင်းသမားများ၊ ဘယ်သူမှ နေ့ပြန်တိုး အကြွေးမကင်းသူများ။

ဈေးရောက်တော့ အစ်မက မသက်ကို ခရမ်းသီးနှပ်ရန် ခရမ်းသီးတွေ လက်ဆောင်ပေးရင်း မေးသည်။

'နှင့်ဆီကို မိဖြူလာသေးလား'

'မလာပေါင်၊ ဘာဖြစ်လို့လဲ'

'ဟိုနေ့က ဈေးလာပြီး နှင့်အတင်းတွေ လာချသွားလို့'

'ဘာတွေပြောသွားလို့လဲ'

'ဩော် ... နှင်က ထမီတွေတောင် အထပ်လိုက်ပေါင်နေရတဲ့ အကြောင်း၊ သူက သနားလို့ လက်ဖက်ရည်တိုက်တာလည်း မသောက်၊ ပိုက်ဆံပေးတာလည်း မယူလို့တဲ့'

'ပိုက်ဆံပေးတယ်၊ ဘယ်မှာ ပိုက်ဆံပေးလို့လဲ'

mgyoe.com

mgyoe.com

နောက်ဆုံးစကားကတော့ စကားပိုတွေဖြစ်လာသည်။ သူ ပိုက်ဆံမပေးပါ။ ပေးလည်း ယူဖြစ်မည်မထင်ပါ။ မသက် မနေနိုင်တော့ဘဲ ယောက်ျားကိုပင် သည်အကြောင်းတွေ ပြန်ပြောမိသည်။

'လွတ်အောင်နေပေါ့၊ လွတ်အောင်ဆိုတာ စိတ်နဲ့လွတ်အောင် နေဖို့ပြောတာ'

အဖိုးတန်သော စကားနှင့် နားချသည်။ နောက် မသက် ဘာစိတ်ကူးပေါက်သည်မသိ။

'ကိုသာ အဲဒီမိန်းမမျိုးရရင် စိတ်ညစ်မှာပဲနော်'

'ဒါမျိုး ဘယ်ယူမလဲကွယ်'

တောင်တွေးမြောက်တွေးနှင့် မကျေနပ်စိတ်သာ ပွား နေမိတော့သည်။ ဖြူဝင်းဆိုသော မိန်းမကို ခေါင်းထဲမှ ထုတ်လိုက်တော့ဟု ယောကျ်ားကရော၊ အစ်မကရော နားချကြသည်။ မသက်မှာတော့ တွေးမိတိုင်း တအုံ့နွေးနွေး။ သူငယ်ချင်းနှစ်ယောက်၏ ငယ်ဘဝကို ပြန်တွေးကြည့်မိသည်။ မသက် ငယ်ငယ်တုန်းက မိဘများ ချမ်းသာကြသည်။ ဖြူဝင်းကတော့ သာမန်အနေအထား၊ မသက်နှင့်မဖြူ သူငယ်ချင်းနှစ်ယောက် မုန့်ဖိုးစပ်၍ စားကြသည်။ နှစ်နှစ်ကျော်သုံးနှစ်နီးပါးခန့်။ ဟိုစဉ်တုန်းက မသက် မုန့်ဖိုးက တစ်နေ့ ငွေ ၂၀ိ၊ ဖြူဝင်းက ၁၀ိ၊ မသက် အ,ပုံ အ,နည်းများ အဖြစ်က ရယ်စရာလည်း ကောင်း၊ မသက်မေမေကပင် ကျောင်းသို့ လိုက်လာတာ ...

'ဖြူဝင်း၊ နင် နာနေပါဦးမယ်ဟယ်၊ စဉ်းစားပါဦး၊ နင့်မေမေဆီက မုန့်ဖိုး ၂၀ိ တိုးတောင်းပြီးမှ စပ်စားကြတာပေါ့'

ဒါလည်း သူက ဝန်မခံသေး။

'ဖြူဝင်းက လျှော့စားပါတယ် အန်တီရယ်'

'သြော် .. အေး..အေး'

မေမေသည်ပင်လျှင် မကျေမနပ်ဖြစ်ကာ အိမ်ပြန်လာခဲ့ရသည်။ နွေ၊ မိုး၊ ဆောင်းရာသီတွေ ပြောင်းခဲ့သော်လည်း ဖြူဝင်းကတော့ အရင်အတိုင်းပါပဲ။ စိတ်ပြောင်းသွားသည် မရှိပါ။ သူ့ဘဝကတော့ တိုးတက်ကြီးပွားလာသောဘဝ၊ ဖြူဝင်းယူသော ယောကျ်ားကလည်း လုပ်ပိုင်ခွင့်ရှိသော အဖွဲ့အစည်းမှ အရာရှိတစ်ယောက်။ သည်မိသားစု မဆင်းရဲတော့ပါ။ အသေးစားချေးငွေဌာနဆိုတာ သူနှင့် ဘာဆိုင်သလဲ။ ဒါကြောင့် မသက်ကို နှိမ့်ချသောစကားတွေ ပြောနိုင်တာပေါ့။ မြေနိမ့် ရာလှံစိုက်တတ်တာ လူတွေရဲ့ သဘာဝပဲလေ။ ယောကျ်ားစကားနှင့် ကိုယ်က လွတ်အောင်နေဖို့သာ ဖြစ်သည်။

(၃)

မသက် မျက်လုံးတွေကို မသက် မယုံနိုင်။ ဘတ်စ်ကားက ဖြည်းဖြည်းချင်း ဘီးလိမ့်တာမို့ အမြင်လည်းမမှားနိုင်ပါ။ ရန်ကုန်မြို့လယ် အသေးစားချေးငွေဌာနတစ်ခုထဲသို့ ဖြူဝင်း သုတ်သုတ် သုတ်သုတ်နှင့် ဝင်သွားသည်။ အလို၊ သူ ဘာလို့များ 'အပေါင်'ဆိုင် ဝင်သွားပါလိမ့်။ အဲဒီမှာ အသိများရှိနေရော့သလား။ ရှေ့မှတ်တိုင်တွင် ဘတ်စ်ကားပေါ်မှ သုတ်သုတ်ဆင်းကာ အသေးစားချေးငွေဌာနသို့ ပြေးလာသည်။ ဖြူဝင်းအထဲ ဝင်သွားသည်မို့ သူ ပြန်မထွက်မီ မီအောင်လေ။ အို ...စပ်စုလိုက်တဲ့ ငါပါလား။ မသက် ကိုယ့်ကိုယ်ကို အပြစ်တင်ရင်း သိချင်စိတ်တွေက တစ်ကိုယ်လုံး ပျံ့နှံ့နေသည်။ တစ်ချိန်တုန်းက အပေါင်ဆိုင်နှင့် မကင်းသဖြင့် သူ့ကို နှိမ်ခဲ့သော ဖြူဝင်း၊ ခု ... သူ့အလှည့်ရောက်ပေပြီ။

ဆိုင်ရှေ့ရောက်တော့ ပုန်းလျှိုးကွယ်လျှိုး မသွားချင်တော့ မသက်ပါ ဆိုင်ထဲဝင်လိုက်လာသည်။ ဖြူဝင်းတစ်ယောက် မသက်ကို မမြင်။ စက္ကူနှင့်ထုပ်၍ ယူလာသော ရွှေဆွဲကြိုးကို အပေါင်ဆိုင် မျက်နှာစာအပေါက်ထဲမှ လက်လျှိုသွင်းလိုက်သည်။

'ခြောက်မူးသားရှိတယ်။ ချိန်ကြည့်ပါဦး'

ဖြူဝင်းလေသံက ခပ်ပျော့ပျော့၊ အသားမှာ ဖြူသော်လည်း နည်းနည်းခြောက်သွေ့နေသည်။ အဝတ်အစားဝတ်ထားတာကတော့ ရွှေပါတိတ် အပေါ်အောက်ဝမ်းဆက်နှင့် သားနားဆဲ။ ရွှေကိုချိန်ပြီး အပေါင်ဆိုင်ရှင်တရုတ်ထွက်လာသည်။ ပြီးမှ ဖြူဝင်းကို လှမ်းကြည့်ပြီး

'ဘယ်လောက်ယူမလဲ'

'အများဆုံးဘယ်လောက်ပေးနိုင်မလဲ'

'တစ်သောင်းပေးမယ်'

'တစ်သောင်းခွဲမရနိုင်ဘူးလား'

'ဟာ ...မရဘူး'

'ကိုင်း ... ပေး ... ပေး၊ ဒီလိုဆို'

တံခါးပေါက်ဝသို့ သူအလှည့် မသက်ကို တွေ့သော အခါ ဖြူဝင်း၏ ဖြူဖတ်ဖြူရော်မျက်နှာမှာ ပို၍ပင် အရောင်ဖျော့သွားလေသည်။

'ဟင် ... မိသက်... ဘာပစ္စည်းထားမလို့လဲ'

'ဘာပစ္စည်းမှ မထားပါဘူး'

'ဟင် ဒါဖြင့် ဘာဖြစ်လို့ ဒီကို'

'နင့်ကိုတွေ့လို့ ဝင်လာတာ'

'သြော် .. ဒီလိုလား'

mgyoe.com

မာနနှင့်ဒေါသ မခံချင်စိတ် ရောစွက်သောအရိပ် ဖြူဝင်းမျက်နှာတွင် ထင်ဟပ်လာသည်။ မသက်က နင့်သီးသော စကားများ၊ ဝေဖန်တိုက်ခိုက်သောစကားများ ပြောလိုစိတ်မရှိပြီ။ သူ ဟိုအရင်တုန်းက ကဲ့ရဲ့အပုပ်ချနေတတ်တဲ့ အပေါင်ဆိုင်ကို ဘာကြောင့် ဝင်လာပါလိမ့်။ သည်တစ်ခါ စပ်စုလိုသူက မသက်။ ဖြူဝင်းအတော်လည်း ပိန်သွားသည်။ မျက်လုံးအောက်တွင် အရေးအကြောင်းတွေနှင့် ၁၀ နှစ်ခန့် အိုစာသွားသည်။ မသက် သက်ပြင်းရှည်ကြီးချမိသည်။ သူ၏ လက်ပွေ့အိတ်ထဲမှ ငွေတစ်သောင်းထုတ်ယူကာ ဖြူဝင်း၏ ညာလက်ကိုဆွဲကိုင်ပြီး လက်ထဲထည့်ရင်း–

'နှစ်ရက် သုံးရက်နေရင် နင့် ဆွဲကြိုးပြန်ရွေးလိုက်၊ အတိုးနာချင်လည်း နာပစေနော်'

ဖြူဝင်းက သူ့လက်ထဲရောက်လာသော ငွေတစ်သောင်းကို ငေးကြည့်ကာ အံ့သြနေသည်။

'ယူထား၊ ငါတို့ကို နင်ရှိတဲ့အချိန်မှ ပြန်ဆပ်၊ ခု ငါထောနေတယ်။ တို့ကို သိပ်ချစ်တဲ့ဦးလေးအကြောင်း နင်သိတယ်နော်။ မေမေ့မောင်အရင်း။ အဲဒါ ဖျာပုံက ပြန်လာတော့ ကြွေးထူတဲ့ငါ့ကို အရင်းစိုက်ထုတ်ပေးတာ၊ ငါ ဆန်ရောင်းနေပြီလေ။ အလုပ်ကတောင် ပင်စင်ယူလိုက်ပြီ။ ကုန်သည်ဝင်ငွေ ဝန်ထမ်းငွေနဲ့ တခြားစီပေါ့'

ဖြူဝင်းက မာနရိပ်တွေ ရုတ်ချည်းပျောက်ကွယ်သွားပြီး ညိုးညိုးငယ်ငယ်နှင့်–

'ငါ့ဘဝမှာ ငါ့ဘာသာငါ ငွေဘယ်တော့မှ မလိုပါဘူး။ ခု ငါ့သားလေး...သားမိုက်ပုံက လောင်းကစား၊ အရက်၊ မိန်းမ လိုင်းစုံတယ်။ ခု သူကြွေးတင်ပြီး အလွဲသုံးစားမှုနဲ့ အချုပ်ထဲ ရောက်နေတယ်။ သူ ထောင်မကျခင် သူ့ကို ဆယ်ထုတ်ရတော့မှာ'

ပြောရင်း မျက်လုံးအိမ်က မျက်ရည်တွေ စီးကျလာပြီး ပါးပြင်ပေါ် တလိမ့်လိမ့် ဆင်းလာတော့သည်။

'ကဲပါ။ ဒါတွေ ပြောမနေနဲ့တော့၊ နင်ငွေထပ်လိုချင်ရင် ငါ့အိမ် လိုက်ယူဦး'

'မလိုတော့ပါဘူး၊ အိမ်ဂရန်လည်း ပေါင်ထားသေးတယ်'

အသေးစားချေးငွေဌာနဟူသော ဆိုင်းဘုတ်အောက်တွင် နှစ်ယောက်စလုံးရပ်နေကြသည်။ ကြည်လင်ပြာလဲ့သော ကောင်းကင်မှ တိမ်ဖြူဖြူတွေကို မော့ကြည့်ရင်း–

'နင်က သားကို ဒီလောက် အလိုလိုက်ရလား'

စကားကို ပြောမည်ပြုဆဲ မသက်၏လည်ချောင်းဝတွင် ပျောက်ကွယ်သွားခဲ့သည်။ ဖြူဝင်း သူ၏ တစ်ဦးတည်းသော သားကို ဘယ်မျှအလိုလိုက်သည်ကို မသက် မသိဘဲရှိမလား။ မသက်ချေးဖိုးအတွက် စတီးလ်ချိုင့်ပေါင်စဉ်ကာလ ဖြူဝင်းပြောခဲ့သော "ကိုယ်မွေးထားတဲ့ကလေးတွေပဲ၊ ဘာလို့ တခမ်းတနား ချက်ပြုတ်နေမလဲ"ဆိုသောစကား၊ 'ဝ' မရှိဘဲ 'ဝိ'လုပ်တယ်ဆိုသော စကားများအတွက် နာကြည်းစိတ်တွေ ပျောက်သွားပေပြီ။ လောကဓံ၏အလှည့်အပြောင်းကို အံ့သြနေတာပါပဲ။

ယခု ဆန်ရောင်းဝယ်မှုနှင့် ကြီးပွားချမ်းသာနေပြီဖြစ်သော မသက်တစ်ယောက် အသေးစားချေးငွေဌာနနှင့် ပတ်သက်စရာမလိုတော့ပေ။ အပေါင်ဆိုင်တွေရေ့ . . တို့များမြန်မာလိုတော့ တာ့တာ၊ အင်္ဂလိပ်လိုတော့ ဂွဒ်ဘိုင်၊ ပြင်သစ်လို အောပွား၊ ဂျပန်လို ဆာယိုနာရား၊ စပိန်လို အေဒီရေား (Adios) ပေါ့။ မသက်၏ယောကျ်ား မနောက်စဖူး နောက်တာ့လေ။ သူကတော့ ဝန်ထမ်းဘဝတွင် ကျင်လည်နေတုန်းပင်။

မသက် အပေါင်ဆိုင်တွေကို ကျောခိုင်းနေခါစအချိန်၌ ဖြူဝင်းက စပြီး မိတ်ဖွဲ့နေရပြီ မဟုတ်ပါလား။ ခုတော့ ဖြူဝင်းအပေါ် ကြင်နာစိတ်တွေ ယိုဖိတ်နေတာ အမှန်ပင်တည်း။ စကားအပြောအဆိုမတတ်သော အမိုက်မလေး ခွင့်လွှတ်ရတော့မှာပေါ့။

*မိုးဂျာနယ်၊ ဩဂုတ်၊ ၂၀၀၇။*

❑

mgyoe.com

mgyoe.com

# စတုတ္ထနိဒါန်း

ခင်လှိုင်ကြူ

မွေးကင်းစကတည်းက သူ့နားရွက်ကားကားလေးကို သတိထားမိကြသည်။ ဉာဏ်ကောင်းမည့်ကလေးဟု ပြောကြသည်။ အမှန်လည်း သူက မှတ်ဉာဏ်ကောင်းသည်။ ဖြတ်ထိုးဉာဏ်လည်းကောင်းသည်။ သူ့ကို တစ်ဦးတည်းသော သားဖြစ်၍ မိဘများက ပိုးမွေးသလို မွေးခဲ့ကြသည်။ ထက်မြက်ထူးချွန်သူဖြစ်စေချင်၍ ဂရုစိုက်ခဲ့ကြသည်။ စာကျက်ရမည့်အချိန်၊ ဆော့ရမည့်အချိန်၊ အိပ်ရမည့်အချိန်တို့ကို စနစ်တကျ သတ်မှတ်ပေးထားသည်။ ကျောင်းသင်ခန်းစာများကို နေ့စဉ် အဖေတစ်လှည့်၊ အမေတစ်လှည့် စစ်သည်။ စာတက်ရသည်။ သူက မှတ်ဉာဏ်ကောင်းသူဖြစ်၍ ကျက်စာကို တစ်ခေါက် နှစ်ခေါက် အော်လိုက်ပြီးသည်နှင့် 'တက်တော့မယ်' ဟုဆိုတော့သည်။ ကျွန်မက အားမရ။ ဆက်ကျက်စေချင်သေးသည်။ သူက ရပါပြီဆိုတော့ တစ်လုံးမှားလျှင် တစ်ချက် နှုန်းလောင်းကြေးနှင့် စာအတက်ခံသည်။ သူက အထစ်အငေါ့မရှိ၊ အမှားအယွင်းမရှိ တစ်ခေါက်ကျက်ပြီး စာကိုလည်း သူကလွယ်လွယ်မမေ့တော့။ သူ့မှတ်ဉာဏ်က သည်လို။ သည်မှတ်ဉာဏ်အားကိုးနှင့် သူက စာကျက်ပျင်းသည်။ အမေနှင့်သားက စာကျက်ခိုင်းသည့်ကိစ္စနှင့် အမြဲပဋိပက္ခ ဖြစ်ရသည်။

"မူလတန်းမှာ မြို့နယ်အဆင့်ထိပ်ဆုံးက၊ အလယ်တန်းမှာ တိုင်းအဆင့် ထိပ်ဆုံးက။ အထက်တန်းမှာ တစ်ပြည်လုံးအဆင့် ထိပ်ဆုံးက ဖြစ်ရမယ်"

သူ့အဖေက ပညာရေးရည်မှန်းချက်ကို ဒူးလောက်တင်ပေးထားသည်။ သူ့သားကလည်း မျှော်မှန်းထားသလို မြို့နယ်အဆင့်မှာ ထိပ်ဆုံးကဖြစ်ခဲ့သည်။ အရေးကြီးသည့် ရှစ်တန်းနှစ်ရောက်တော့ ကျွန်မတို့မိဘများ ပိုလောဘကြီးလာကြသည်။ ခြောက်ဘာသာဂုဏ်ထူးရစေချင်သည်။ သားက ယောကျ်ားလေးပီပီ အဆော့မက်လာသည်။ လှစ်ခနဲဆို လမ်းပေါ်ရောက်သွားပြီ။ ချွေးတလုံးလုံးနှင့် ဘောလုံးကန်ပြီ။ စာကျက်နေရာမှ အသံပျောက်သွား၍ ကြည့်လိုက်လျှင် လက်က စားပွဲပေါ်တဒေါက်ဒေါက်နှင့် ခေါက်လိုခေါက်။ စာရွက်စုတ်ကို လေယာဉ်ပျံလုပ်ကာ ပစ်လိုပစ်နှင့် ဆော့ကစားနေသည့်အတွက် အမေဖြစ်သူ ကျွန်မနှင့် တကျက်ကျက်။ ရှစ်တန်းက အလယ်တန်းအစိုးရစစ်ဖြစ်၍ အရေးကြီးပါသည်ဆိုမှ ကစားသည့်ဘက်အာရုံများသည့်သားကို တွန်းရသည်မှာ အလွန်စိတ်မောရသည်။ သူ့အဖေကတော့ သူ့သားကို ယုံကြည်မှုအပြည့်ရှိသည်။ သူ့အကျင့်အတိုင်း အေးအေးဆေးဆေး နားဝင်အောင် ဆုံးမသိမ်းသွင်းသည်။

စာမေးပွဲမတိုင်မီ တစ်ပတ်လောက်အလိုမှာ သူအကြီးအကျယ်ဖျားသည်။ တိုက်ဖွိုက်ဖြစ်သည်။ စာမေးပွဲရက်တွင် အရည်ဘူးကလေးကိုင်ပြီး စာဖြေခန်းထဲ ဝင်ရသည်။ ဆရာမများက သီးသန့်စောင့်ပေးကြရသည်။ သွားပါပြီ။ ကျွန်မတို့မိဘနှစ်ပါး အားခဲထားသမျှ သဲထဲရေသွန်ဖြစ်ရတော့မည်ဟု စိတ်လျှော့ထားလိုက်ကြသည်။ အောင်စာရင်းထွက်မည့် နံနက်စောစောမှာ သူတို့သားအဖ အောင်စာရင်းသွားကြည့်ကြသည်။ သူကတော့ ကလေးပီပီ ဣန္ဒြေမပျက်။ အမေဖြစ်သူကျွန်မမှာတော့ ကြားရမည့်အဖြေအတွက် ကြိုတင်ခံစားကာ ခြေလက်ပင် မသယ်ချင်လောက်အောင် အားပြတ်နေသည်။

သူတို့ ပြန်လာကြသည်။ ပြန်လာပြီဆိုသည်ကို ကြားရသည်နှင့် ကျွန်မရင်မှာ တဒိတ်ဒိတ်ခုန်နေသည်။ စိတ်ပျက်လက်ပျက် ဖြစ်လာမည့် သူတို့သားအဖမျက်နှာများကို ကျွန်မရင်မဆိုင်ရဲ။ လှေကားမှတက်လာသံကိုသာ နားစွင့်နေလိုက်သည်။ အသံက တိတ်ဆိတ်သွားသည်။ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဝမ်းသာအူမြူးစွာ ပြေးတက်လာရမည့်အစား စိတ်ပျက်လေးတွဲ့သောခြေလှမ်းများနှင့် သူတို့ တက်လာနေကြပြီ ကော။

mgyoe.com

ဒုန်းခနဲ မြည်သံနှင့်အတူ သားကိုလှေကားထိပ်တွင် ငုတ်တုတ်ကလေး တွေ့လိုက်ရသည်။ လှေကားအပေါ်ဆုံးအဆင့်ဆီသို့ ဖားခုန် ခုန်၍ တက်လိုက်ခြင်းဖြစ်သည်။ ငုတ်တုတ်ကလေး ဖြစ်နေသည့်အနေအထားမှ ပြုံးစေ့စေ့နှင့် လက်ငါးချောင်း ထောင်ပြသည်။

"ငါးခု"

"ငါးခု... ဟုတ်လား၊ တကယ်လား"

"ကိုတို့သားအဖ မျက်စိနဲ့ ကြည့်ခဲ့တာပါကွ။ ဘာလဲ အံ့ဩလို့လား။ ကိုက ခြောက်ဘာသာလုံးမှန်းထားတာ။ လက်ရေးလေး နည်းနည်းညံ့သွားလို့ မြန်မာစာက မရတာ ဖြစ်မယ်။ ဟဲ...ဟဲ"

နောက်မှ မားမားကြီးပေါ်လာသော သူ့အဖေက အခိုင်အမာ ထောက်ခံရုံမက ဘယ်လိုမှ လှအောင်သင်၍မရသော သူ့သားလက်ရေးညံ့သည့်အားနည်းချက်ကိုပါ ထည့်ပြော ပြနေသည်။ ယခုမှ ကျွန်မ ပြုံးနိုင်သည်။

"တော်သေးတာပေါ့"

"ဘာကိုလဲ"

"သြော်..နေမကောင်းဘဲဖြေရလို့ စိတ်ပူနေတာ။ စာမကျက်နိုင်လို့ အဖေနဲ့အမေက ဘေးက ဖတ်ပေးရတာ မှတ်မိပါ့မလား။ ထမင်းမစားရလို့ ဂျိကျနေတာနဲ့ ခေါင်းထဲမှ ဝင်ပါ့မလားနဲ့ ပူလိုက်ရတာ"

"မပူပါနဲ့လို့ အဓောကြီးကတည်းက ကို ပြောသားပဲ။ ကဲ ... သား မေးလိုက်လေ"

"မေမေ ဘာဆုချမှာလဲ"

"သား ဘာလိုချင်လဲ"

"လောလောဆယ်တော့ သားကို မုန့်ဖိုးပေး။ သား ကျောက်ဂေါ်လီဝယ်ချင်တယ်။ ဒီနေ့ ဟိုကောင်တွေကို ကျောက်ဂေါ်လီနဲ့ အပြတ်ဆော်မယ်။ ပြီးတော့ သား ဘောလုံးက နည်းနည်းလေစိမ့်နေတယ်။ အကောင်းစားဘောလုံး တစ်လုံးတော့ ဝယ်ရမယ်"

တကယ့်ကောင်။ ဆော့ဖို့ပဲ သူသိသည်။ သားထွက်သွားမှ သူ့အဖေကပြောသည်။

"ကိုတို့ သားကို အမှတ်တရတစ်ခုခုတော့ ဝယ်ပေးသင့်တယ်"

"ဘာဝယ်ပေးချင်လို့လဲ"

"လက်စွပ်ကလေး တစ်ကွင်းဆိုရင် မကောင်းဘူးလား"

"ကောင်းပါတယ်၊ အမှတ်တရဖြစ်တာပေါ့။ သူ့မှာ သားရလာတဲ့အခါ သူငယ်ငယ်က ဂုဏ်ထူးငါးခုနဲ့အောင်လို့ ရခဲ့တဲ့ လက်ဆောင်ဆိုပြီး ကြွားနိုင်တာပေါ့"

ကျွန်မတို့သည် သားအတွက် ဂုဏ်ယူဝမ်းမြောက်စွာ ရွှေလက်စွပ်ကလေးတစ်ကွင်း ဝယ်ဖြစ်အောင်ကြိုးစားလိုက်ကြသည်။ ကျောင်းဆုပေးပွဲတွင် ဆုတက်ယူသော သားလက်မှာ တမတ်သားပင်မပြည့်သော်လည်း ဝင်းလက်နေသည့် ရွှေလက်စွပ်ကလေးကို မြင်ရသောအခါ ကျွန်မတို့ ဝမ်းသာပီတိဖြစ်ရသည်။ သူ့အောင်မြင်မှုအတွက်အမှတ်တရလက်ဆောင်ပါပဲ။

မကြာပါ။ တစ်နေ့ ...

ဘောလုံးပိုက်၍ အိမ်ပြန်လာသော သားကို မျက်စိမျက်နှာပျက်၍ မေးကြည့်သောအခါ ကစားရင်း လက်စွပ်ပျောက်သွားသည်ဟုဆိုသည်။ အမှတ်တရလက်ဆောင်ပစ္စည်းလည်းဖြစ်၊ ငွေပိုငွေလျှံများများစားစားမရှိသည့်ကြားက ဖြစ်မြောက်အောင်ဝယ်ပေးထားသော ပစ္စည်းလည်းဖြစ်၍ နှမြောလိုက်သည့်ဖြစ်ခြင်း။

မြက်ဖုတ်များ၊ ရွှံ့နွံများအကြားတွင် အထပ်ထပ်ရှာသော်လည်း လုံးဝမတွေ့တော့။ ပထမဆုံး အမှတ်တရလက်ဆောင်ဖြစ်သော ရွှေလက်စွပ်ကလေးကား ပျောက်ခြင်းမလှ ပျောက်ဆုံးခဲ့လေပြီ။

* * *

သား ကိုးတန်းရောက်သည့်နှစ်မှာ သူ့အဖေဆုံးသည်။ ဆုံးသည့်အဖေက အသက်ငါးဆယ်ကျော်ရုံ တကယ့်အရွယ်ကောင်း။ ကျန်ရစ်သူသားကလည်း တကယ့်အရွယ်ကောင်း၊ ထိန်းရသိမ်းရခက်သည့် ဆယ့်လေးငါးနှစ်အရွယ်။ မိန်းကလေးဆိုလျှင် အမိအုပ်ထိန်းမှုရှိသင့်သည့်အရွယ်။ ယောကျ်ားလေးဆိုလျှင် အဖအုပ်ထိန်းမှု ရှိသင့်သည် အရွယ်။ ယခုတော့ အဖေမရှိသည့်အတွက် ထိန်းမရအောင် ပျက်သွားသည့် အဖြစ်မျိုးဖြစ်မှာကို ကျွန်မအလွန်စိုးရိမ်သည်။ အစစအရာရာ ပူပန်ပြီး ပြောသမျှ အမေနှင့်သား အမြဲပဋိပက္ခဖြစ်ရသည်။

လှစ်ခနဲဆို ထွက်သွားပြီ။ ထစ်ခနဲဆို စိတ်တိုပြီ။ အမေကို မကျေနပ်ချင်။ 'အမေကလဲ' ဟု မျက်လုံးကြီးစွေပြီး ပြောတတ်ပြီ။ ဆေးလိပ်မသောက်ရဟု တားမြစ်ထားတော့ အမေ့ရှေ့မှာသောက်တာမမြင်။ အကျီမှာ ဆေးလိပ်နံ့ရ၍ အမေကနှာခေါင်းရှုံ့ချည်ပွချည်နှင့် ရှုပြပြီး အပြစ်တင်တော့ သူငယ်ချင်းတွေ သောက်တဲ့အနံ့ စွဲလာတာပါဟု ညာပြောတတ်ပြီ။ အခြားကိစ္စများလည်း ရှုပ်စပြုရောပေါ့။ သူသွားလေရာ အမေက လိုက်ကြည့်နိုင်တာမှ မဟုတ်တာ။ ဆယ်တန်းရောက်တော့ အလယ်တန်းတုန်းကလို ဂုဏ်ထူးတွေတစ်သီကြီးနှင့် အောင်

mgyoe.com

mgyoe.com

စေချင်သည်။ ဖြစ်နိုင်လျှင် သူ့အဖေတင်ပေးထားသလို မြန်မာတစ်ပြည်လုံးမှာ အမှတ်အများဆုံးထဲမှာ ပါစေချင်သည်။ စာမကျက်၍ ဆူဆူပူပူလုပ်လျှင် ငယ်ငယ်ကလို ငြိမ်ခံမနေတော့။ ပြန်မပြောသော်လည်း နားမထောင်ချင်တော့။ နားပူသောအမေနှင့် ဝေးလေကောင်းလေဖြစ်လာပြီး သူ့ကျူရှင်စာအုပ်မှာ စာပါမလာ၍ ကျူရှင်လစ်ကြောင်း သိသွားတော့ သူကပင် မျက်နှာပုပ်သိုးထားလိုက်သည်။ ပြောမည့်သူကပင် ကိုယ်ရှိန်သတ်ရတော့မလို။ ရှားရှားပါးပါး ဂုဏ်ထူးလေးတစ်ခု ပါသေးသည်။ ကြည့်ပျော်ရှုပျော် အမှတ်ကလေးရ၍ တော်တော့သည်။ ဘာပဲဖြစ်ဖြစ် ဆယ်တန်းစာမေးပွဲအောင်သည့်အတွက်မူ တစ်ခုခုတော့ လက်ဆောင်ပေးရတော့မည်။ သူ့အဖေလုပ်ခဲ့သည့် အလေ့အထတစ်ခုလည်းဖြစ်၊ တက္ကသိုလ်တက်မည့်သားကို လူလူသူသူဖြစ်စေချင်သည့်အတွက်

"ဒါ မင်း ဆယ်တန်းအောင်တဲ့ အထိမ်းအမှတ်ပေါ့ကွာ"

ကျွန်မက သူ့နာမည် အင်္ဂလိပ်စာလုံးပါသည့် လက်စွပ်ကလေးကို လက်ဆောင်ပေးလိုက်သည်။ သူ့အဖေရှိလျှင်လည်း ဒီလောက်တော့ လုပ်ပေးသင့်ပါတယ်ဟု ပြောဦးမှာပင်။

တက္ကသိုလ်တက်သည့်နှစ်များအတွက်မူ သူက အာမခံချက်ပေးထားသည်။ သေသူနှင့် မဖြေသူမှအပ အောင်ကြဆိုပဲ။ စာမေးပွဲနားနီးသည့်အခါမှာ အနီးကပ်ကျူရှင်တက်သည်။ ဘယ်မှာလဲ ဘယ်ဆရာလဲ။ ကျွန်မ မမေးတော့ သူ့ ကိုယ်သူ လူကြီးဖြစ်ပြီဟုဆိုတတ်ပြီ။ ကျွန်မလည်း ကြီးကြီးမားမား မျှော်လင့်ချက်ထားစရာအကြောင်း မရှိသည့်အတွက် လွှတ်ထားလိုက်တော့သည်။ သတိမထားမိ၍လား သူကပဲ ပိရိလို့လားမသိ။ သူ့လက်ထဲက ရွှေလက်စွပ်မှာ ရွှေရောင်ဖျော့တော့တော့ဖြစ်နေသလို ထင်မိ၍ ဆတ်ခနဲ သူ့လက်ကို လှမ်းဆွဲလိုက်ကာ ...

"မင်းလက်စွပ်က ဘယ်လိုဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

သူက လက်ကို ဆတ်ခနဲ ရုပ်လိုက်သည်။ ယခုမှ သတိရသည်။ ကျွန်မရှေ့မှာ လက်ကို ထင်သာမြင်သာအောင် မပြတာကြာပြီ။ ဘောင်းဘီအိတ်ထဲ လက်နှိုက်ထားတတ်သည်။ အင်္ကျီလက်ရှည်ကို ဆွဲချသွားတတ်သည်။ သူ့စတိုင်လ်လိုလို။ ကျွန်မက သူ့လက်ကို ပြန်ဆွဲကာ လက်စွပ်ကို ချွတ်လိုက်သောအခါ ပိန်လိမ်၍ အရောင်ပျက်နေသည့် လက်စွပ်က ဒေါက်ခနဲကျသွားသည်။ ကောက်ယူကြည့်လိုက်တော့ ပုံစံ တူ၊ နာမည်အမှတ်အသား အင်္ဂလိပ်စာလုံးတော့ မပါ။

"ဒါက ဘယ်လိုဖြစ်တာလဲ"

"ကြာပါပြီ"

"ဘာရယ်.."

"သကြန်တုန်းက ဟိုကောင်တွေနဲ့ လည်ဖို့ ကားခ ပေးစရာမရှိလို့ မေမေ့ဆီလည်း မတောင်းချင်တာနဲ့"

သွားပြီ။ ဒုတိယမြောက် အမှတ်တရ တစ်ကွင်းလည်း သွားပြန်ပြီ။ မအေကတော့ လူလူသူသူလေး ဖြစ်ပါစေဆိုပြီး ဆင်မြန်းပေးထားတာ။ ဒေါသလည်း ဖြစ်၊ ဝမ်းလည်းနည်းလာ၍ ငိုယိုကာ သူ့ကျောကို အကြိမ်ကြိမ်ထုမိသည်။ သူကတော့ မတုန်မလှုပ်။

* * *

ဘယ်သူ့ဖို့မှ မရည်ရွယ်ပါဟု ပြောသာ ပြောရသည်။ စိတ်ကတော့ သားအတွက် ရည်မှန်းခဲ့တာအမှန်။

စုဌွေလေးထုတ်လို့ရသည်နှင့် ရွှေလက်စွပ်လေးတစ်ကွင်း ပြေးဝယ်ထားလိုက်သည်။ လက်စွပ်က ရွှေပြောင်မောင်းကွင်း။ ငါးမူးသားရှိ၍ လက်ထဲမှာ ကြွားနေသည်။

"မေမေ့လက်က သားနဲ့အတူတူပဲ။ သားဝတ်လို့လည်း ရတယ်"

သူက လက်မှာ စွပ်ကြည့်လိုက်သည်။ လူပုံက မခွဲ့သော်လည်း သူ့လက်ချောင်းများ သေး၍ ပျော့ပျောင်းသည်။ အံကိုက်ပဲ။

"ဒါ ငါ့ အိုစာမင်းစာနော်။ ဘယ်သူ့ဖို့မှ မဟုတ်ဘူး"

"အင်းပါ၊ သားလက်နဲ့ အနေတော်ဖြစ်နေလို့ဝတ်ကြည့်တာပါ"

"မင်းလည်း အလုပ်ရပြီပဲ။ စုပေါ့။ လုပ်ပေးမယ်လေ"

"မလိုချင်ပါဘူးဗျာ၊ ကိုယ့်ဘာသာ သုံးလို့တောင် မလောက်တာ။ ခုလည်း မစုနိုင်ပါဘူး"

သည်လိုပြောတော့လည်း အမေလုပ်သူက စိတ်မကောင်းဖြစ်ရသည်။ အလုပ်နှင့်အကိုင်နှင့် ဖြစ်သော်လည်း သူ့စရိတ်နှင့်သူ အမေ့ကိုပင် မထောက်ပံ့နိုင်။ ကျွန်မတို့ အလုပ်ဝင်ခါစက လခသုံးရာပင်မပြည့်။ အိမ်ကို နှစ်ရာပေးပြီး ကျန်တာသုံးသည့်အပြင် ဖဲ့၍ စုနိုင်သေးသည်။ ရွှေကြိုးကလေးအစ လက်ကောက်ကလေး၊ လက်စွပ်ကလေးများ လုပ်နိုင်ခဲ့သည်။ သူတို့အလုပ်လုပ်တော့ တစ်ခါတစ်ရံ ကိုယ့်ဆီကပင် ပြန်ပေးနေရသည်။

"မင်း ခဏဝတ်ချင် ဝတ်ပါလား"

"အာ .. မေမေကလည်း တစ်ရက် နှစ်ရက် ငှားဝတ်ရမှာ ရှက်စရာကြီး"

mgyoe.com

mgyoe.com

"တစ်ရက် နှစ်ရက်မဟုတ်ပါဘူးကွာ။ မေမေ့ဥစ္စာဆိုတာ မင်းမှတ်ထားရင်ပြီးတာပဲ။ မေမေလိုတဲ့အခါ ပြန်ယူမှာနော်။ ရတနာပစ္စည်းဆိုတာ မရှိအသပြာ၊ ရှိတန်ဆာတဲ့။ လိုတဲ့အခါ ငွေဖြစ်အောင် စုဆောင်းရတာကွယ့်"

"တော်တော်လေးတယ်နော်။ ငါးမူးသားထင်တယ်"

သူက လက်စွပ်ကို သဘောကျနေပုံရသည်။ အလုပ်နှင့်အကိုင်နှင့် ဖြစ်သော်လည်း ရွှေဆို၍ မူးလို့ပင် ရှူစရာမရှိသည့်အဖြစ်မျိုးတော့ မဖြစ်စေချင်ပါ။ ကိုယ်မဝတ်ရလည်း ရှိပါစေတော့။ ရှင်းရှင်းပြောရလျှင် သူ့အတွက် ရည်ရွယ်တာ အမှန်။ သူ့ပစ္စည်းဆိုလျှင် လုပ်ချင်သလို လုပ်ပစ်လိုက်မှာစိုး၍ ကိုယ့်ပစ္စည်းအဖြစ် အမည်တပ်ပေးလိုက်ရသည်။ သြော်လေးတွေ ရှိတာပေါ့။

ကိုယ့်ပရိယာယ် ကိုယ်ဟုတ်လှပြီဟု အမေကတော့ ထင်နေသည်။

လက်ထဲမှာ အတော်ကြာကြာမြင်နေရသော ထိုလက်စွပ်ကလေးကို သတိထားမိသည့်တစ်နေ့ ဘယ်ဘက်လက်သူကြွယ်အရင်းတွင် ရွှေရောင်လက်စွပ်ကွင်းအစား အဖြူရောင်အသားကွင်းအဖြစ်ကို တွေ့လိုက်ရသောအခါ ...

"ဟင်... လက်စွပ်ကော"

"ဟိုကောင်တစ်ယောက် သဘော်ာထွက်ဖို့ ငွေလိုတယ်ဆိုတာနဲ့ ပေါင်ပေးထားတယ်။ သူ ပြန်ရွေးပေးမှာပါ"

လာပြန်ပြီ။ အမျိုးအမည်မထင်ရှားသော နတ်သားတစ်ပါးဆိုသည်နှင့်မခြား။ ဘယ်သူဘယ်ဝါရယ်မသိသည့် ဟိုကောင်တစ်ယောက်ကိစ္စဟု ဆိုလာသည်။ ကျွန်မ မယုံ။

"အဲဒါ ငါ့ပစ္စည်းလို့ မင်းကို ပြောထားတာတောင်"

"မေမေ့ဥစ္စာ ပြန်ရွေးပေးမှာပါ"

ကိုယ်ရင့်တတူဖြစ်လာသည့်လေသံ။ လာ... လာချည်သေး။ လုပ်စာက ဘယ်လောက်ရလို့လဲ။ ဘာပြားနဲ့ ရွေးနိုင်မှာလဲ စသည် စသည်တို့ကို ဗျစ်တောက် ဗျစ်တောက် ပြောမနေချင်တော့။ တစ်ကြိမ်လည်းမဟုတ်၊ နှစ်ကြိမ်လည်းမဟုတ်။ တစ်ကွင်းလည်းမဟုတ်၊ နှစ်ကွင်းလည်းမဟုတ်။ သုံးကြိမ်ရှိပြီ။ သုံးကွင်းမြောက်ပြီ။ အမိုက်နှင့်ပြင်ရှိဦးမလားဆိုသည့် ဆရာတော်ကြီး၏ ဆုံးမစကားက ကိုယ့်အဖြစ်နှင့် ကွက်တိကျလို့ပါကလား။

နောက်ဆုံးတော့ အပေါင်ဆုံးမဖြစ်ရလေအောင် ကိုယ်ကပဲ ရွေးပြီး ပြန်ဝတ်ထားလိုက်ရသည်။ တော်ပါသေးရဲ့။ အပြတ်ရောင်းမပစ်လိုက်ပေလို့။

* * *

"ကလေးက ညတိုင်း တအီအီနဲ့၊ ဘာဖြစ်တာလဲ"

"ဟုတ်တယ်အမေ၊ ညတိုင်း ကောင်းကောင်းမအိပ်ဘူး။ ဆတ်ခနဲ ဆတ်ခနဲ လန့်လန့်နိုးတယ်"

"ဘာဖြစ်တယ်ထင်လို့လဲ၊ နေရောကောင်းသားပဲ မဟုတ်လား"

"နေကောင်းပါတယ်၊ တစ်ခုခုပဲလို့ ကျွန်မထင်တယ်"

ချွေးမဖြစ်သူက သူ့သားနှင့်ပတ်သက်၍ စိတ်မရှင်းဖြစ်နေပုံရသည်။ ကျွန်မကတော့ အယူသည်းတတ်သူမဟုတ်။ ကလေးသဘာဝ သွေးလန့်တာဖြစ်မည်ထင်သည်။ ရှေးလူကြီးများက ကလေးများ အိပ်လျှင် ပိုးလိုးပက်လက် မအိပ်စေရ။ စောင်ခေါက်ကလေးဖြစ်ဖြစ်၊ အနီးခေါက်ကလေးဖြစ်ဖြစ် ရင်ဘတ်ပေါ် တင်ဖိပေးထားရသည်။ ဘာပဲဖြစ်ဖြစ် ချွေးမဖြစ်သူ စိတ်ရနံ့ကင်းစေဖို့ ကျွန်မက စီစဉ်ပေးရမည်။

"ဘုရားစင်မှာ ပရိတ်ကြိုးရှိတယ်။ အဲဒါလေးကျစ်ပြီး ဆွဲပေးလိုက်ရအောင်"

ဘုရားအနေကဇာတင်စဉ်က ပရိတ်ချည်အဖြစ် အပ်ချည်ကို အလုံးလိုက်ပရိတ်အိုးမှာထည့်ထားခဲ့သည်။ လိုသလောက်သုံးနိုင်သည်။ ယခု ကလေးလည်ပင်းမှာဆွဲရန် ဖြစ်၍ အပ်ချည်ကို ငါးပင်ပူးချည်ကာ အထုံးကလေးများလုပ်ပေးနေရာမှ စိတ်ကူးရ၍ လက်ထဲမှလက်စွပ်ကို ထည့်ချည်ပေးလိုက်သည်။

"ဒါက ခမည်းပေးတာပေါ့။ အဘွားက မြေးကို ခမည်းပေးတာ"

"အဖိုးတန်ကြီး အမေရယ်"

"သူ့အဖေအတွက် မှန်းထားတာပဲလေ။ သူ့သားရတော့လည်း ပြီးတာပဲပေါ့"

သည်လက်စွပ်အကြောင်းကိုတော့ ပြောမပြဖြစ်တော့။ သုံးကြိမ်မြောက် သည်လက်စွပ်ကလေးက မဆုံးဘဲကျန်နေသည့်အတွက် မြေးဦးကလေးကို ပေးလိုက်နိုင်ခြင်းဖြစ်၍ ကျွန်မ ကျေနပ်ဝမ်းမြောက်ဖြစ်ရသည်။

ညနေပင်မစောင်းလိုက်ပါ။

"တကယ်ပါ၊ ကျွန်မ ဘာမှမသိပါဘူး မမရယ်။ ယူလည်း မယူပါဘူး။ ဖိုးတာတီးလည်ပင်းမှာ ဆွဲထားမှန်းတောင် သတိမထားမိပါဘူး။ ခါတိုင်းလိုပဲမှတ်လို့ ချီသွားလိုက်တာပါ"

ငိုငိုယိုယိုနှင့် ဖြေရှင်းနေသော ကလေးမလေးအသံနှင့် ကျိတ်၍ မေးနေသော ချွေးမအသံကြောင့် ပြဿနာဖြစ်ပြီဆိုသည်ကို သိလိုက်သည်။ သူတို့အနား ကျွန်မရောက်သွားသောအခါ ဘေးအိမ်မှ ကလေးမလေးက ရှိုက်ကြီးတငင် ငို

နေသည်ကို တွေ့ရသည်။ ဘာဖြစ်တာလဲ မမေးရသေးမီ ချွေးမ လုပ်သူက ရှင်းပြသည်။

"ခဏလေး အမေ၊ ခဏလေး ကျွန်မ သတိလစ်သွားတာ။ ကလေးကို သူခေါ်သွားတာ မသိလိုက်ဘူး"

"ကျွန်မ မယူဘူး၊ မယူပါဘူး မမရယ်။ တကယ်ပါ"

"မင်း မယူဘူးဆိုရင် ဘယ်သူယူသလဲ။ ကလေးကို ခေါ်ပြီး ဘယ်သွားတာလဲ"

"ဒီလမ်းထိပ်က မုန့်ဆိုင်မှာ အာလူးကြော်သွားဝယ်တာပါ။ ဖိုးတာတီးလေးလည်ပင်းမှာ ဘာဆွဲထားလဲဆိုတာတောင် မသိပါဘူး။ အခု မမပြောမှ လက်စွပ်လေးဆွဲထားတယ် ဆိုတာ သိတာပါ"

"ချည်တာမခိုင်လို့ ပြုတ်ကျတာများလားအေ"

"အမေ အထပ်ထပ်ချည်လိုက်တာပဲ။ ပြုတ်ကျတာတော့ မဖြစ်နိုင်ဘူး။ ဒါတစ်ယောက်ယောက် ဖြုတ်ယူသွားတာပဲဖြစ်မယ်"

"ကျွန်မ ကလေးချီပြီး မုန့်ထုပ်တွေလိုက်ရွေးနေတုန်း ကျွန်မဘေးမှာ လူစိမ်းတွေရှိတယ်။ ဟုတ်ပြီ။ လူတစ်ယောက်က ကျွန်မနားကပ်ရပ်ပြီး ဖိုးတာတီးလေးပါးကိုတောင် တို့ပြီး ရယ်ပြသေးတယ်"

"ဟုတ်ပါပြီ၊ အဲဒီလူဖြုတ်သွားတာပဲဖြစ်မယ်။ လာ .. ဒီလူရှိသေးလား သွားကြည့်မယ်။ လူမြင်ရင် မင်းမှတ်မိမှာပေါ့"

ချွေးမက ကလေးမလေးကို လက်ကိုဆွဲကာ ထွက်သွားသည်။ ကျွန်မကတော့ အဆုံးထားတွက်လိုက်သည်။ ယခုလောက်ဆိုလျှင် အလစ်သမားက အိမ်အပြန်လမ်းပေါ် ရောက်နေလောက်ပြီ။ မောကြီးပန်းကြီးနှင့် ချွေးမဖြစ်သူ ပြန်လာသည်။ ငိုမဲ့မဲ့မျက်နှာနှင့်။

"အဲဒီနားတစ်ဝိုက် နံ့အောင်ရှာတာပဲ အမေရယ်၊ ပစ္စည်းလည်းမတွေ့၊ လူလည်း မတွေ့ပါဘူး။ စိတ်မကောင်းလိုက်တာ၊ နမြောလိုက်တာ"

သွားပြီ။ တတိယမြောက်လက်စွပ်လည်း ဆုံးပြန်ပြီ။

"သူ့အဖေ ပြန်လာရင်တော့ ကျွန်မကို အပြစ်တင်တော့မှာပဲ။ ကျွန်မ ပေါ့ဆလို့ဖြစ်ရတာ"

"ငါ့အပြစ်ပါအေ။ အတာတ်ဆန်းပြီး ကလေးကို အဖိုးတန်ရွှေဆင်မိတာကိုး။ ဖြုတ်လို့ရတာမို့ပေါ့။ ဖြုတ်လို့မရရင် တစ်နေရာရာခေါ်သွားပြီးသတ်ယူမှာ။ ကဲ ... ဟိုကောင်လည်း သိသေးတာမဟုတ်ဘူး။ ဘာမှပြောမနေနဲ့တော့။ မထိုက်တဲ့ပစ္စည်း ထွက်တယ်လို့ပဲ သဘောထားလိုက်တော့။ အသာနေ ပရိတ်ကြိုးထပ်ကျစ်လိုက်ဦးမယ်"

ချွေးမဖြစ်သူက စိတ်မကောင်းဖြစ်ကာ တဗျစ်တောက်တောက် ပြောနေသည်။ မကြာမီ ပရိတ်ကြိုးကျစ်ပြီးသွားသည်။ ကျွန်မက အခန်းထဲဝင်ကာ ဗီရိုအံဆွဲထဲမှ ပစ္စည်းတစ်ခုကို ထုတ်လာခဲ့သည်။

"ဟင်..အမေ လက်စွပ်ထပ်ယူလာပြန်ပြီ"

"အေး ..ဒါလည်း ငါပေးတဲ့ခမည်းပေါ့အေ။ ဒီတစ်ခါတော့ ဘယ်အလစ်သမားကမှ ဖြုတ်မှာ မဟုတ်တော့ပါဘူး။ ဆွဲပေးထားလိုက်"

အရောင်ပျက်နေသော လက်စွပ်ကို တစ်လှည့်၊ ကျွန်မ အပြုအမူကိုတစ်လှည့်ကြည့်ရင်း ချွေးမဖြစ်သူက နားမလည်နိုင်အောင် ဖြစ်နေပုံရသည်။ သည်ရွှေလက်စွပ်အတုဇာတ်လမ်းကို သူ မသိ။

ကလေးအဖေ ကျွန်မသားကတော့ ကောင်းကောင်း မှတ်မိပါလိမ့်မည်။

*မဟေသီမဂ္ဂဇင်း၊ ဧပြီလ။ ၂၀၀၇*

❑

mgyoe.com

# တွယ်ရာမဲ့ သစ်ခွတစ်ပွင့်

စုသဲမွန်

'အမေ'

အမြန်လာခဲ့ပါ။ အိမ်မှာ မေကြည်လည်း နေမကောင်းဘူး။ ပြီးတော့ အိမ်ဖော်ကောင်မလေးကို ပွဲစားခေါ်ရွှေပြန်ခေါ်သွားလို့ လူစောင့်မရှိဘူးဖြစ်နေတယ် ... အမေလာမှပဲ အဆင်ပြေလိမ့်မယ်ထင်တယ် ...

ဒီလို စာတိုလေးတွေရေးပြီး အမေ့ကို လှမ်းခေါ်တတ်ရင် အမေက ကျွန်မဆီ ချက်ချင်းရောက်လာစမြဲပါ။ ကြိမ်ခြင်းတောင်းနဲ့ ပလတ်စတစ်အိတ်ကြားလေးလွယ်ပြီး အပြေးအလွှားရောက်လာတဲ့ အမေ့ပုံစံလေးကို ကျွန်မ မျက်စိထဲက ဘယ်တော့မှ အထွက်ပါဘူး။

"အမေလာတာ မြန်သားပဲ" လို့ ကျွန်မပြောမိတဲ့အခါ...

"လာရမှာပေါ့တော် ... ညည်းက ကျုပ်မလာရင် ဒုက္ခရောက်ပြီဆိုတာ ကျုပ်ကသိနေတော့ လာရတာပေါ့"လို့ ကရုဏာဒေါသောနဲ့ တမင်ဟန်လုပ်ပြီး ဆိုပါတယ်။ တကယ်လည်း ကျွန်မမှာ အိမ်ထောင့်တာဝန်တွေ ပိနေတဲ့ အိမ်ရှင်မတစ်ဦးဖြစ်လို့ ကျွန်မအတွက် အိမ်မှာအဖော်တစ်ယောက်လောက် မရှိရင်မဖြစ်ဘူးဆိုတာ အမေအသိဆုံးပါ။ တစ်လသုံးလေးထောင်ပေးပြီး ငှားရတဲ့ အိမ်ဖော်တွေက စိတ်လည်းမချရ။ စိတ်တိုင်းလည်းမကျလို့ ကိုယ့်စိတ်ကြိုက် အချိန်ယူသင်ပေးထားပြန်တော့လည်း ပွဲခမက်တဲ့ ပွဲစားတွေက လာပြန်ခေါ်သွားလိုက်၊ အသစ်တစ်ယောက်နဲ့ လဲလိုက်နဲ့ လည်နေတတ်တဲ့ သံသရာထဲမှာ စိတ်ရော၊ လူရော်မောလို့ပေါ့။ ဒီထက် လူပင်ပန်းတာက အိမ်မှာ သူငယ်ပြန်နေတဲ့ ကိုဇော့်အမေ (ကျွန်မယောက္ခမ)ရဲ့ ဒုက္ခကလည်း မသေးလှတာမို့ အလုပ်တစ်ဖက်နဲ့ ကျွန်မမှာ မလှူးသာ မလွန့်သာပါပဲ...။

ဈေးထဲက ကျွန်မ အထည်ဆိုင်မှာ ဖောက်သည်တွေ စိတ်တိုင်းကျသည်းခံလိုက်ရလျောရင်း စိတ်ပင်ပန်းလှသမျှ အိမ်ရောက်ပြီဆိုရင်ပဲ စိတ်ရောလူပါ ဒုန်းဒုန်းချ အိပ်ပစ်ချင်တော့တာပါပဲ။ ဒါကြောင့် အမေ့ကို လှမ်းခေါ်ရတာလေ။ အမေက ကျွန်မနဲ့ ဒီအိမ်ကလူတွေအကြောင်း နောကြေအောင် သိပြီးသားမို့ အိမ်မှာ ကိစ္စတစ်ခုခုပေါ်ရင် ဘာလိုမယ်၊ ဘာလုပ်ရမယ်ဆိုတာကို ပြောစရာမလိုပါဘူး။ သူ့ဘာသာသူ အဆင်ပြေအောင် ကြည့်လုပ်ပေးနိုင်ပါတယ်။

အမေရောက်လာပြီး နှစ်ရက်၊ သုံးရက်လောက်ကြာရင် မေကြည်က ရောဂါ အတော်လေးသက်သာသွားတတ်ပါတယ်။ မေကြည်ဖြစ်နေတဲ့ရောဂါက တကယ်တမ်းကျတော့ အထီးကျန်တဲ့ ရောဂါ။ စကားပြောဖော်မရှိလို့ ဖြစ်တဲ့ရောဂါပဲဖြစ်မလား၊ မသိပါဘူး။ မေကြည့်အသက်က ရှစ်ဆယ့်ငါးနှစ်။ အမေ့ထက် ဆယ်နှစ်လောက်ကြီးပေမယ့် မေကြည်က အမေ့ကို ကလေးတစ်ဦးလို အားကိုးချွဲနွဲ့နေရှာတယ်။

ထမင်းစားလည်း အမေနဲ့မှ၊ တရားခွေနားထောင်ရင်လည်း အမေနဲ့မှ၊ သူနဲ့စကားစမြည်ပြောပြီး အိပ်ရာဝင်ရင်လည်း အမေနဲ့မှ အတူအိပ်တာ။ အမေ မရောက်လာခင်တုန်းကဆိုရင် အိမ်ဖော်မလေးနဲ့ ကျွန်မ မေကြည့်ကိစ္စရော အိမ်မှုကိစ္စတွေရော တဝုန်းဝုန်း တရုန်းရုန်းနဲ့ အို...စိတ်ပျက်စရာ။ ကျွန်မဆို အိမ်ဖော်ကောင်မလေးကို စိတ်တိုင်းမကျရတဲ့ကြားထဲ တချို့ကိစ္စတွေကို မျက်နှာလွှဲခဲပစ်လုပ်ထားရတာ။

သားနဲ့သမီးအရေးက ရှိသေးတယ်လေ။ အလယ်တန်းကျောင်းသားအဆော့မက်တဲ့ အကြီးကောင်နဲ့ မူလတန်းကျောင်းသူအငယ်မလေးရဲ့ ကိစ္စတွေကလည်း တပုံတပင်ပဲ သူတို့ကိုလည်း နာမည်ကြီးကျောင်း၊ နာမည်ကြီးကျူရှင်တွေထားနိုင်ဖို့ မျက်နှာမငယ်ရအောင် ဝတ်နိုင်၊ စားနိုင်၊ ဆင်နိုင်ဖို့နဲ့ လက်ဖြန့်တောင်းတိုင်း ပေးရတဲ့မုန့်ဖိုးတွေအပြင် ကျောင်းက ဟိုကြေး၊ ဒီကြေးတွေကလည်း အမယ်လေး ... ကုန်လိုက်

mgyoe.com

mgyee.com

တဲ့ပိုက်ဆံဖြင့် အိတ်ပေါက်နဲ့ ဖားကောက်သလိုပါပဲ။

ဒါကြောင့် လင်မယားနှစ်ယောက် ရှာလို့ရတဲ့ ပိုက်ဆံကလည်း စုဆောင်းဖို့ထက် သာရေး၊ နာရေး၊ လူမှုရေးကိစ္စတွေမှာ သုံးစွဲဖို့ ကာမိရုံလောက်ပဲရှိတာပါ။ ဒါတောင်မှ လူမှုရေးဆိုတဲ့ ကုန်ကျစရိတ်ထဲမှာ အမေ့ကို ကန်တော့တဲ့ငွေကမဆိုသလောက် နည်းနည်းလေးပဲရှိပါတယ်။ အမေကလည်း အများကြီးကန်တော့ရင် လက်မခံတတ်သူမို့ ကျွန်မဘက်ကကြည့်ရင် ဝတ္တရားအရ မဖြစ်စလောက်ပေးကမ်းသလိုများဖြစ်နေမလားလို့ တစ်ခါတလေ တွေးမိပါသေးတယ်။

ဒါပေမဲ့ အမေကတော့ ကျွန်မတွေးသလို မမြင်တဲ့အပြင် ပိုက်ဆံတွေ့ထဲက သူ့မြေးတွေမုန့်ဖိုးဆိုပြီး ပေးသွားပါသေးတယ်။ အမေက ဒီလိုပဲ ကျွန်မဆီသွားလိုက်၊ ပြန်လိုက်နဲ့ ထူထူထောင်ထောင် သွားလာနိုင်သေးပေမယ့် အိုကြီးအိုမ အမေ့ကို ရွာနဲ့မြို့ ခေါက်တုံ့ခေါက်ပြန် သွားလာနေတာကို ကျွန်မ တကယ်စိတ်မချနိုင်ပါဘူး။ ဒါကြောင့် အမေ့ကို ကျွန်မတို့နှင့်အတူနေဖို့ အမျိုးမျိုးခေါ်ပေမယ့်လည်း မရခဲ့ပါဘူး။ အမေက အဖေခေါင်းချသွားတဲ့ အိမ်လေးနဲ့ သူ့မွေးရပ်မြေ 'ပန်းမြိုင်ကုန်း' ရွာလေးကို မခွဲနိုင်ဘူးတဲ့။

အဲဒီတော့ ကျွန်မက ဘာတတ်နိုင်တော့မလဲ။ အမေ့ဆန္ဒအတိုင်း အမေက ရွာမှာအနေများပြီး ကျွန်မက ယောက္ခမကို အမေရင်းလိုပဲ တရိုတသေနဲ့ပြုစုလုပ်ကျွေးကြရတော့တာပေါ့။ ကျွန်မယောက္ခမ မေကြည်ရဲ့အခန်းထဲမှာဆိုရင် ဟောလစ်၊ အိုဗာတင်း၊ မိုင်လို၊ ကွေကာအုပ် စတဲ့ အားရှိတဲ့အစားအသောက်တွေ အလျှံပယ်ပါပဲ။ ဒီအစားအသောက်တွေကို မေကြည်အားရပါးရ စားတာမြင်တိုင်း အမေ့ကိုလည်း သတိတရနဲ့ ကျွေးမွေးချင်ပါသေးတယ်။

အမေကတော့ 'အဲဒီ ညှီစို့စို့ အနံ့ကြီးနဲ့ ဟောလစ်ဆိုတာရော၊ အဆီအဆိမ့်အရသာတွေ နင်တို့ရဲ့ နိုင်ငံခြားမုန့်တွေကို ငါမစားတတ်ပါဘူး။ အလကားဒုက္ခရှာပြီး ဝယ်ပို့မနေပါနဲ့ ပိုက်ဆံကုန်ပါတယ်'လို့ဆိုပြီး ငါးနီတူခြောက်လေးနဲ့ ကောက်ညှင်းပေါင်းကိုသာ မြိန်ရည်ယှက်ရည် စားတတ်ပါတယ်။ မေကြည့်ကို ဆေးထိုး၊ နေ့စဉ်မှန်မှန် ဆရာဝန်ညွှန်းတဲ့ အားဆေးတွေတိုက်တိုင်းလည်း အမေ့ကိုလည်း ကောင်းမယ်ထင်တဲ့ အားဆေးဘူးလေးတွေ ဝယ်ပြီးပို့ပေးပါတယ်။

ဒါပေမဲ့ အမေကတော့ သူ့ရဲ့ ဆေးနီနီတို့ ဆေးဝါဝါတို့၊ ဆေးမည်းမည်းတို့ကိုသာ အားကိုးတာမို့ ကျွန်မရဲ့အားဆေးဘူးတွေကို နောက်မပို့ပါနဲ့တဲ့။ ဒီအကြောင်းကိုသိနေတဲ့ ကိုဇော်ကလည်း အမေ့ရဲ့ကျန်းမာရေးစိတ်ချရအောင်၊ သူ့အမေလည်း အဖော်ရအောင်ဆိုပြီး ရန်ကုန်မှာနေဖို့ အတင်းခေါ်ပါသေးတယ်။ သူ့မြေးတွေကပါ ဘွားအေကို အတင်းခေါ်တော့ မြေမရှိ၊ အပင်မရှိတဲ့ ကျွန်မတို့ရဲ့ တိုက်ခန်းကျဉ်းကျဉ်းကလေးမှာ သူ ကြာကြာမနေနိုင်ပါဘူးတဲ့ ....။ အမေပြောတာလည်း ဟုတ်မှာမို့ နောက်တစ်ခါ ကျွန်မခေါ်ရင် အမေမလာမှာစိုးရိမ်ပြီး ဒီအိမ်မှာနေဖို့ကိစ္စကို ခဏခဏ စကားမဟရဲတော့ပါဘူး။

ဒါပေမဲ့လည်း မေကြည် နေ့နဲ့ညမှားပြီး သက်ကြီးရောဂါရနေချိန် ကျွန်မကလည်း အိပ်ရေးပျက်မခံနိုင်သူမို့ ဒီလိုဒုက္ခတွေဖြစ်လို့ ခေါ်လိုက်တိုင်း အမေက မဆိုင်းဘဲ ကတိုက်ကရိုက် ရောက်လာတတ်ပါတယ်။ အမေ့ကိုမြင်ရင် မေကြည်ကလည်း ဝမ်းပန်းတသာ၊ ကလေးတွေကလည်း ပျော်ပျော်ရွှင်ရွှင်မို့ ကျွန်မလည်း စိတ်ချမ်းသာရပါတယ်။ အမေက မေကြည်နဲ့ တစ်နေကုန်အဖော်လုပ်စကားတွေပြောရ၊ ကက်ဆက်ဖွင့်ပြီး အတူထိုင်တရားနာရ၊ (တစ်ခါတလေ မေကြည့်ရဲ့ စိစိပေါက်ပေါက် ဂျီကျမှုလေးတွေကိုလည်း ကျေနပ်အောင် လုပ်ပေးရ)တာတွေအပြင် .... ကလေးတွေကလည်း အဘွားနဲ့အတူ ဆော့ချင်တဲ့သူနဲ့။ အဘွားပုံပြောတာနားထောင်ချင်သူနဲ့ အားလုံးရဲ့အလိုဆန္ဒကို အမေတစ်ယောက်တည်းက ဖြည့်ဆည်းပေးနေရသလိုပါပဲ။

အမေက ကျွန်မနဲ့ပတ်သက်ပြီး အစစ အရာရာ လိုအပ်သလို ဖြည့်ဆည်းပေးနေပေမယ့် ကျွန်မကတော့ အဝေးကနေ ငွေလှမ်းပို့ရုံကလွဲပြီး အမေ့ဆန္ဒတွေ ဘာမှမဖြည့်ဆည်းပေးနိုင်ပါဘူး။ အမေလည်း အမေကြည်လိုပဲ သမီးတွေ၊ မြေးတွေနဲ့ မခွဲဘဲ အမြဲနေချင်မှာပဲလို့ တစ်ခါတလေ စဉ်းစားမိတယ်။ ဒါကလည်း အမေကို ကျွန်မခေါ်တဲ့အတိုင်း အတူနေရုံကလွဲလို့ တခြားနည်းလမ်းမရှိဘူးလေ။

ပြီးခဲ့တဲ့တန်ဆောင်တိုင်တုန်းက အမေသိပ်နေမကောင်းဘူးလို့ ရွာက အမျိုးတစ်ယောက်က စာလှမ်းရေးလို့ ကျောင်းခဏပိတ်ထားတဲ့ အကြီးကောင်ကိုခေါ်ပြီး ကျွန်မလည်း စိတ်ပူပူနဲ့ ရွာကို လိုက်သွားခဲ့ပါတယ်။ ဟိုရောက်တော့ အိပ်ရာထဲလှဲနေတဲ့ အမေက သူမမှာဘဲ လာရမလားလို့ ကျွန်မကိုရော စာလှမ်းရေးတဲ့ သူ့အိမ်နီးချင်းကိုပါ စိတ်ဆိုးချင်သေးတယ်။ အဲဒီတစ်ခေါက်က အမေနေကောင်းအောင် ပြုစုပေးရင်း မကြာသင့်ဘဲ အဲဒီမှာ တစ်ပတ်လောက်ကြာသွားခဲ့တယ်။

သားကြီးလည်းကျောင်းပြန်ဖွင့်လို့ ကျောင်းပျက်ရက်တွေ များသွားနိုင်သလို၊ ဆိုင်ကိုလည်း နောက်ဆံတင်းငင်နဲ့မို့ ကျွန်မလည်း ယတိပြတ်ဆုံးဖြတ်ချက်တစ်ခုကို ချပြီး

mgyee.com

အမေ့ကို ရန်ကုန်လိုက်ဖို့ခေါ်တော့ အမေက ခေါင်းမာစွာနဲ့ပဲ ငြင်းတယ်။ ကျွန်မလည်း ကူဖော်လောင်ဖက်မရှိဘဲ အမေ ဖျားနာနေတာကို စိတ်ကုန်လို့ အိမ်ကိုလိုက်ဖို့ အတင်းခေါ်မိတယ်။ အမေက အိမ်နီးနားချင်းတွေ အားကိုးနဲ့ ကျွန်မကို ထပ်ငြင်းပြန်တယ်။ ကျွန်မလည်း ဒေါသထွက်၊ ဝမ်းလည်း နည်းမိတာမို့ ...

"အမေကလေ ..ကျွန်မကို သိပ်ဒုက္ခပေးတာပဲ။ ကျွန်မက ဒီမှာ အမေ့ကို စိတ်မချနိုင်မှန်းသိလျက်ရဲ့ အမေက နေခဲ့ချင်တယ်။ ကျွန်မ ဒီမှာ ဘယ်လိုမှ နေလို့မရဘူးဆိုတာ သိသိကြီးနဲ့ ကျွန်မ စိတ်ထိခိုက်အောင် မေမေ သက်သက် ဒုက္ခပေးတာပဲ"

ကျွန်မ ဒီစကားကို မပြောသင့်ဘူးဆိုတာသိလျက်နဲ့ ပြောထွက်သွားခဲ့တာ။ ကျွန်မ ဒုက္ခရောက်မှာစိုးလို့ အမြဲတစ်ဖက်တစ်လမ်းက ကူညီဖေးမပေးတဲ့ အမေ့ကို စိတ်ထိခိုက်အောင် ဒုက္ခပေးသူလို့ စွပ်စွဲမိတာ ကျွန်မ သိပ်မှားသွားပြီဆိုတာ ပြောထွက်ပြီးပြီးချင်း သိပါတယ်။ အဲဒီနေ့က ကျွန်မလည်း မျက်ရည်တွေနဲ့ပြန်ခဲ့ရပြီး အမေလည်း မျက်ရည်တွေနဲ့ ကျွန်ရစ်ခဲ့တယ်။ အမေ့ခြံထဲက မထွက်ခင် သစ်ပင်အိုကြီးတစ်ပင်မှာ ခိုကပ်ပေါက်နေတဲ့ သစ်ခွပန်းလှလှလေးကိုမြင် ပြီး အပြန်လမ်းတစ်လျှောက်လုံး နှောင်တအသိတွေ ရခဲ့ရ တယ်။

အဲဒီတစ်ခေါက်က ခေါင်းမာမာကျန်ရစ်တဲ့အမေက ပုံမှန်ပြန်နေကောင်းသွားခဲ့ပါတယ်။ ပုံမှန်ပြန်မဖြစ်တာက ကျွန်မရဲ့နှလုံးသား ... ။ အမေ့ကို ဒုက္ခပေးတဲ့သူလို့ ပြောထွက်မိမှားခဲ့တာက ကျွန်မရဲ့နှလုံးသားကို ထိခိုက်ဒဏ်ရာရစေခဲ့ပါတယ်။ တကယ်တော့ ... ကျွန်မဘဝရဲ့ နေ့စဉ်ရုန်းကန်မှု ပင်လယ်ထဲမှာ လက်ပန်းကျနွမ်းနယ်နေချိန်တိုင်း 'အမေ'လို့ တစ်ခွန်း 'တ'လိုက်ရုံနဲ့ ကျွန်မနံဘေးနားရောက်လာပြီး ဒုက္ခတွေ ဝေမျှအားပေးတဲ့လူဟာ အမေတစ်ယောက်တည်းပဲ ရှိတာပါ။

နောက် အမေ့ကို ထပ်ပြီးမြင်တွေ့ခွင့်ရတိုင်း အမေနဲ့ ပတ်သက်ပြီး စကားမှားခဲ့တဲ့ ကျွန်မ အမေ့ကို ပြန်တောင်းပန်ဖို့ ကြိုးစားစိတ်ကူးကြည့်ပေမယ့် တကယ်တမ်းအကောင်အထည် မဖော်ဖြစ်ခဲ့ပါဘူး။ အမေ့ကို ကျွန်မ ကရုဏာဒေါသောနဲ့ စိတ်လိုက်မာန်ပါ ပြောခဲ့မိတယ်ဆိုတာ အမေ နားလည်မှာပဲလို့ ကိုယ့်ဘာသာ ခပ်ဖော့ဖော့တွေးပြီး အမေက ကျွန်မကို ဂရုတစိုက်နဲ့ လုပ်ပေးတိုင်း အမေ့ကို စိတ်ထဲက ကြိတ်တောင်းပန်ခဲ့တာဟာ လုံလောက်ပြီလို့ ထင်ခဲ့မိတဲ့ ကျွန်မ အခုတော့ အရမ်းမှားသွားခဲ့ပြီ။ ကျွန်မဟာ အမေနဲ့ ပတ်သက်ပြီး မှားခဲ့တဲ့ စကားတစ်ခွန်းအတွက် အမေကျေနပ်တဲ့အထိ မဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် ကျေနပ်တဲ့အထိ တောင်းပန်ဖို့ လိုနေပြီလေ ... ။

အခုတော့ ကျွန်မမှာ ဒီအကြွေးဆပ်ဖို့ အခွင့်အရေးမရှိတော့ပါဘူး။'အမေ'လို့ လှမ်းခေါ်ရင်လည်း အရင်လို အမေ ရောက်မလာနိုင်တော့ပါဘူး။ ကျွန်မရဲ့စကားအမှားတစ်ခွန်းကို ကျွန်မနှလုံးသားထဲမှာ ဆူးတစ်ချောင်းအဖြစ် ထားရစ်ခဲ့ပြီး လောကကြီးထဲကနေ အမေထွက်ခွာသွားပါပြီ။

အမေဆိုတဲ့ အပင်အိုကြီးမရှိတဲ့နောက်ပိုင်းမှာတော့ ကျွန်မဆိုတဲ့ သစ်ခွပန်းလေးဟာ အမျှားအမြင် တင့်တယ်တဲ့ ငှည့်ခန်းပန်းအိုးလို နေရာမျိုးမှာ ရှိချင်လည်းရှိလိမ့်မယ်။ ဒါမှမဟုတ် သစ်ခွပန်းခြောက်လို ဘဝမျိုးရောက်ချင်လည်း ရောက်နေလိမ့်မယ်။ ဒါပေမဲ့ အပင်အိုကြီးမှာ မှီခိုတွယ်ကပ်ခွင့် ရတုန်းကလို လှပစိုပြည်မှုမရှိတော့ဘူးဆိုတာ ကျွန်မကိုယ် ကျွန်မ သိနေပါတယ် .... ။

အခုတော့လည်း ကျွန်မ သစ်ခွပန်းလေးဘဝကနေ အပင်အိုကြီးဘဝကို ကူးပြောင်းစပြုနေပါပြီ။ ကျွန်မမှာ တွယ်ကပ်နေတဲ့ ပန်းလေးတွေလည်း ရှိနေပြီလေ။ အမေ ကျွန်မကို အစစအရာရာ လိုလေသေးမရှိ ဖန်ဆင်းပေးခဲ့သလို ကျွန်မရဲ့ပန်းကလေးတွေကို ကျွန်မ ဖြည့်ဆည်းပေးနိုင်ပါ့မလားလို့ ကိုယ့်ကိုယ်ကိုယ် သံသယရှိမိတယ်...။ ဘာပဲဖြစ်ဖြစ် အမေ့ကို အတုယူရင်း ကျွန်မရဲ့ ပန်းလေးတွေကို လောကကြီးမှာ အလှဆုံး၊ အမွှေးဆုံးတွေဖြစ်အောင် ကြိုးစားပြီး ပြုစုပျိုးထောင်ရပါဦးမယ်။

တစ်ဆက်တည်းမှာပဲ အမေ့ကို လွမ်းမိရင်း ကျွန်မမှားခဲ့တဲ့ စကားတစ်ခွန်းအတွက် အထပ်ထပ် တောင်းပန်နေမိတယ်။ ကျွန်မရဲ့ စိတ်ကူးအာရုံထဲမှာတော့ အမေက ကြည်ကြည်လင်လင်ပြုံးနေလေရဲ့။ အမေက ကျွန်မကို ခွင့်လွှတ်မှာပါလေ။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်သူတွေက ကြီးမားရင့်ကျက်တယ်ပဲ ထင်ထင် အမေ့အမြင်မှာတော့ ကျွန်မဟာ အမေ ထားရစ်ခဲ့တဲ့ တွယ်ရာမဲ့ သစ်ခွလေးတစ်ပွင့် ဖြစ်နေဦးမှာပဲမဟုတ်လား။

*ပိတောက်ပွင့်သစ်၊ မတ်လ၊ ၂၀၀၇။*

❑

mgyoe.com

mgyoe.com

# တစ်ခေါက်တစ်ကြေး ကတ်တလောက်

စိုးဘားဒိုင်

မနက် ၅ နာရီပို့ရသည့် ဈေးချို တစ်ခေါက်ကိုပို့ပြီးသည့်နောက် မိန်းမနှင့်သမီးကိုခေါ်ကာ စိန်ဝင်းဝင်းတွင် မနက်စာ စားသည်။ ထို့နောက် မိန်းမနှင့်သမီးကို အိမ်ပြန်ပို့ပြီး ဈေးဖိုးထွက်ရှာရသည်။ ဂိတ်ထိုးနေကျနေရာတွင် စောစောဂိတ်ထိုးသည်။ ဆိုက်ကားပေါ်ကနေ ထိုင်စောင့်ရင်း ခရီးသည်ကို မျှော်သည်။ ဆိုက်ကားတွေ့ပြီး လူမတွေ့ပါက လမ်းသွားလမ်းလာ လျှောက်နင်းရင်း ဖောက်သည်ရှာနေသော ဆိုက်ကားတွေကို စောင့်ငှားသွားကြလျှင် ဈေးဖိုးခေါက်အတွက် လွတ်သွားမှာစိုး၍ ဆိုက်ကားနှင့်လူတွဲပြီး စောင့်သည်။ သူ့ခေတ်ရောက်နေသော ကိုဘကြည်ကတော့ ဆိုက်ကားပေါ်ထိုင်၊ မျက်လုံးမှိတ်ကာ ပရိတ်ရွတ်နေသည်။ သူကတော့ ပရိတ်ကြီး၁၁ သုတ် ရွတ်ဖို့နေနေသာသာ ဘုရားကန်တော့ကိုပင် ဖြောင့်ဖြောင့်တန်းတန်း ရသူမဟုတ်ပေ။ ဈေးဖိုးအတွက် စိတ်လောနေသဖြင့် အောင်မျိုးနိုင် မျက်လုံးလည်းမမှိတ်နိုင်။ လမ်းပေါ်မှာတော့ အလုပ်သွားသူ၊ ကျောင်းသွားသူတွေဖြင့် ရှုပ်ထွေးလျက်ရှိသည်။ ၃၅ လမ်းမကြီးသည် ကိုယ့်ကိစ္စ၊ ကိုယ့်ခရီးနှင့်သူများနှင့် ပျာယာခတ်နေကြပုံရလေသည်။ အောင်မျိုးနိုင်ကတော့ မျက်လုံးအစုံပျာယာခတ်ကာ ဘယ်နေရာကများ ဆိုက်ကားငှားမယ့်သူ ပေါ်လာလိမ့်မလဲနှင့် စိတ်လောနေသည်။

ကောင်းကင်ကို မော့ကြည့်လိုက်တော့ မိုးသားတွေက ရွာတော့မည် တကဲကဲနှင့် တာစူနေကြသည်။ တစ်နေကုန်နီးပါးလောက် တဖွဲဖွဲရွာနေသော မိုးသည် ယနေ့ပါဆိုလျှင် ၄ ရက်မြောက်ရှိနေလေပြီ။ ယခုလည်း မိုးက ၄ ရက်မြောက်ရွာဖို့ တာစူနေပုံရသည်။ မိုးသားတွေဟာ အရင်ရက်တွေထက် ပိုထူနေလေတော့ ယနေ့ရွာမည့်မိုးက သည်းတော့မည့်သဘောဆောင်နေလေသည်။

ကိုယ့်စက်ဘီးနှင့်ကိုယ်၊ ကိုယ့်ဆိုင်ကယ်နှင့်ကိုယ်၊ ကိုယ့်ကားနှင့်ကိုယ် သွားလာနေကြသော လူတွေကိုကြည့်ရင်း လက်ဖက်ရည်ဆိုင်ထဲကပြစ်ဖြစ်၊ ရှမ်းခေါက်ဆွဲဆိုင်ထဲကဖြစ်ဖြစ် ခရီးသည်တစ်ယောက်တလေ ထွက်လာလေမလားဟု အောင်မျိုးနိုင်မျှော်သည်။ ဈေးဖိုး တစ်ခေါက်နင်းပြီးလျှင်တော့ သူ့မှာ ရှင်းစရာခေါက်တွေက ကတ်တလောက်တစ်ခုလို တန်းစီနေသည်။

စူပါရကားလေးတစ်စီး သူ့အနားတွင် လာရောက်ထိုးရပ်လိုက်သည်။ ခရီးသည်မျှော်နေကာမှ လိပ်စာမေးမည့်သူနှင့် လာတိုးနေပြီဟု အောင်မျိုးနိုင် တွေးလိုက်မိသည်။ ကားပေါ်ကနေ အမျိုးသမီးတစ်ဦး ဆင်းလာသည်။

"ငါ ကျောင်းပို့ပြီးတာနဲ့ ဝါဆိုသင်္ကန်းကပ်ဖို့ ဖိတ်ထားတာ သွားလိုက်ဦးမယ်။ အဲဒီကအပြန် ဝင်ကြိုမယ်။ ဈေးပေါက်က စောင့်နေ။ ကြာနေရင်လည်း ဆိုက်ကားငှားပြီး ပြန်ချင်ပြန်လိုက်ပေါ့"

"ရှင့်ဟာရှင် သွားစရာရှိတာ သွားပါ။ ကလေးကို ကျောင်းထဲရောက်အောင် ပို့ခဲ့ဦးနော်။ ကားပေါ်ကချပြီးတာနဲ့ မောင်းမသွားနဲ့ဦး။ ရှင့်သားက တော်တော်ရယ်။ ကျောင်းထဲမဝင်ဘဲ လျှောက်သွားနေဦးမယ်"

"အေးပါ"

"မေမေ တာ့တာ"

"အေး ကောင်းကောင်းသွားနော်သား၊ လျှောက်သွားမနေနဲ့ဦး"

ကားထွက်သွားတော့ စောစောက ကားပေါ်ကဆင်းလာသည့် အမျိုးသမီး အောင်မျိုးနိုင်ဆီ လျှောက်လာပြီး ရတနာပုံဈေးကို ငှားသည်။ ရတနာပုံဈေးဆိုတော့ ၃၅ လမ်းတည့်တည့်နင်းသွား၍မရပေ။ တောင်ဘက် ပတ်ရင်ပတ်၊ မဟုတ်

mgyoe.com

လျှင် မြောက်ဘက်က ပတ်၍သွားရတော့မည်ဖြစ်သည်။

"ရတနာပုံဈေးဆိုတော့ ပတ်နင်းရမှာ အစ်မ... ထောင့်ငါးရာ ပေးပါ"

"သွားမယ်၊ မိုးတွေက ညို့နေတာ။ ရွာချရင် ပြဿနာပဲ။ လောလောဆယ် ထီးမယူခဲ့မိဘူး။ ရှင့်ဆီမှာ ထီးပါတယ် မဟုတ်လား"

"ပါတယ် အစ်မ"

"သွားစို့ – သွားစို့"

အမျိုးသမီးက ဆိုက်ကားပေါ် မြန်မြန်ထက်ထက် တက်လိုက်သည်။ အောင်မျိုးနိုင်လည်း ခပ်သွက်သွက်နင်းလိုက်သည်။

"တစ်နေ့တစ်နေ့ ဗာဟီရတွေက သိပ်များတာပဲ။ မနက်မိုးလင်းလို့ မျက်လုံးနှစ်လုံးဖွင့်လိုက်ပြီဆိုတာနဲ့ လုပ်စရာတွေ၊ သွားစရာတွေက တန်းစီနေတော့တာပဲ။ လူမှုရေးကိစ္စတွေကလည်း မသွားလို့မကောင်းဘူးလေ။ ကလေးကျောင်းကြို၊ ကျောင်းပို့ကလည်း အချိန်နဲ့လုပ်ရတာ"

"ကလေးကျောင်းကြို၊ ကျောင်းပို့ကို ဆိုက်ကားလပေးခေါ်ထားလိုက်ရောပေါ့ အစ်မရယ်"

"ငှားဖူးတယ်၊ ကျောင်းပို့တာ မှန်ပေမယ့် ကျောင်းကြိုတာကျတော့ မမှန်ချင်ဘူးဖြစ်နေလို့ ဖြုတ်လိုက်ရတာ။ ကျွန်မသားကလည်း ကျောင်းလွှတ်လို့ အပေါက်ကထွက်တာနဲ့ သူ့လာကြိုတာ မတွေ့ဘူးဆို ဟိုဝင်ဒီဝင်နဲ့ ဂိမ်းမဆော့ရရင်လည်း ဟိုဂိမ်းဝင်ငေး၊ ဒီဂိမ်းဝင်ငေးနဲ့ဆိုတော့ ကျောင်းကြိုကသေချာမှ ရတာ"

"ဆိုက်ကားသမားတွေ ကျောင်းပို့၊ ကျောင်းကြိုလပေးကို ဂရုစိုက်ကြပါတယ်။ တစ်ခါတလေကျတော့ ခရီးသည်ရသွားလို့ နည်းနည်း နောက်ကျသွားတာ ရှိမှာပါ"

"ကျောင်းကြိုမယ့်အချိန်ရောက်တော့မယ်ဆိုရင်တော့ မလိုက်တာ အကောင်းဆုံးပေါ့"

"တော်တော်များများကတော့ မလိုက်ပါဘူး။ တစ်ခါတလေကျတော့ ခရီးသည်ငှားတဲ့နေရာ ပို့ပြီး ကျောင်းကြိုမယ့်အချိန် မီတယ်ဆိုပြီး လိုက်သွားတယ်။ နောက်တော့မှ ခရီးသည်က ဟိုသွားဒီသွားတွေ ပေါ်လာတာမျိုးနဲ့ ကြုံတော့ မထင်ထားဘဲ နောက်ကျသွားတာမျိုးတွေလည်း ရှိတတ်တယ်လေ။

"ဒီလိုပါပဲ။ မမျှော်လင့်တဲ့ကိစ္စဆိုတာတွေကလည်း ပေါ်လာတတ်တာပဲလေ"

အောင်မျိုးနိုင်က ၃၆ လမ်းဘက်က ကွေ့ပြီး နင်းဖို့ဆုံးဖြတ်လိုက်ပြီး ၈၄ လမ်းရောက်တော့ တောင်ဘက်ကို ကွေ့လိုက်သည်။

"၃၆ လမ်းက သွားမလို့လား"

"ဟုတ်ကဲ့ အစ်မ"

"၃၇ က သွားပေးပါလား။ ၃၆ က သွားရင် အသိတစ်ယောက်အိမ်ရှေ့က ဖြတ်ရမှာမို့ပါ။ မြင်သွားရင် အားနာပြီး ဝင်နေရဦးမယ်။ ဒီနေ့ သူတို့ဆိုင်သစ်ဖွင့်တာ၊ အချိန်မရတော့လို့ နောက်ရက်မှပဲ တောင်းပန်တော့မယ်လို့စိတ်ကူးထားတာ"

"အစ်မမျက်နှာဝင်ပြချင်လည်း ဝင်ပြလေ။ ကျွန်တော်စောင့်ပေးပါ့မယ်၊ အပိုမယူပါဘူး"

"နေပါစေတော့။ ဘာမှလည်း ဝတ်စားပြင်ဆင်လာရတာမဟုတ်ဘူး"

၃၇ လမ်းအထိ ဆက်နင်းသွားပြီးမှ အရှေ့ဘက်ကို ကွေ့လိုက်သည်။ ၃၇ လမ်းကတော့ လူနည်းနည်းရှင်းသည်။ ကျောင်းသွားချိန်ဖြစ်နေ၍ ကျောင်းသား၊ ကျောင်းသူ၊ ကျောင်းကြို၊ ကျောင်းပို့သူတွေနှင့် နည်းနည်းရှုပ်ထွေးနေသည်။ ကလေးတွေက သူတို့စိတ်ကူးနှင့် သူတို့ဆိုတော့ စက်ဘီးကို နင်းချင်သလိုနင်းပြီး ကွေ့ချင်သလိုကွေ့ချတတ်သဖြင့် သတိထား၍ ဖြည်းဖြည်းနင်းရသည်။

၇၈ လမ်းမကြီးပေါ်မှာတော့ ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ၊ ဆိုက်ကားတွေနှင့် ရှုပ်ယှက်ခတ်နေရာ လမ်းတစ်ဖက်ကို ကူးဖို့ကိုပင် အတော်ကြာအောင် စောင့်နေရသည်။ တစ်ဖက်ယာဉ်ကြောမှာကျတော့ မြို့သစ်ကနေ မြို့ထဲကို ဝင်လာသူတွေဖြင့် အကြားအလပ်မရှိအောင် ယာဉ်တွေက သွားနေသည်။ တစ်ဖက်ယောဉ်ကြောထဲ တိုးဝင်မိပြီးတော့မှ ဆိုက်ကားကို ခပ်သွက်သွက်နင်းရသည်။ ၃၅ လမ်း မီးပွိုင့်တွင် ကားတွေ၊ ဆိုက်ကားတွေ၊ ဆိုင်ကယ်တွေ၊ စက်ဘီးတွေ ပိတ်ကျပ်နေရာ စက်ဘီးတွေက ပိုများသည်။ မီးပွိုင့်လွှတ်တော့ ခပ်သွက်သွက်နင်းထွက်လာခဲ့ရာ မီးပွိုင့်က မီရုံကလေးပဲ လွတ်သွားသည်။

ဈေးရောက်တော့ အမျိုးသမီးက ခပ်သွက်သွက်ဆင်းကာ တစ်ထောင်တန်နှစ်ရွက်ထုတ်ပေးသည်။

"ခုမှ စနင်းတာ အစ်မ၊ ငါးရာတန်မရှိဘူးလားခင်ဗျာ၊ မရှိရင် ခဏစောင့်ပါဦး။ ကျွန်တော် သွားလဲလိုက်ပါဦးမယ်"

ဆိုက်ကားကို ခေတ္တရပ်ထားပြီး ဆိုင်တွေမှာ တစ်ထောင်တန်ကို အသေးနှင့်လဲလိုက်သည်။ တချို့က ဆိုင်ဖွင့်ခါစဖြစ်နေ၍ မရှိဘူးဟုပဲ ဖြေလိုက်ကြသည်။ လက်ဖက်သုပ်ရောင်းသည့်ဆိုင်က ငါးရာတန်နှစ်ရွက်နှင့် လဲပေးလိုက်သည်။

mgyoe.com

mgyoe.com
ထောင့်ငါးရာဆိုတော့ သူတို့မိသားစုသုံးယောက်အတွက် ဈေးဖိုးကတော့ လောက်ပြီဟုတွက်ကာ အောင်မျိုးနိုင်စိတ်ပေါ့သွားပြီး ၂၆ လမ်းဘက်ကို နင်းခဲ့သည်။ တစ်ပြလောက်နင်းတော့ ခရီးသည်ရသည်။ ဈေးချိုကိုပို့ရမည်။ တစ်ထောင်နှင့်လက်ခံပြီး ပို့ပေးလိုက်သည်။ ၃၅ လမ်းဂိတ်ကို ပြန်ရောက်တော့ နှစ်ထောင့်ငါးရာရနေပြီဖြစ်သည်။ ခဏကြာတော့ မိန်းမက ဂိတ်ကိုထွက်လိုက်လာသည်။ နှစ်ထောင်ပေးလိုက်သည်။

* * *

"ဟေ့ကောင်၊ ဘယ်နှခေါက်ရပြီလဲ"

"တစ်ခေါက်တည်းပါကွ။ ဒီတစ်ခေါက်တော့ ဈေးဖိုးလွတ်ကွာ။ နောက်တစ်ခေါက်တွေကျတော့မှ အလှည့်ကျပေးမယ်"

အချင်းချင်းတွေဆိုတော့ ထွန်းနောင်ကလည်း ဘာမှဆက်မပြောတော့ဘဲ ရယ်ကျဲကျဲလုပ်နေသည်။ သူတို့ဂိတ်တွင်ထိုးသည့် ဆိုက်ကားတွေ တစ်စီးပြီးတစ်စီး ရောက်လာသည်။ ကွမ်းယာဆိုင်က ကျားခုံကိုယူပြီး ကျားထိုးကြတော့သည်။ ဆိုက်ကားတွေတန်းစီထားပြီး ကျားခုံမှာပဲ လူတွေက စုပြုံရောက်နေသည်။ ထိုးနေတာက နှစ်ယောက်။ ဘေးကနေ ငေးပြီး ဝင်ပြောသူတွေက သုံးယောက်ဖြစ်သည်။ အောင်မျိုးနိုင်ကလည်း ဆိုက်ကားထားပြီး ဆောင့်ကြောင့်ဝင်ထိုင်ငေးနေသည်။

"ပွဲက မစသေးဘူး။ မင်းဘက်က ယိုင်နေပြီ"

"မင်းက ဝင်ပြောရတယ်ရှိသေး။ မင်းသေချာကြည့်ထား။ ဆရာကြီးတွေရဲ့အကွက်က ဘယ်လိုလဲဆိုတာ။ ဒါမြှုတယ်လို့ခေါ်တယ်။ မင်းက မြှုတာတွေ ဘာတွေ ဘာမှမစဉ်းစားဘဲ ထိုးတဲ့ကောင်။ မြှုကွက်တွေ့တာနဲ့ ပိုင်ပြီဆို ပြီးဒိုင်ဖင်ထိုးတော့တာ။ ရေကနည်းတော့ ကြမ်းပြင်နဲ့ ခေါင်းဆောင့်မိတော့တာပေါ့ကွာ .. ဟားဟားဟား"

"ပြောထားပေါ့ကွာ၊ မင်းက ပြောအားရှိတာကိုး"

အောင်မျိုးနိုင်က ဝင်းဦးအပြောကို ပြန်ချေပလိုက်သည်။ မနေ့ကပင် သူနှင့် ဝင်းဦးတို့ အကြိတ်အနယ်တွယ်ခဲ့ကြသေးသည်။ လာဘ်မျှား ပိတ်ပုံကတော့ ဘက်ဆော့သရီး ၁၂ ပွဲလုံးသူရှုံးသည်။ တစ်ပွဲတလေကလေးတောင် စိတ်ဖြေစရာ မနိုင်ခဲ့။ သည်တော့ ဝင်းဦးက တဟားဟားရယ်ပြီး သူ့ကို အချဉ်ကြီးလို့ စကားနှင့် အောင်ပွဲခံတာကို သူငြိမ်နေခဲ့ရသည်။

"မျိုးနိုင်၊ မင်း သေသေချာချာ လေ့လာထားနော်၊ ဒါတွေက ချန်ပီယံကွက်တွေလို့ ခေါ်တယ်ကွ"

"လုပ်စမ်းပါ၊ မင်းကြည်ဝင်းကို နိုင်အောင်ပဲ ထိုးပြစမ်းပါဦး"

"မင်း ငါ့လက်သံကို မနေ့က မြည်းကြည့်ပြီးပြီ မဟုတ်လား ဟဲဟဲ"

ဝင်းဦးက မခံချိမခံသာဖြစ်အောင်ပြောနေသည်။ ပြောမည်ဆိုလည်း ပြောစရာပင်။ ၁၂ ပွဲဆိုတာ နည်းသည်မှ မဟုတ်ပါပဲ။ ဘက်ဆော့သရီးဆိုတော့ ၂၄ ပွဲ ကစားခဲ့ရသည်။ ပွဲငယ်ကလေးတစ်ပွဲတောင် သူ မနိုင်ခဲ့။

နေ့လယ်စာ ထမင်းစားပြီးကတည်းက သူတို့နှစ်ယောက်ထိုးနေတာကို ဘေးကဆိုက်ကားသမားတွေက စိတ်ဝင်တစားဝိုင်းအုံငေးနေကြသည်။

"ဆိုက်ကားအားလား"

ခရီးသည်က လာမေးသည်။ ဝင်းဦးနှင့် အောင်မျိုးနိုင်ကတော့ လှည့်မကြည့်။ ဘေးက ဝိုင်းငေးနေသူတွေက လှည့်ကြည့်ပြီးဖြေသည်။

"ဆိုက်ကားကတော့ အားတယ်။ လူကတော့ မအားဘူး ခင်ဗျား"

ခရီးသည်က ရှေ့ဆက်ထွက်သွားပြီး ခပ်လှမ်းလှမ်းမှ ဂိတ်ကို လမ်းလျှောက်သွားသည်။ ကျားထိုးသူတွေက ထိုးလက်စမို့ မအားဘူးထားပါတော့၊ ဘေးက ငေးကြည့်နေသူတွေကလည်း မအားဘူးလုပ်နေသည်။ ခဏကြာတော့ ဆိုက်ကားငှားမည့်သူရောက်လာပြန်သည်။

"ဆိုက်ကား အားလား"

"အားတယ်ဟေ့ကောင်၊ မင်း ယူနင်းချင်နင်းသွား"

ပီပါခွဲဆိုင်က သံသေတ္တာပို့စရာရှိ၍လာငှားခြင်းဖြစ်သည်။ အလုပ်သမားလေးက ဒါဆိုရင် ယူသွားပြီ၊ ဘယ်ဆိုက်ကား ယူသွားရမလဲဟု မေးသည်။ ကြိုက်တာ ယူသွားကွာဟု ပြိုင်တူဖြေသည်။

"ယူစရာရှိတာ ယူသွားတာမဟုတ်ဘူး။ အာရုံနောက်အောင် တော်တော်လုပ်တဲ့ကောင်ကွာ"

"ဟုတ်ပါ့ကွာ"

ပွဲက တဖြည်းဖြည်းနှင့် ပို၍ အကြိတ်အနယ်ရှိလာသည်။ အကြိတ်အနယ်ရှိလာလေ ထိုးသူတွေရော၊ ငေးသူတွေရော ပိုပြီးစိတ်ဝင်စားလေ ဖြစ်လာသည်။ ကျားခုံပေါ် ခေါင်းငုံ့အာရုံကျနေကြသည်မှာ ခေါင်းချင်းပင်ဆုံနေကြလေသည်။

"ဆိုက်ကားဆရာ၊ ဘုရားကြီးသွားချင်လို့"

"မအားဘူးအစ်မ၊ ရှေ့က ဆိုက်ကားဂိတ်သာ သွားစီးလိုက်တော့"
mgyoe.com

mgyoe.com

"နေပါဦး၊ မအားရအောင် ရှင်တို့က ဘာလုပ်နေလို့လဲ"

"ကျားထိုးနေတာ၊ ပွဲက ကောင်းနေလို့ဗျို့"

"ဟော်တော် အံ့ပါရဲ့၊ အလုပ်ပျက်အကိုင်ပျက် ကျားထိုးနေကြတယ်လို့၊ ရှင်တို့လုပ်စားဖို့ရော စိတ်ကူးကြသေးရဲ့လား"

"ဟာ ထိုးစားဖို့ပဲ စိတ်ကူးနေတာ အစ်မရေ့"

"လက်ကြောမတင်းတဲ့ဟာတွေ"

အမျိုးသမီးနှစ်ဦးက သူတို့အချင်းချင်းပြောလိုက်သည်ကို ထွန်းနောင်က ကြားသွားပြီး လက်ကြောမတင်းတာ မဟုတ်ဘူး အစ်မရေ၊ ခြေကြောမတင်းတာခင်ဗျားဟု လှမ်းနောက်လိုက်သည်။ အမျိုးသမီးနှစ်ယောက် ပွစိပွစိနှင့် ထွက်သွားကြသည်။ အောင်မျိုးနိုင် ဆက်တိုက်ရှုံးနေရာ အားပေးသလိုလို၊ နောက်သလိုလိုနှင့် ဝိုင်းက ဆူညံလာလေသည်။

"လက်လျှော့လိုက်ပါ မျိုးနိုင်ရာ၊ အုံနာကြေးမပေးရတိုင်း ရွက်လွှင့်မနေပါနဲ့။ ကုန်တော့မယ်။နည်းနည်းပါးပါးတော့ ကိုယ့်ဟာကိုယ်နားလည်ဦးမှပေါ့ကွာ။ ဒီနေ့ဖို့ရာ မင်း ကံဇာတာက အဝိစိကို တွင်းတူးဆင်းနေပြီကွ"

"ငြိမ်ငြိမ်နေကြစမ်းကွာ၊ မင်းတို့ကောင်တွေ အာရုံနောက်တယ်"

"အာရုံနောက်တာမဟုတ်ဘူးကွ။ မင်းဘယ်လိုမှ မဟန်နိုင်တော့ဘူး။ စောစောစီးစီး နောက်ဆုတ်လိုက်တာ ကောင်းမယ်။ မဟုတ်ရင် နောက်နေ့အတွက် အုံနာတောင် မသွင်းနိုင်ဘူး ဖြစ်သွားမယ်"

"ဟေ့ကောင်တွေ၊ တော်ကြစမ်းကွာ"

အောင်မျိုးနိုင်က မျက်နှာထိ၊ မျက်နှာထားနှင့် လှမ်းဟောက်လိုက်တော့မှ နောက်နေကြသူတွေ ငြိမ်သွားသည်။ ဝင်ဦးကတော့ အောင်နိုင်သူပီပီ ပြုံးပြုံးကြီးလုပ်နေသည်။

"ဝင်းဦး၊ ဘေးက အားပေးနေတဲ့သူတွေကို ကွမ်းကလေး ဘာလေး ကျွေးဦးကွာ၊ လျှာချောနေပြီ"

"ဟုတ်တယ်ကွ၊ သွားလေးဘာလေး ကာလာတင်ရအောင်"

"လှိုင်းကြီး နှစ်ရာဖိုးထုပ်ပေးလိုက်ပါကွာ။ ငါ့စာရင်း မှတ်ထားလိုက်။ ဒီငတ်ကြီးကျတွေနဲ့ ကောင်းကောင်းထိုးရမှာ မဟုတ်ဘူး"

ဝင်းဦးအပြောကို စိတ်တိုနေသော အောင်မျိုးနိုင်က ဝင်စွက်လိုက်သည်။ ဘေးက ကြည့်နေသူတွေက တဝါးဝါး တဟားဟားလုပ်နေသည်။

"မျိုးနိုင်၊ မင်းစာရင်းလည်း မင်းပြန်ကြည့်ဦးနော်။ ငါ့လည်း လေးခေါက်ရှိသေးတယ်နော်။ ဟေ့ကောင်"

ထွန်းနောင်က မတ်တတ်ရပ်နေရာကနေ ကွမ်းမျိုသံဖြင့် ပြောလိုက်သည်။ အောင်မျိုးနိုင်က မော့ကြည့်ပြီး မျက်နှာပြလိုက်သည်။ ထွန်းနောင်ငြိမ်သွားသည်။

"ဟုတ်သားပဲမျိုးနိုင်၊ မင်း ငါ့လည်း နှစ်ပွဲစာ ကျန်သေးတယ်နော်"

"မင်းတို့ကောင်တွေ ငြိမ်မလား၊ မငြိမ်ဘူးလား ပြောကွာ"

အောင်မျိုးနိုင် မတ်တတ်ထရပ်လိုက်တော့ အားလုံး ငြိမ်သွားသည်။ အောင်မျိုးနိုင်က လူဖြောင့်စိတ်တိုဖြစ်သည်။ မထင်လျှင် မထင်သလို ထထက်ပြီး တွေ့ကရာနှင့် ကောက်ရိုက်ပစ် ချင်ရိုက်ပစ်တတ်သည်။ အောင်မျိုးနိုင် တကယ်ဒေါသထွက်ပြီဆိုတော့ အားလုံးငြိမ်သွားသည်။

"မင်းကလည်းကွာ၊ အချင်းချင်းတွေ ခင်လို့စတာပါ။ မင်း ဘယ်သူကမှ တွက်ကပ်နေတာမဟုတ်ပါဘူး" အောင်မျိုးနိုင် ပြန်ထိုင်ချလိုက်သည်။

* * *

မတ်တတ်ရပ်ပြီး လာငေးနေသော အောင်မျိုးနိုင်ကို ကျားထိုးနေသူနှစ်ယောက်က တစ်ချက်ကြည့်ပြီး သူတို့ကျားကွက်ကို သူတို့ရွှေ့နေကြသည်။

"ဘယ်လိုလဲ၊ မင်း ချေချင်သေးတာလား"

ထွန်းနောင်က အောင်မျိုးနိုင်ကို ကပ်ပြီးမေးလိုက်သည်။ အောင်မျိုးနိုင်ကလှည့်ပြီး ဂျိုကြည့်ကြည့်လိုက်တော့မှ ထွန်းနောင်က ရယ်ကြဲကြဲလုပ်လိုက်သည်။

"ငါ့စာရင်း ငါတွက်ကြည့်ထားပြီးပြီ။ အစိတ်ရှိတယ်။ မင်းတို့ကောင်တွေ အေးအေးနေရင်နေ၊ မဟုတ်ရင် ငါ့အဆိုး မဆိုနဲ့"

"မဟုတ်ပါဘူးကွာ၊ မင်းကလည်း"

ထွန်းနောင်က လေပြေထိုးရတော့သည်။ ၄၁လမ်းဘက်ကို သွားမည့် ခရီးသည်ရောက်လာသဖြင့် စကားပြတ်သွားသည်။ တစ်ထောင်တောင်းရာ ရှစ်ရာနှင့်ဆစ်နေသဖြင့် အပိုမယူကြောင်း ရှင်းပြနေရသည်။ အောင်မျိုးနိုင်ဆိုက်ကားကို ထုတ်ကာ ၈၄လမ်းဘက်ကို မျက်နှာမူလိုက်သည်။ ခရီးသည် တက်ထိုင်တော့ အောင်မျိုးနိုင်က ဝင်းဦးဘက်လှည့်ပြီး မင်းယူမှာလားဟု မေးသည်။ ဝင်းဦးက အေးဟုဆိုတော့ ထွန်းနောင်နှင့် ကိုဘကြည်ငြိမ်နေလိုက်ရသည်။

၄၁ လမ်းဘက်ပို့ပြီး နောက်အပြန်တွင် ၃၈ လမ်းတွင် ခရီးသည်ရပြန်သည်။ မြောက်ပြင်ပို့ရမည်ဖြစ်ရာ ထောင့်ငါးရာနှင့်ဈေးတည့်သွားသည်။ ဝင်းဦးကိုတစ်ထောင်ပေးလိုက်

mgyoe.com

mgyoe.com

ပြီးနောက် အပြန်ခေါက်အတွက် ထွန်းနောင်နှင့်ကိုဘကြည် ဘယ်သူယူမလဲမေးတော့ ကိုဘကြည်က ထွန်းနောင်ပဲ ပေးလိုက်ပါကွာဟုဆိုသည်။

ဘုရားကြီးသွားမည့် ခရီးသည်ရောက်လာသည်။ ယနေ့အဖို့ရာတော့ အောင်မျိုးနိုင်ကို ဦးစားပေးရမည်ဖြစ်ရာ အသွားအပြန် တစ်နာရီလောက် စောင့်ရမှာကို ၂၅၀၀ နှင့် ဈေးဂလည့်ပြီး လိုက်သွားသည်။ ယခုတစ်ခေါက် အသွားအပြန်ကို ကိုဘကြည်နှင့် ဝင်းဦးတစ်ထောင်စီယူပြီး အောင်မျိုးနိုင်က ငါးရာယူရန် သဘောတူလိုက်ကြသည်။ ဘုရားကြီးတွင် လူစောင့်ရင်း မန်းမြို့ဈေးတစ်ခေါက်ရသဖြင့် လိုက်ပို့လိုက်ပြီး ဒီတစ်ခေါက်ကိုထွန်းနောင် ပေးရမယ်' ဟု တွက်ထားလိုက်သည်။ သည်နေ့ကျမှ ဆိုက်ကားက လာဘ်ရွှင်နေလေသည်။

တစ်ခေါက်ပြီးတစ်ခေါက် ပို့နေရတော့ အောင်မျိုးနိုင် ခြေထောက်ပင် တောင့်လာသသည်။ ထိုင်တာ ထတာပင် တကျွတ်ကျွတ်ဖြစ်နေသည်။ ဝင်းဦးကတော့ တစ်နေကုန် ကျားခုံမှာပဲထိုင်ပြီး သူ့ဆိုက်ကားကို အနားပေးထားသည်။ ထိုးဘက်သာ ပြောင်းသွားသည်။ သူကတော့ ပြောင်းမသွားပေ။

တစ်နေကုန်နင်းနေရသော်လည်း အောင်မျိုးနိုင်အိတ်ထဲတွင် ထောင့်ငါးရာသာ ရသေးသည်။ ခေါက်ကြေးတွေကို ရှင်းနေရသဖြင့် သူ့အိတ်ထဲ ငွေဝင်မလာဘဲ ဖြစ်နေသည်။ တကယ်တော့ သည်ဆိုက်ကားဂိတ်ကလေးတွင် ကွမ်းယာကြေးလောက်သာ ခရီးသည်စောင့်ရင်း ကျားထိုးကြခြင်းဖြစ်သည်။ ခရီးသည်ရောက်လာလျှင် ကျားဝိုင်းကိုဖျက်ပြီး လိုက်သည်။ တစ်ခါတစ်ရံ ခရီးသည်ပါးလာလျှင် ကွမ်းဝါးရတာလည်း အာခေါင်တွေ ထူပူလာပြီဆိုလျှင် တစ်ရာကြေး၊ နှစ်ရာကြေး ထိုးကြသည်။

ခေါက်ကြေးထိုးတာကတော့ အထူးစိန်ခေါ်ပွဲကြီးဖြစ်သည်။ ခရီးသည်ကလည်း အလွန်ပါးပြီး အားနေလျှင် စိန်ခေါ်ကြရင်က ခေါက်ကြေးထိုးကြသည်။ ရှုံးသူက ခေါက်ရေအလိုက် ရသမျှကို ပေးရသည်။ တစ်ထောင့်ငါးရာထက်ပိုလျှင်တော့ ပိုတာကိုယူပြီး တစ်ထောင့်ငါးရာပဲ ခေါက်ကြေးသတ်မှတ်ကြသည်။

"အား–ကျွတ် ကျွတ်"

ဝင်းဦးက မတ်တတ်ရပ်ရင်း ခါးကိုဆန့်သည်။ သူ့မှာပင်တိုင်ထိုင်နေရသဖြင့် ခါးတွေတောင့်နေသည်။ အုံနာကြေးရော၊ အိမ်စရိတ်ပါရပြီဖြစ်သဖြင့် ဝင်းဦးမှာ ခါးကျိုးအောင် ကျားချည်းဖိထိုးနေတော့သည်။

"ဟူး – ကျွတ် ကျွတ်"

အောင်မျိုးနိုင် ဝါးကွပ်ပျစ်ပေါ် လှဲချလိုက်ပြီး ခြေပစ်လက်ပစ် အိပ်လိုက်သည်။ သူ့ကတ်တလောက်ကတော့ ရှင်းသွားပြီး အိတ်ထဲသုံးထောင်လောက်လည်း ဝင်လာပြီဖြစ်ရာ ယနေ့ သူနင်းခဲ့တာ နှစ်သောင်းကျော်လောက်ရှိမည်။ အိတ်ထဲရှိသည့်သုံးထောင်က မောင်ဦးကိုပေးရမည်ဖြစ်ရာ မောင်ဦးလာလျှင် သူ့အိတ်ကပ်လည်း ပြောင်တော့မည်။ ကတ်တလောက် ရှင်းပြီးကတည်းက ခရီးသည်က ထပ်ရောက်မလာတော့လောက်အောင် ပါးသွားသည်။ လူက နုံးပြီး မလှုပ်ချင်တော့လောက်အောင် ဖြစ်နေသည်။ ကိုယ်ထဲကလည်း ဖိန်းတိန်းဖိန်းတိန်း ဖြစ်လာနေလေသည်။

*ချယ်ရီမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၀၇။*

❑

mgyoe.com

mgyoe.com

# နော်မံကျောင်းလမ်း

ဆောင်းဝင်းလတ်

ကျွန်တော်တို့ငယ်ရွယ်စဉ် ကလေးဘဝက ရန်ကုန်မြို့တွင် အထင်ကရ အမှိုက်ပုံကြီးနှစ်ပုံ ရှိခဲ့ဖူးသည်။ အလုံရပ်ကွက် ကမ်းနားလမ်းရှိ "အလုံ အမှိုက်ပုံကြီး"နှင့် "မလွကုန်း အမှိုက်ပုံကြီး" ဖြစ်သည်။ ပုဇွန်တောင်ဘူတာရုံကလေးနှင့် မလွကုန်းဘူတာရုံကလေးနှစ်ရုံကြား ရထားလမ်းနံဘေးတွင် တည်ရှိသော အမှိုက်ပုံကြီးဖြစ်သဖြင့် "မလွကုန်းအမှိုက်ပုံကြီး"ဟု ဝိသေသပြုခေါ်ဆိုကြခြင်း ဖြစ်သည်။ ရန်ကုန်တစ်မြို့လုံးရှိ လူနေအိမ်များ၊ လမ်းသွားလမ်းလာများက စွန့်ပစ်ထားသော အမှိုက်များကို အမှိုက်သိမ်းသမားများက လိုက်သိမ်းပြီး အမှိုက်ကားကြီးများဖြင့်တင်ကာ အဆိုပါအမှိုက်ပုံကြီးနှစ်ပုံတွင် သွားရောက်စွန့်ပစ်ကြသည်။ အမှိုက်တွေစွန့်ပစ် ရာမှ တစ်စထက်တစ်စ တောင်လိုမြင့်မားလာပြီး တောင်တန်းမြင့်မြင့်ကြီးသဖွယ်ပင် ဖြစ်လာသည်။

တစ်ခါတစ်ရံ မြေဆွေးများထဲမှ အပူငွေ့လှိုက်လာပြီး သူ့အလိုလို မီးခိုးငွေ့တွေ အူထွက်နေတတ်သေးသည်။ အမှိုက်တွေ များပြားလာသောအခါ ကြာတော့ မြေဆွေးဖြစ်လာသည်။ အမှိုက်များနှင့် ရောထွေးကာ ပါလာသော သစ်စေ့များမှ သစ်ပင်များထ၍ ပေါက်လာသည်။ ထို့ကြောင့် အမှိုက်လာပုံသော အလုပ်သမားများအတွက် ဟင်းစားသီးနှံများ ရသည်။ ချဉ်ပေါင်၊ ကင်ပွန်း၊ ရုံးပတီ၊ ဘူး၊ ဖရုံ၊ သခွါး၊ ခရမ်းချဉ်၊ ခွေးတောက်၊ ကင်းမုံ၊ ပေါက်ပန်းဖြူပင်များ အလေ့ကျ တောထနေသည်။ ဟင်းဂလာပင်များလည်း နေရာအနှံ့ပေါက်နေရာ အလုပ်သမားတချို့ ခူးဆွတ်ပြီး အိုးကြီးအိုးငယ်နှင့် ချဉ်ဖတ်ထည့်ကာ ဈေးမှာရောင်းကြသည်။ ထိုခေတ်ထိုကာလ သားသတ်ရုံများမှ စွန့်ပစ်သော အမဲ၊ ဆိတ်၊ သိုး၊ ဝက်တို့၏ အရေပြားအကြွင်းအကျန်၊ အရိုးများလည်း အမှိုက်ပုံမှာရှိနေရာ ကျီးကန်းနှင့်ခွေးလေခွေးလွင့်များက လာစားကြသည်။ ထိုစဉ်က ကျွန်တော် မူလတန်းကျောင်းသားအရွယ်သာရှိပါသေးသည်။ ကျောင်းပိတ်ရက်အချို့တွင် သူငယ်ချင်းများနှင့်အတူ အမှိုက်ပုံကြီးပေါ် တက်ကြသည်။ အလုံအမှိုက်ပုံကြီးမှာ ကျွန်တော်နေထိုင်သော ရပ်ကွက်နှင့် သိပ်မဝေးလှပေ။ တောင်ကုန်းကြီးတစ်ခုသဖွယ် မြင့်မားနေသော အမှိုက်ပုံကြီးပေါ်မှ ရပ်ကြည့်လိုက်သောအခါ ကွေ့ဝိုက်စီးဆင်းနေသည့် ရန်ကုန်မြစ်နှင့် လှိုင်မြစ်ရေပြင်တို့ကို မြင်ရသည်။ ခနောင်တိုချောင်းဝနှင့် မီးပြတိုက်ကို မြင်ရသည်။ ရပ်ကွက်၊ သစ်ပင်၊ အထင်ကရဘုရားကျောင်း၊ စေတီ၊ ဘုန်းကြီးကျောင်းများကို အပေါ်စီးမှ လှမ်းမြင်နေရသည်။ စာသင်ကျောင်း၊ စက်ရုံ၊ ဆေးရုံများကိုလည်းမြင်ရသည်။ ကားလမ်း၊ ရထားလမ်းများကိုလည်း မြင်ရသည်။ နံနက်ခင်းတစ်ခုတွင် မမျှော်လင့်ဘဲ လူကြီးတစ်ယောက်နှင့် ဆုံစည်းရသည်။ လူကြီးမှာ စိတ်နှံ့ပုံမရ။

"အဲဒါ...ဂျပန်ခေတ်တုန်းက အင်္ဂလိပ်လေယာဉ်ပျံတွေက ရန်ကုန်ကို ဗုံးကျဲတော့ မသေဘဲ၊ တိုက်ကြိုတိုက်ကြားထဲမှာ ကျန်ရစ်ခဲ့ပြီး စိတ်ဖောက်ပြန်သွားတဲ့လူကြီးပေါ့"ဟု အမှိုက်ပုံပေါ်တွင် ဟင်းသီးဟင်းရွက် လာခူးသော အဒေါ်ကြီး တစ်ယောက်က ကျွန်တော်တို့ကို ပြောပြတော့မှ အဲသည်လူ ကြီး၏ အနေအထားကို သိရတော့သည်။ စိတ်မနှံ့တာနှင့် စိတ်ဖောက်ပြန်နေတာတော့ သေချာပါသည်။ လူကြီးမှာ လှုပုံ ထွားထွား ခန္ဓာကိုယ်ဝဝကြီးဖြစ်သည်။

"သူဝတ်ထားတဲ့ အဝတ်အစားတွေဟာ ဂျပန်ခေတ်က ဂျပန်စစ်သားတွေကျန်ရစ်ခဲ့တဲ့ အဝတ်စားတွေပဲ"ဟု အဒေါ်ကြီးက ပြောပြမှ ... သြော်... ဂျပန်စစ်သားတွေ သည်လိုမျိုး ဝတ်သွားကြပါလားဟု သိရသည်။ ဒေါသကြီးလွန်းပြီး စိတ်ဖောက်ပြန်သွားတာလား၊ ဒါမှမဟုတ် ရင်ထဲမှာ ထိခိုက်

mgyoe.com

mgyoe.com

ကြေကွဲသွားပြီး စိတ်ရောဂါရသွားတာလား။ ထိတ်လန့်ချောက်ချားမှု လွန်ကဲပြီး ယခုလို စိတ်မနှံ့ဖြစ်နေတာလား။ မည်သို့ပင်ဖြစ်စေ သည်နေ့အဖို့ ထိုလူကြီးမှာ အလုံအမိုက်ပုံ ခပ်မြင့်မြင့်တစ်နေရာတွင် ရောက်နေလေသည်။ သူက ခါးကြားမှာပါလာသော စစ်ရေဘူးကို ဖွင့်ကာ ရေမော့သောက်လိုက်သည်။ အမှိုက်ပုံကြီးပေါ်ရှိ ကုက္ကိုပင်ပျိုတစ်ပင်၏ ပင်စည်ကိုမှီကာ ခြေဆင်း၍ ထိုင်နေသည်။ သူငယ်ချင်းများနှင့် ကျွန်တော်သည်လည်း သူနှင့်မလှမ်းမကမ်းတွင်ထိုင်ကာ သူ့ကို စိတ်ဝင်တစား အကဲခတ်နေမိကြသည်။ သူ ဘယ်မှာ ဘယ်သူတွေနှင့် နေထိုင်သလဲ။ သူ့မှာ နေစရာရှိရဲ့လား။ သူ့ကို စားစရာ ကျွေးမည့်သူ ရှိပါရဲ့လား။ ဘယ်ကလာပြီး ဘယ်ကို ခရီးဆက်ဦးမှာလဲ…စသဖြင့် ကျွန်တော်တွေးနေမိသည်။ သူ့ကို ကြည့်ပြီးလည်း ရယ်မိကြသည်။ သူ့ခါးပတ်တွင် အိတ်နှင့်သေသေချာချာ ထည့်ထားသော ခြောက်လုံးပူးသေနတ်မှာ ကလေးကစားစရာဆိုင်တွေမှာ ရောင်းသည့် ကစားစရာ ယမ်းကတ်သေနတ်တစ်လက်မျှသာဖြစ်သည်။ ပြီးတော့ သူ့လက်မှာ ခပ်ဆဆ ကိုင်ထားသော ကင်ဒိုဓားကြီးမှာလည်း အစစ်မဟုတ်ပေ။ သစ်သားချောင်းကို ပုံဖော်ထားသော ကလေးကလားဆန်လှသည့် ဓားတစ်ချောင်းမျှသာ ဖြစ်သည်။ သူကတော့ မာန်ပါပါ ဟန်ပါပါကိုင်ထားပေသည်။ သူက အမှိုက်ပုံကြီးပေါ်မှ ရသမျှ သစ်ကိုင်းသစ်ခက်အချို့၊ သစ်တိုသစ်စနှင့် ဝါးလုံးများကို လိုက်ကောက်ကာ မြေစိုက်တဲကလေး ဆောက်နေပြန်သည်။ ကျွန်တော်တို့က သူ့ကို ဝိုင်းကူကြသည်။ သူ့မျက်နှာမှာ ပြုံးရိပ်တွေ ဝေလာပါသည်။ ကျွန်တော်တို့ သူငယ်ချင်းများထဲမှ ဆန်နီဆိုသူက သစ်တိုသစ်စများကို တဲထဲတွင် အခင်းခင်းပြီး ကွေးကွေးလေး အိပ်ပြတော့ လူကြီးက သဘောကျစွာ ရယ်မောနေပါသည်။ နေ့ခင်း ထမင်းစားချိန်ကျတော့ ကျွန်တော်တို့ ကိုယ့်အိမ်ကိုယ်ပြန်ကာ စားကြသောက်ကြသည်။ ထို့နောက် သူငယ်ချင်းတွေ ပိုက်ဆံစုပြီး အမှိုက်ပုံပေါ်မှ လူကြီးစားဖို့ငါးသေတ္တာဘူးနှင့် ပေါင်မုန့်ဝယ်ကြသည်။ ကျွန်တော်တို့ အိမ်တွေမှာလည်း ကစားစရာ သေနတ်အရှည်အတိုများရှိသဖြင့် ယူလာခဲ့ကြသည်။ အမှိုက်ပုံပေါ်မှာ သောက်ဖို့ ရေဘူးတွေလည်းအပြည့်ဖြည့်ကာ ထည့်လာခဲ့ကြသည်။ အမှိုက်ပုံကြီးပေါ် ပြန်တက်လာခဲ့ကြသည်။ လူကြီးမှာ ဘယ်ကိုမှ မသွားသေးပေ။ ဖြစ်ကတတ်ဆန်း ဆောက်ထားသော သစ်ရွက်သစ်ခက်၊ ဝါးတိုဝါးစ၊ သစ်ချောင်းဗလပွ မြေစိုက်တဲလေးထဲမှာ ငုတ်တုတ်ထိုင်နေဆဲပင်။ တဲကလေး၏အမိုးကိုတော့ အုန်းလက်များမိုးထားသည်။ နေပြောက်တချို့သည် အုန်းလက်များကြားမှ ပြိုးပြက်ကျဆင်းနေ၏။ ကုန်းမြင့်မြင့်လို ဖြစ်နေ၍ လေတသုန်သုန် တိုက်ခတ်နေသည်။ လူကြီးက ကျွန်တော်တို့ ယူလာသော အစားအစာများကို စားသည်။ ပုံမှန်စိတ်ရှိသူ တစ်ယောက်မဟုတ်သဖြင့် စားတာသောက်တာ သေသေသပ်သပ်မရှိ။ ပေပေကျံကျံပင်ဖြစ်သည်။ ညစ်တီးညစ်ပတ်ပင်ဖြစ်သည်။ တစ်ခါတစ်ရံ ရယ်မောနေသည်။ မကြာခဏလည်း သူ့မျက်နှာကြီးက တင်းမာခက်ထန်လာသည်။ ပြီးတော့ ငိုချင်သည့်အခါ မျက်ရည်တွေ ကျပြီး ငိုနေပြန်သည်။ တစ်ဆက်တည်းမှာပင် ပြောချင်တာတွေ တစ်ယောက်တည်း ပြောနေတတ်သေးသည်။ အံကျိတ်သည်။ တောက်ခေါက်သည်။ ကျွန်တော်တို့ ယူလာသော ကစားစရာသေနတ်များကို ကိုင်ကြည့်သည်။ မောင်းတင်ပြီး ချောက်ခနဲ မြည်အောင် မောင်းခလုတ်ကို ဆွဲကာ ပါးစပ်မှ ဒိုင်းဒိုင်းဟု အော်ဟစ်နေပြန်သည်။ ကျွန်တော်တို့ကလည်း ကစားစရာသေနတ်ကိုယ်စီကိုင်ကာ သစ်ပင်အကွယ် ခြုံပုတ်အကွယ်များမှနေ၍ သူ့ကို စစ်တိုက်တမ်း ကစားသည်။ သူကလည်း သူ့ခါးကြားမှ ကစားစရာသေနတ်ကို ဆွဲယူပြီး သူ့တဲထဲမှနေ၍ ကျွန်တော်တို့ကို ဒိုင်းဒိုင်းဟု အော်ဟစ်ကာ ပြန်ပစ်သည်။ သူနှင့် ကျွန်တော်တို့ စစ်တိုက်တမ်းကစားနေကြတာကို အမှိုက်ပုံအလုပ်သမားတချို့က သဘောကျပြီး ရယ်မောနေကြသည်။ လူကြီးမှာ သနားစရာကောင်းသည်။ စိတ်ပျက်စရာလည်းကောင်းသည်။ မပင်ပန်းဘူးလားမသိ။ သူကိုယ်တိုင်ဆောက်ထားသည့် တဲကလေးကို ဖြိုဖျက်ပြန်သည်။ သစ်တိုသစ်စများကို သယ်ကာ အမှိုက်ပုံကြီး၏အောက်သို့ ဒေါသတကြီး ပစ်ချနေပြန်သည်။ ထို့နောက် ကုန်းအောက်ခြောက်ကမ်းပါး တစ်နေရာမှတစ်ဆင့် သူဆင်းသွားတော့သည်။ ကျွန်တော်တို့လည်း သူ ဘယ်ကို သွားဦးမှာလဲဟု သိလိုစိတ်ဖြင့် မလှမ်းမကမ်းမှ လိုက်ကြည့်ကြသည်။ သူက အလုံရပ်ကွက်ထဲသို့ ရောက်သွားပေပြီ။ ကျွန်တော်တို့ရပ်ကွက်ပင် ဖြစ်သည်။ စစ်သားများ စစ်ချီတက်သည့်ပုံစံမျိုး သူလမ်းလျှောက်နေပြန်သည်။ ကျွန်တော်တို့ အလုံရပ်ကွက်ထဲမှ လမ်းတစ်လမ်းဖြစ်သည့် နော်မံကျောင်းလမ်းထဲသို့ သူဝင်သွားပေပြီ။ မော်လီတို့အိမ်ရှေ့ ရောက်သောအခါ ကျွန်တော်တို့က သူငယ်ချင်းမလေးကို 'ဟေ့…မော်လီ…မော်လီရှိလား'ဟု အသံပြုနှုတ်ဆက်ကြသည်။ တစ်ထပ်ပျဉ်ထောင်အိမ်ကလေးဖြစ်သည်။ မော်လီသည် ချစ်စရာကောင်းသော သူငယ်ချင်းမကလေးဖြစ်ပြီး ကျွန်တော်နှင့်လည်း ကျောင်းမှာ တစ်တန်းတည်း

 mgyoe.com 

အတူတက်နေသူဖြစ်ပါသည်။ သူမ၏ သွားကလေးတွေမှာ အမြဲတစေ ဖြူဖွေးနေသည်။ ကျောင်းမှာ အတန်းပိုင်ဆရာမက 'မော်လီသွားကလေးတွေဟာ သိပ်လှပဲကွယ်၊ ဘာသွားတိုက်ဆေးနဲ့တိုက်လဲ'ဟု သူ့ကို မေးဖူးသည်။ 'ဆားနဲ့ပဲ သွားတိုက်ပါတယ် တီချယ်'ဟု သူပြန်ဖြေတာလေးမှာလည်း ခင်မင်ဖွယ်ရာ ကောင်းနေပါသည်။ မော်လီတို့အိမ်ရှေ့အရောက် ကျွန်တော်တို့က မော်လီ့ကိုအသံပြုသံ ကြားလိုက်ရ၍ ဖြစ်မည်ထင်ပါသည်။ ရှေ့မှ သစ်သားဓားကြီး တကိုင်ကိုင်ဖြင့် သွားနေသော လူကြီးက ရုတ်တရက်ရပ်တုံ့ပြီး ကျွန်တော်တို့ကို လှည့်ကြည့်သည်။ အသံကြား၍ အိမ်ထဲမှ ပြေးထွက်လာသော မော်လီ့ကိုလည်း လှမ်းကြည့်သည်။ ပြီးတော့ သူဘယ်လို ဖောက်ပြန်သွားပြန်လေသည်မသိ။ ဘာမပြောညာမပြောနှင့် မော်လီတို့အိမ်ပေါ်သို့ သူ့ဘွတ်ဖိနပ်ဟောင်းကြီးကိုမချွတ်ဘဲ ဖွတ်တက်သွားပါတော့သည်။ အားလုံးဝရုန်းသုန်းကား ဖြစ်သွားသည်။ လူကြီးက မော်လီတို့ အိမ်ရှေ့ အိမ်ဦးခန်းဘုရားစင်အောက်တွင် ခပ်တည်တည်ကြီး အခန့်သားဝင်ထိုင်နေပြန်သည်။ မော်လီတို့အိမ်တွင် သူ့အမေဒေါ်မြမြဝေနှင့် သူ့မောင်လေး ထူးထူးတို့သာ ရှိနေကြသည်။

"ဟဲ့..ဟဲ့ လုပ်ကြပါဦး၊ ဘယ်ကလူကြီးလဲ"ဟုမော်လီအမေက အော်ပါတော့သည်။ ကြောက်နေကြသည်။ ကျွန်တော်တို့လည်း အိမ်ပေါ်ပြေးတက်ကာ လူကြီးကို ဝိုင်းပြီး မောင်းထုတ်ကြသည်။ မရပါ။ ဖွတ်ပေကပ်၍ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ထိုင်မြဲတိုင်း ထိုင်နေသည်။

"အမှိုက်ပုံပေါ်က ဆင်းလာတဲ့အရူးကြီးပါ အန်တီ"ဟု ကျွန်တော်တို့ သူငယ်ချင်း စောအယ်ဒိုက မော်လီ့အမေကို ပြောပြနေသည်။ အော်သံဟစ်သံတွေ ကြားသဖြင့် ပတ်ဝန်းကျင်အိမ်များမှ ထွက်လာကြသည်။ အကဲခတ်ကြည့်သည်။ မော်လီကလည်း ကြောက်လန့်တုန်လှုပ်စွာဖြင့်

"အိမ်ပေါ်မှာ....အိမ်ပေါ်မှာ"ဟု လူတွေကို လက်ညှိုးထိုးပြပြီး ပြောနေသည်။ ပတ်ဝန်းကျင်မှ ယောကျာ်းမိန်းမတချို့ အိမ်ပေါ်တက်လာကြသည်။

"ဟေ့...အခုဆင်းစမ်း၊ အခုထွက်သွားစမ်း"ဟု အော်ကြဟစ်ကြ နှင်ကြသည်။ အောင်မယ်..။ အေးအေးဆေးဆေးပင်။ ခဏကြာတော့ ခါးကြားမှ ကစားစရာသေနတ်နှင့် လက်ထဲမှ သစ်သားဓားကြီးကို ကိုင်ကာ၊ လူတွေကို ပစ်မည် ခုတ်မည် ဟန်ပြင်သည်။ ကြမ်းပြင်ကို ဖနောင့်နှင့်ဆောင့်လိုက်ပြန်ရာ အိမ်တုန်သွားပြီး ဧည့်ခန်းစားပွဲဝိုင်းလေးပေါ် တင်ထားသည့် နှင်းဆီပန်းတစ်ပွင့်ပင် ပြုတ်ကျသည်။ ပြုတ်ကျသော ပန်းကလေးကို လူကြီးက သူ့ဘွတ်ဖိနပ်ဟောင်းကြီးနှင့် နင်းချေပစ်လိုက်သည်။ ရုတ်တရက် ဘာလုပ်၍ ဘာကိုင်ရမှန်း မသိကြ။ ကျွန်တော်တို့ သူငယ်ချင်းတွေထဲမှ ဖိုးသက်ပြင်းက လောက်လေးခွနှင့် ပစ်မည်ပြုတော့ ဦးဘခင်ဆိုသူ လူကြီး တစ်ယောက်က ..."မပစ်နဲ့ မပစ်နဲ့ သူ့မျက်လုံးတွေ ဘာတွေထိသွားရင် မျက်စိကန်းသွားလိမ့်မယ်"ဟုစိုးရိမ်တကြီးတားဆီးသည်။

"သနားတော့ သနားစရာပါကွယ်...လူကောင်းမှ မဟုတ်တာ။ စိတ်ဖောက်နေတဲ့လူဆိုတော့ ဘာမှ အသိဉာဏ် မရှိဘူးလေ..."ဟု မော်လီတို့အိမ်ခြေရင်းဘက်မှ အန်တီအေးက ပြောသည်။

"အေးပေါ့...ဒါကြောင့်လည်း သူများအိမ်ပေါ်ကို သူ့ဘယ်သူကမှ မခေါ်ဘဲ ဖွတ်တက်ပြီး နေရဲတာပေါ့"ဟု ဦးဘခင်က ပြောနေရာမှ "ကဲ...ကဲ...သူ့အရိပ်အခြည်ကြည့်ထားကြ၊ ငါ ဌာနပြေးပြီး ဂါတ်က လူတွေခေါ်လာခဲ့မယ်"ဟုဆိုကာ အိမ်ပေါ်မှဆင်းသွားသည်။ ကျွန်တော်တို့ငယ်စဉ်က အခေါ်အဝေါ်အရ ဌာနတို့ ဂါတ်တို့ဆိုသည်မှာ ရဲစခန်းပင်။ လူကြီးကား ဘာမှသိသူမဟုတ်။ ဘာမှမသိဘဲနှင့် ရုတ်တရက်ထလိုက်ကာ အိမ်ပေါ်မှဆင်းသွားပါတော့သည်။ ခဏအကြာ ဌာနမှ ပုလိပ်သားသုံးယောက်နှင့်အတူ ဦးဘခင်ကြီးရောက်လာတော့ အလုပ်ရှုပ်ရ သက်သာသွားကြပါတော့သည်။ ဖမ်းလား ဆီးလား၊ စိတ္တဇဆေးရုံပို့ရလား ... အလုပ်မရှုပ်ကြတော့ပေ။ ကျွန်တော်တို့ငယ်ငယ်တုန်းက ယခုလိုဝေါဟာရမကြွယ်။ လွယ်လွယ်ပင် စိတ္တဇဆေးရုံတဲ့။ တချို့များစကားပြောကြမ်းလိုက်တာ။ ဘာတဲ့ ...တံတားလေးအရူးထောင်တဲ့။ ရှေးခေတ်ကတော့ ဘိုးဘွားရိပ်သာကိုတောင်မှ 'လူအိုရုံ'တဲ့။ သည်လိုနှင့် ကျွန်တော်တို့တစ်တွေလည်း နောက်တစ်ပတ်စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်သို့ ရောက်လာပြန်သည်။ သူငယ်ချင်းတစ်ယောက်က အလုံအမှိုက်ပုံကြီးပေါ် သွားဦးမလားဟု မေးလာသည်။ မသွားချင်သူများထဲတွင် ကျွန်တော်လည်းပါသည်။ ကျန်သည့် သူငယ်ချင်းများကတော့ တခြားတစ်နေရာတွင် သွားကစားချင်ကြ၍ ဖြစ်ကောင်းဖြစ်မည်။ ကျွန်တော် မသွားချင်တော့တာကတော့ သစ်သားဓားနှင့်လူကြီးကို မတွေ့ချင် မဆုံချင်တော့၍ဖြစ်သည်။ စိတ်မကောင်းဝမ်းနည်း၍ဖြစ်သည်။ မော်လီတို့အိမ်မှ အဖြစ်အပျက်ကို ကျွန်တော်တို့ အိမ်မှ အဖေနှင့်အမေကို ပြန်ပြောပြတော့ အဖေက... "အဲဒါ... တခြားလူမဟုတ်ဘူးသားရဲ့၊ စစ်မဖြစ်ခင်တုန်းက... အဖေ့မိတ်ဆွေတွေနဲ့ အဖေတို့ စပ်တူလုပ်ခဲ့တဲ့ ကုမ္ပဏီမှာ အလုပ်လာလုပ်တဲ့ အလုပ်သမားတစ်ယောက်ပဲ...

mgyoe.com

စစ်ဖြစ်လို့ ဗုံးတွေကျတော့ သူ့မိန်းမရော သူ့ကလေးပါ ဗုံးထဲပါသွားတာတွေ့ပြီး အဲဒီလူလည်း ဂယောင်ခြောက်ခြားဦးနှောက်ပျက်သွားတာပဲ။ ခုတော့ သွားချင်ရာသွား ခြေသလုံးအိမ်တိုင်သမားကြီး ဖြစ်နေတော့တာပဲ"ဟု ပြောပြပါသည်။

တနင်္ဂနွေနေ့တွင် မော်လီနှင့် ကျွန်တော်တွေ့သည်။ အမှိုက်ပုံပေါ်မှ လူကြီးအကြောင်းမော်လီ့ကို ပြောပြသည်။ ထိုကာလများ၏ နောက်ပိုင်းတွင် မော်လီတို့နေသည့် နော်မံကျောင်းလမ်းထဲသို့ ထိုလူကြီးဖြတ်သွားဖြတ်လာ လုံး၀မရှိခဲ့ဟု မော်လီကပြောပြပါသည်။ ထူးခြားသော သတင်းတစ်ခုတော့ ကြားကြရသည်။ အလုံဆင်မင်းကွက်သစ်ဈေးထဲမှ အာမက်ဘိုင်၏ လက်ဖက်ရည်ဆိုင်နှင့်တရုတ်ကြီး ဦးကျိုင်ကွီး၏ ခေါက်ဆွဲဆိုင်နှစ်ဆိုင်သို့ ထိုလူကြီး ရောက်လာရာ ဆိုင်ပိုင်ရှင်များက သနားသဖြင့် မုန့်၊ လက်ဖက်ရည်နှင့် ခေါက်ဆွဲတစ်ထုပ်စီ ပေးလိုက်ကြသေးကြောင်း ဈေးထဲမှာအထည်ဆိုင်ဖွင့်ထားသည့် ကျွန်တော်တို့သူငယ်ချင်း ကျော်ကျော်သိန်း၏အမေထံမှ သတင်းကြားကြရခြင်းဖြစ်သည်။ ကျွန်တော်တို့အဖေကလည်း အဲသည်လူကြီးနှင့် ပြန်တွေ့လျှင် ပေးဖို့ ကျွန်တော့်ကို သက္ကလပ်ဆောင်းဘီရှည် အဟောင်းကြီးတစ်ထည် ပေးထားပါသေးသည်။ အမှိုက်ပုံကြီးပေါ်သို့ ကျွန်တော်တို့မရောက်သည်မှာ ကြာပြီမို့ အဲသည့် လူကြီးနှင့်လည်း မတွေ့ရတော့ပါ။ နော်မံကျောင်းလမ်းထဲမှ မော်လီကတော့ အဲသည့်လူကြီး လမ်းထဲ၀င်မလာပါစေနှင့် ဆုတောင်းနေမည်လား မသိတတ်ပေ။

*ချယ်ရီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၀၇။*

❑

mgyoe.com

# နတ်ကတော် မသောင်းသောင်း

ဆွေဦးမြင့်

ကြည့်မြင်တိုင်မြို့နယ်သား ဖြစ်ရပြီး ဟုမ်းလမ်းရပ်ကွက် (ယခု ပန်းလှိုင်) ဇာတိဖွားဖြစ်ရတာ ကျွန်တော် အမြဲတမ်း ဂုဏ်ယူကျေနပ်နေမိသည်။ မိတ်ဆွေသူငယ်ချင်းတွေနဲ့ စကား စပ်မိတိုင်းလည်း ရပ်ကွက်လေးရဲ့ဂုဏ်ပုဒ်ကို ကျယ်ကျယ်ဝင့် ဝင့်ပြောပြတတ်လွန်းလို့ တချို့ဆို သဘောကျပြုံး ပြုံးကြ တယ်။

ရပ်ကွက်လေးက လမ်းတိုလမ်းကျဉ်းလေး သုံးလမ်း တည်းနဲ့ ဖွဲ့တည်ထားတဲ့ ကြက်လျှာစွန်းပုံစံလေးပါ။ ရန်ကုန် မြေပုံပေါင်းထဲမှာ မျက်စိကောင်းကောင်းနဲ့ ရှာကြည့်ရင် ထောင့်ကျဉ်းတြိဂံပုံစံလေး ခပ်ရေးရေး တွေ့မြင်နိုင်တယ်။

ကျွန်တော်နှင့်ဘကြီး နီးစပ်တော်စပ်သူ အလံနီနိုင်ငံရေး သမားဟောင်းကြီးက နိုင်ငံတကာစုံအောင် လှည့်လည်တော ခိုရာမှ အလင်းပြန်ဝင်လာပြီးတဲ့နောက် စီးပွားရေးလုပ်ငန်း မျိုးစုံနဲ့ မြန်မာပြည်အနှံ့အပြားစုံအောင် သွားလာဖူးသည်။ နောက်ဆုံးတော့ ပြည်မြို့မှာ အိမ်တွင်းစက်မှု တွင်ခုံလုပ်ငန်း ထောင်ပြီး ပြေလည်ချမ်းသာကာ မြို့မျက်နှာဖုံးဖြစ်နေတဲ့ အထိ အောင်မြင်တည်ငြိမ်နေချိန်မှာ နိုင်ငံရေးဘက်ကို လုံးဝ စိတ်မဝင်စားတော့ဘဲ အရွယ်နဲ့အညီ တရားဘက်ပဲ အာရုံ ပြောင်းကာ စီးပွားရေးကို ဦးစီးတယ်ဆိုရုံမျှ ကြီးကြပ်ပြီး လူယုံ တွေနဲ့ လွှဲထားပါတယ်။ သူက လုပ်ငန်းအတွက် အရေးကြီး ပစ္စည်းတစ်မျိုး ရန်ကုန်ကိုလာဝယ်ရင်း တစ်ခါမှ အလည်မလာ စဖူး အိမ်မှာ နှစ်ရက်၊ သုံးရက်ခန့် အလည်လာတည်းခိုပါ တယ်။ စကားနည်းပြီး တိုတိုပြတ်ပြတ်ပြောတတ်တယ်။ ညဘက်ကြီး ရောက်လာပြီး ထမင်းစားကာ ခဏပဲထိုင်ပြီး အိပ်ရာတန်းဝင်သည်။

မနက်ကျတော့ စောစောထက မုန့်နဲ့ရေနွေးကြမ်း သောက်ရင်း ကျွန်တော့်အဘိုးနဲ့ စကားပြောနေတုန်း နံနက် ၇ နာရီကျော်ကျော်မှာပဲ ရန်ပွဲသုံးပွဲကို သူ ကြုံတွေ့လိုက်ရ တယ်။ တစ်ပွဲဆိုရင် တော်တော်ကြမ်းတယ်။ မိန်းမချင်း ရန် ဖြစ်၊ နပန်းလုံးကြရာ အိမ်ရှေ့တည့်တည့်ရောက်တဲ့အထိ လုံး ထွေးသတ်ပုတ်ကြရာမှ မိမွေးတိုင်း ဖမွေးတိုင်း ဖြစ်ကုန်ကြ တဲ့အထိပါပဲ။ နံနက် ၇ နာရီကျော်ရုံရှိသေး အော်ကြီးဟစ် ကျယ် မကြားဝံ့ မနာသာက တစ်မျိုး၊ ကိုယ်ထိလက်ရောက် ထိပ်ပေါက်ခေါင်းကွဲ မမြင်ဝံ့ မကြည့်ရဲစရာတစ်ဖုံ ရန်ပွဲသုံးပွဲ မျက်မြင်နားကြား ကြုံလိုက်ရတော့ ဘကြီးဟာ တော်တော် အံ့သြသွားတယ်။ ကျွန်တော်တို့ အိမ်သားတွေရဲ့မျက်နှာက လည်း ဘာမှမတုန်မလှုပ် ပကတိမျက်နှာနဲ့ပဲ အိမ်အလုပ်တွေ ကို သာမန်မပျက်တမ်း လုပ်နေကြပုံကို မြင်တော့ သူ ပိုအံ့သြ နေတာပေါ့။

"တစ်ညလုံးလည်း စကားတွေပြောကြ၊ မယ်ဒလင် ဒေါင်ဒင် ဒေါင်ဒင်နဲ့ သီချင်းတွေဆိုကြ၊ အဆိုးဆုံးကကွာ ဆိုင်းတွေ၊ ဗုံတွေ တီးနေလိုက်ကြတာ လေးငါးအိမ်ပဲ။ တစ်ညလုံး ဆူညံနေလိုက်ကြတာ ငါဖြင့် တစ်မှေးတောင် မပျော်ဘူး။ ခုလည်း မိုးမလင်းသေးဘူး ရန်ပွဲသုံးပွဲရှိသွား ပြီ။ စိတ်ပျက်တယ်။ ဒီနေ့ချင်းပဲ ငါ ပြန်မယ်"

ကျွန်တော့်အဘိုး ဦးအေးက ပြုံးပါတယ်။ နယ်တကာ စုံလာတဲ့ အလံနီဟောင်းကြီးရဲ့ စိတ်ညစ်ညည်းတွားသံကို မကြားစဖူး ကြားလိုက်ရတဲ့အပြင် ဒါအကင်းပဲ၊ အစပဲ ရှိသေး တယ်၊ ခဏနေ ၈ နာရီလောက်ဆို သည့်ထက်မက ဆန်းပြား ပြီး မရိုးနိုင်တဲ့ပြဿနာတွေ သူ ကြုံတွေ့ရဦးမှာ မသိရှာသေး ဘူးဆိုတဲ့အပြုံးမျိုးပါ။

ကျွန်တော်က အချိုပန်းကန်တွေ သိမ်းဆည်းဆေး ကြော၊ ရေနွေးအိုးထဲ ရေနွေးပူ အသစ်ထပ်ဖြည့်လုပ်နေတုန်း မှာ . . .

mgyoe.com

mgyoe.com

"ဒီရပ်ကွက်က အငြိမ့်၊ ဇာတ်သဘင်၊ ဆိုင်းသမားတွေ နေတဲ့ရပ်ကွက်ဗျ။ ဒီတော့ နှစ်ဆယ့်လေးနာရီလုံး ဆိုင်းသံ၊ ဆိုသံ၊ ငိုသံ အငြိမ့်ပြဇာတ်တိုက်ကြတဲ့အသံတွေ ကြားနေရတာ ကျုပ်တို့အဖို့တော့ နားယဉ်နေပါပြီဗျာ။ သူတို့ နယ်တကာလှည့် ဇာတ်ကထွက်သွားကြလို့ တိတ်ဆိတ်နေရင်တောင် အိပ်မရသလိုလို ဖြစ်နေတတ်တယ်"

အဘိုး ဦးအေးက ဘကြီးဦးစိန်ကို ရှင်းပြနေပါတယ်။ အဲဒီအခိုက်မှာပဲ အိမ်နားက ဒေါ်စိန်စိန်ဆိုတဲ့မိန်းမကြီးက အင်္ကျီလုံချည်တွေ တွန့်ကြေ၊ ဆံပင်ဖားလျားချ ငိုကြီးချက်မကြီးနဲ့ အိမ်ပေါ်ကို ပြေးတက်လာရင်း . . .

"ဘဘကြီး၊ ဘဘကြီး။ ကျွန်မကို ကူညီဖြေရှင်းပေးပါဦး"

ဒေါ်စိန်စိန်ကို အဘိုးက ထိုင်ခိုင်း၊ ရေအေးအေး တစ်ခွက်တိုက်ပြီး ကြုံလာတဲ့ပြဿနာကို အစကနေ ပြောပြခိုင်းပါတယ်။

သူ့ယောကျ်ား ကိုဖြူက သူမကို အခြား သူစိမ်းယောကျ်ားနဲ့ ဖောက်ပြန်နေတယ်လို့ ပြောဆိုစွပ်စွဲပြီး ရိုက်နှက်နေလို့ ကွာရှင်းပေးပါတဲ့။ အဘိုး ဦးအေးက သူမကို အကဲခတ်မေးမြန်းပြီး အိမ်ပြန်ခိုင်းလိုက်ကာ ကိုဖြူကို အခေါ်လွှတ်လိုက်ပါတယ်။

ကိုဖြူက ခြောက်လုံးပတ်တီးကာ နာမည်နဲ့လိုက်အောင် ပိုးဟပ်ဖြူလေးလို ပိန်ပိန်ပါးပါးလေးနဲ့ မကြာခဏ ရောဂါထူပြောတတ်သူပါ။ ပျော့ပျော့နေတတ် သဘောကောင်းပြီး မယားကိုလည်း အလွန်ချစ်ရှာပါတယ်။ ခဏနေတော့ ကိုဖြူ ရိုရိုကျိုးကျိုးလေး ရောက်လာပါတယ်။

"ကျွန်တော် ဆိုင်းတီးဖို့ ဇာတ်ဆရာကားနဲ့ သွားတုန်း မြို့ထဲက ရုပ်ရှင်ရုံရှေ့မှာ သူ့ကို အခြားယောကျ်ားတစ်ယောက်နဲ့ တွေ့တယ် အဘရာ။ သူတို့ အတူရုပ်ရှင် တွဲကြည့်ကြတာပေါ့။ ဒါ ဘာသဘောလဲ" ကိုဖြူက ပြောပါတယ်။ အဘိုးက သူ စစ်ဆေးမေးမြန်းပြီးကြောင်း၊ အလုပ်ကိစ္စနဲ့ သွားကြတာဖြစ်ပြီး ချက်ချင်းပြန်လာခဲ့ကြောင်း၊ သူပြောတဲ့အတိုင်း အိမ်မှာ တစ်နေကုန်ရှိနေတာ အဘိုးကိုယ်တိုင် ကြားရ၊ မြင်ရကြောင်း အာမခံမှ ကိုဖြူ ဝမ်းသာပြုံးရွှင်သွားပါတယ်။ မကွဲကွာဖို့ ပြောပေးပါဦးလို့လည်း အထပ်ထပ် ပူဆာရှာပါတယ်။ "ငါ ပြောပြီးပြီ" လို့ အဘိုးက ခပ်တည်တည် ဟောက်လိုက်မှ ငြိမ်ကုပ်ပြီး ပြန်သွားပါတယ်။

* * *

နံနက် ၉ နာရီလောက်မှာ အဘိုးက ကျွန်တော့်ကို ရေခွက်၊ ဆပ်ပြာခွက်၊ တဘက်တွေ ယူခိုင်းတယ်။ သူ ရေချိုးတော့မယ်။ အင်္ကျီချွတ်၊ လုံချည်ရေလဲပိုင်း ဝတ်နေစဉ်မှာပဲ အရပ်အမောင်းအလုံးအထည်ကောင်းကောင်း၊ အသားညိုညို မျက်နှာထားတည်တည် လူရွယ်တစ်ယောက် အိမ်ထဲဝင်လာတယ်။ အဘိုးက ရေချိုးဖို့ပြင်ဆင်နေရင်းကပဲ . . .

"ဟေ့ကောင် အေးကြူ၊ ရေနွေးကြမ်း သောက်ဦး၊ ငါ ရေချိုးလိုက်ဦးမယ်"

ဦးအေးကြူက ရေနွေးကြမ်းဝိုင်းမှာ မထိုင်ဘဲ အဘိုး ရေချိုးတဲ့နေရာနား သွားရပ်ပြီး . . .

"ဒီမှာ ဦးလေးကိုအေး၊ ဦးစနေကို ကြည့်ပြောထားပေးဗျာ။ ကျွန်တော် လက်ပါခြေပါဖြစ်သွားမိရင် မလွယ်ဘူး"

အဘိုးက ရေခွက်နဲ့ သူ့ခေါင်းကိုမီအောင် မနည်းလှမ်းခေါက်လိုက်ရတယ်။

"ငါ ရေချိုးနေတယ်။ အိမ်ထဲမှာ သွားထိုင်နေ။ ပြီးမှ လာရင်းကိစ္စပြော"

ဦးစနေနဲ့ ဦးအေးကြူအိမ်က သုံးခန်းတွဲအိမ်ကြီး။ ဒီဘက် အစွန်တစ်ခန်းကို ဦးစနေပိုင်ပြီး ဟိုဘက်နှစ်ခန်းကို ကိုအေးကြူပိုင်တယ်။ ရေချိုးပြီး လာထိုင်တဲ့အဘိုးကို ကိုအေးကြူက . . .

"သူ တစ်နေကုန် ဗုံစမ်းနေတာ၊ တီးနေတာ ဝမ်းရေးကိစ္စ။ ပြီးတော့ တစ်ရပ်ကွက်လုံး တီးမှုတ်နေကြတာ ဆိုတော့ မဆန်းပါဘူး။ ဒါပေမဲ့ ဒီလူကြီး လောဘကြီးတယ်ဗျာ။ ကျွန်တော့်အိမ်ရှေ့ မြေကွက်ထဲမှာ သူ့ပန်းအိုးတွေ လာချထားတယ်။ ဒါ တဖြည်းဖြည်း မြေကွက်ခိုးမယ့်သဘောပဲဗျ။ ပန်းအိုးတွေပြီးရင် ရေစည်တွေချ၊ ကျောက်ပြားတွေချ လုပ်တော့မယ်။ အဲဒါ ဦးလေးဦးအေးကြည် ပြောပေးထားပါ။ ကျွန်တော် ဒီလူနဲ့ စကားပြောရတာ အပေါက်အလမ်းမတည့်ဘူး"

ကိုအေးကြူက ရေနွေးကြမ်းတစ်ခွက် ခပ်မြန်မြန်မော့ချလိုက်ပြီး တိုင်တန်းပြောဆို ဆင်းသွားပါတယ်။ သူက လူမှန်။ ရပ်ကွက်ထဲက ကလေးငယ်တွေနဲ့ လူပျိုပေါက်အရွယ်တွေထိ သူ့ကို ချစ်ကြောက်ကြတယ်။ လမ်းထိပ်ကားလမ်းပေါ် ဆော့ ကစားနေတာတွေ့ရင်၊ နောက်ဖေးရထားသံလမ်းပေါ် ဆော့ ကစားနေတာ တွေ့ရင် ဘယ်သူ့ကလေးဖြစ်ဖြစ် သူ ရိုက်နှက် ပြီး အိမ်ပြန်ခိုင်းတော့တာပဲ။ မိဘတွေက ငိုယိုဂျီကျလွန်းပြီး မနိုင်တဲ့ကလေးဆိုရင် "အေးကြူလက် အပ်လိုက်ရမလား"

mgyoe.com

ဆိုတာနဲ့ ချက်ချင်းအငိုတိတ်တော့တာပဲ။ တစ်ခါက ကလေး တစ်ယောက် စွန်လိုက်ရင်း ကားတစ်စီးနဲ့ နည်းနည်းပွတ် တိုက်မိရာ ရပ်ကွက်ထဲက ထုံးစံအတိုင်း ကားသမားကို ဝိုင်း တယ်။ ကိုအေးကြူက ငှက်ကြီးတောင်ကြီးကိုင်ပြီး ကားသမား နားက မားမားကြီး ဝင်ရပ်ကာ "ခင်ဗျားတို့ သူ့ကားနဲ့ သူ့ကို ထိရဲရင် ထိကြည့်လိုက်။ ကိုယ့်ကလေးတော့ ကိုယ် ကလေကချေလွှတ်ထားပြီး တိုက်မိမှ ကားသမားအပြစ်ပုံ မချနဲ့" လူအုပ်ကြီးအားလုံး ရှဲသွားတော့ ကားသမားကို ကား ပေါ်ပြန်တက်မောင်းခိုင်းလိုက်ပါတယ်။ ကလေးရဲ့ဒဏ်ရာတွေ ကို ကြက်ခြေနီဆေးသေတ္တာဘူး အမြဲရှိနေတဲ့ ကျွန်တော့်အဘိုး ကပဲ ဆေးထည့်ပေးရတယ်။

ကိုအေးကြူ တိုင်တန်းသွားပြီး သိပ်မကြာဘူး။ ဦးစနေ ရောက်လာတယ်။ အဘိုးက သူနဲ့ ဦးစနေဆိုတာ အရွယ်ချင်း သိပ်မကွာတာမို့ သဘောလောက်ပဲ ဖျောင်းဖျပြောဆိုပါတယ်။ ဦးစနေက ဖယ်ရှားပေးချင်ဟန် မတူဘူး။ သူ ပြန်သွားတော့ အဘိုးက ကျွန်တော့်ကို အသာ အခြေအနေလိုက်ကြည့်ခိုင်း တယ်။ ဘကြီးဦးစိန်ကလည်း ခြေညောင်းလက်ဆန့်ဆိုပြီး အတူလိုက်လာခဲ့တယ်။ ဦးအေးကြူအိမ်က အစွန်ခန်းဆိုတော့ လေရတယ်။ အမြင်ရှင်းတယ်။ ကျွန်တော်တို့သွားတော့ အိမ်ရှေ့မြေကွက်လပ်လေးမှာ ဦးအေးကြူ ထင်းခွဲနေတယ်။ ဘကြီးဦးစိန်ကို သူ့အိမ်ရှေ့ ကွပ်ပျစ်ပေါ်ထိုင်ခိုင်းပြီး ရေနွေး ကြမ်းနဲ့ အမြည်းနဲ့ ဧည့်ခံတယ်။ ကျွန်တော်ကတော့ သူ ထင်းခွဲ တဲ့နေရာနားမှာပဲ ရပ်ကြည့်နေတယ်။ သူက ကျွန်တော့်ကို အတည်ပေါက်နောက်ပြောင်ရင် သဘောပေါက်လွယ်ပြီး ပြန်လည်ချေပတတ်လို့ အခြားကလေးတွေလို မကြောက် တတ်ဘဲ ရင်းရင်းနှီးနှီးနေလို့ ချစ်ခင်လိုက်လျောတယ်။

"ဟော့ကောင် ဇော်ဝင်း၊ ငါ ဒီပုဆိန်နဲ့ ထင်းခြမ်းတွေကို ခွဲမယ်။ ဟော ဟိုရှေ့က ကြိုက်တဲ့ပန်းအိုးကို မင်းပြော။ ထင်း ခြမ်းအကွဲက အဲဒီပန်းအိုး တည့်တည့်ထိမှန်ပြီး ကွဲသွားစေ ရမယ်"

နေ့စဉ်လုပ်နေတဲ့ သူ ကျွမ်းကျင်ရာမို့ ကျွန်တော် ယုံ ပေမယ့် . . .

"မဖြစ်နိုင်ပါဘူးဗျာ။ ကဲ . . . အလွယ်ဆုံး ဒီဘက် အစွန်က ပန်းအိုးကိုပဲ ထိအောင် ခွဲပြစမ်းပါဦး"

သူက ထင်းတုံးကြီးကို နေရာရွေး အသာပဲ ထောင် လိုက်ပြီး ပုဆိန်နဲ့ အရင်ချိန်ဆကြည့်တယ်။ ကဲ . . . မင်း ကြည့်နေဆိုပြီး ပုဆိန်နဲ့ အားပါပါ ပေါက်ချလိုက်တယ်။ တစ်ခြမ်းက နေရာမှာတင် လဲကျပြီး ကျန်တစ်ခြမ်းက လွင့် စင်သွားကာ ပန်းအိုးတည့်တည့်ဆီ အရှိန်နဲ့ ထိမှန် ခွမ်းခနဲ ကွဲသွားတယ်။ ဦးစနေ ဗုံသံစမ်းနေရာက အလန့်တကြား လှမ်းကြည့်တယ်။ ကိုအေးကြူက ထင်းခြမ်းကွဲကို ခပ်တည် တည်ပဲ သွားကောက်တယ်။ မတော်တဆပဲလေဆိုတဲ့ အတွေး နဲ့ ဦးစနေ ဗုံဆက်တီးနေလိုက်တယ်။ စိတ်ကတော့ တထင့် ထင့်ဖြစ်နေပုံပဲ။ ဦးအေးကြူက . . .

"ကဲ . . . ဇော်ဝင်း၊ မင်း မြင်ပြီမဟုတ်လား"

"ဒါကတော့ အစွန်ဆိုးက ပန်းအိုးပဲဗျ။ လွယ်တာပေါ့။ အဲဒီစီထားတဲ့ပန်းအိုးခြောက်အိုးထဲမှာ အလယ်က တတိယ အလုံးကို ထိအောင်ခွဲပြဗျာ"

"အေးကွာ . . . စိန်လိုက်" ဆိုပြီး ထင်းတုံးခပ်ရွယ်ရွယ် တစ်တုံး သူရှာရွေးပါတယ်။ နောက် မြေပြင်နေရာတစ်ခုကို ထောင်လိုက်၊ နည်းနည်းရွှေ့ချိန်လိုက် အတန်ကြာလုပ်ပြီး စောစောကလိုပဲ ပုဆိန်နဲ့ သုံးလေးခါလောက် ချိန်ဆကြည့် ပြီး တစ်ချက်တည်း ပေါက်ချလိုက်ပါတယ်။ အံ့သြစရာပါပဲ။ တစ်ဖက်ထင်းစဟာ အရှိန်ခပ်ပြင်းပြင်းနဲ့ တတိယအိုးတည့် တည့်ကို ထိမှန်ပြီး ကွဲသွားပြန်ပါတယ်။ ဒီတစ်ခါတော့ ဦးစနေ ဗုံတီးရပ်ပြီး ဆင်းချလာတယ်။

"ဟော့ကောင် အေးကြူ၊ မင်း သက်သက်လုပ်နေတာ မဟုတ်လား"

ဦးအေးကြူက "ကျွန်တော့်ခြံဝင်းထဲမှာ ကျွန်တော် ထင်းပေါက်နေတာပဲ။ ဦးစနေက မလွှတ်မလပ်လာထားတာ ကိုး" လို့ ပြောပြီးနောက် ထင်းတုံးတစ်တုံးယူပြီး ခွဲတော့မယ် အလုပ်မှာ ဦးစနေက သူ့ပန်းအိုးအကောင်းတွေရော အကွဲတွေ နဲ့ ပန်းပင်တွေပါ မြန်မြန်ယူငင်သိမ်းဆည်းသွားပါတယ်။

အိမ်ပြန်ရောက်တော့ ဘကြီးစိန်က "ငါ နယ်တကာ မြို့တကာ စုံနေတဲ့အပြင် တောထဲရော ဟိုဘက်နိုင်ငံတွေပါ ရောက်ဖူးပါတယ်။ ကိုယ့်ကိုယ်ကိုယ် ဘဝစုံနေပြီမှတ်တာ။ ဒီရပ်ကွက်ကို ရောက်ဖူးမှ ငါ တကယ် ဘဝမစုံဖူးသေးပါ လားလို့ သိလာရတယ်။

နောက်ဆိုရင် ငါ့ရှေ့မှာ ကိုယ့်ကိုယ်ကိုယ် ဘဝစုံပြီလို့ ဘဝင်လေဟပ်နေတဲ့ အကောင်တွေ ဒီရပ်ကွက်ကို ရောက်ဖူး ပြီးပြီလား။ အဲဒါဆို မင်းဘဝမစုံသေးဘူးလို့ ပြောရမလောက် ပဲ။ နေ့ဝက်တောင် မရောက်သေးဘူး။ တက်လိုက်တဲ့ ပြဿ နာတွေ" လို့ညည်းတွားပါတယ်။ နောက် ကဗျာဆရာ၊ စာရေး ဆရာလောင်းလျာ ကျွန်တော့်အတွက်အမှတ်ရနေစေတဲ့ စကား တစ်ခွန်းကတော့ သူပြန်သွားပြီး နှစ်ပေါင်းများစွာကြာခဲ့တာ အခု သေဆုံးကွယ်လွန်သွားပြီးချိန်အထိ မမေ့နိုင်စရာပါပဲ။

mgyoe.com

"ဟို . . . စာရေးဆရာသော်တာဆွေဆိုတဲ့ ငနဲသာ ဒီရပ်ကွက်မှာနေကြည့်။ စာတွေ တစ်နေ့နှစ်ပုဒ်၊ သုံးပုဒ် ရေး လို့မကုန်လိုက်မယ့်ဖြစ်ခြင်းကွာ"

* * *

ဟိုတုန်းကတော့ ရပ်ကွက်ထဲမှာ သက်ကြီးရွယ်ကြီး လည်းဖြစ်ကာ ပညာသီလနဲ့လည်း ပြည့်စုံရင် ရပ်မိရပ်ဖ အရာ သဘောထားပြီး လင်မယားနဲ့ အိမ်ထောင်မိသားစု အတွင်း ရန်ဖြစ်တာကအစ နံဘေးပတ်ဝန်းကျင်နဲ့ မသင့်မမြတ် ခိုက်ရန်ဖြစ်ကြတာအဆုံး တိုင်းတန်းဖြေရှင်းနိုင်ကြ၊ ဖျောင်းဖျ စေ့စပ်ဆုံးမတာကိုလည်း နာခံရိုသေလိုက်နာကြတယ်။ ဒါ ရိုးရာယဉ်ကျေးမှုပါ။ သိပ်ပြီး ကြီးမားတဲ့အမှုမျိုးမှသာ ရုံးပြင် ကန္ဒားရောက်ကြတယ်။

အသိဉာဏ်မဲ့ အရမ်းရိုင်းတဲ့ လူတချို့ကလွဲရင် ရပ်မိ ရပ်ဖကို ရိုသေလေးစားနာခံတတ်ကြတယ်။ အဘိုး ဦးအေး က အသက်လည်း အကြီးဆုံးဖြစ်တဲ့အပြင် အင်္ဂလိပ်ခေတ်က အရာထမ်းလုပ်ခဲ့ဖူးတော့ မြန်မာစာ၊ အင်္ဂလိပ်စာနှစ်မျိုးလုံး ကျွမ်းကျင်တတ်မြောက်တာကြောင့် ရပ်ကွက်က ထစ်ခနဲဆို လာရောက်တိုင်တန်းဖြေရှင်းခိုင်းကြတယ်။

ပြဿနာ ဒိုင်ခံအဖြစ်ဆုံးသူက နတ်ကတော် မသောင်း သောင်းပါ။ နာမည်ရင်းကို သိကြသူရှားပြီး သူမစရိုက်နဲ့ လိုက်ဖက်တဲ့ ဒေါ်စွာကျယ်လို့ပဲ သိကြသူများပါတယ်။

အသက် ၄၀ နီးပါးလောက်ရှိပြီး မျက်နှာက အမြဲတင်း မာခက်ထန်နေတယ်။ ဘဝပေးအခြေအနေကြောင့် မျက်နှာ ကျောတင်းရတဲ့အထဲ သူ့ပင်ကိုစိတ်ကလည်း ကြမ်းတမ်း တယ်။ အသားမည်းမည်း၊ ပိန်ပိန်အရပ်ခပ်ရှည်ရှည်ပေမယ့် သူ့အရိုးအဆစ်တွေက မာကျောတုတ်ခိုင်နေတယ်။ အထက် အောက်အရောင်ဆင်တူ (အရောင်ခပ်ရင့်ရင့် အပွင့်အကွက် ကြီးတွေ) အဝတ်များ ဝတ်ပြီး ရွှေတစ်ဆင်စာကိုလည်း သူ့ အသားရောင်နဲ့ မလိုက်ဖက်စွာ မချွတ်တမ်းဝတ်တတ်တယ်။

သူမက တစ်ယောက်တည်းအိမ်ငှားနေပြီး အလုပ်များ တဲ့နေ့ဆို အနီးက ကောင်မလေးတစ်ယောက်ကို ခေါ်ယူကျွေး မွေး အဖိုးအခနည်းနည်းပေးကမ်းပြီး ကူညီခိုင်းစေထားတတ် တယ်။ ဒီကောင်မလေးလည်း မကြာခဏ အဆူအဆဲခံ၊ အရိုက်ခံရတာ များပေမယ့် အစားအသောက်အနေချောင်လို့ လားမသိ မစွာကျယ်နဲ့ပဲ အနေများတယ်။ သူမတို့နေကြတဲ့ အိမ်က အပေါ်အောက်သုံးခန်းတွဲ ရေးအိမ်ပုံစံကြီး။ အပေါ် ထပ်အလယ်ခန်းမှာ အိမ်ရှင်အဘွားကြီး မိသားစုနေထိုင်ပြီး ခေါင်းရင်းနဲ့ ခြေရင်းခန်းကို အိမ်ငှားထားတယ်။ အောက်ထပ် အလယ်ခန်းမှာ နတ်ကတော် မသောင်းသောင်းကို ငှားရမ်း ထားပြီး ခေါင်းရင်းနဲ့ ခြေရင်းခန်းကိုလည်း အခြားသူတွေ ငှားရမ်းထားတယ်။

မစွာကျယ်(ခေါ်) မသောင်းသောင်းက အိမ်ရှင် အိမ်ငှား တစ်ဦးနဲ့မှ မတည့်ဘူး။ တစ်နေ့ကို ရန်နှစ်ပွဲလောက်က အနည်း ဆုံးပဲ။ ရှေ့အိမ် နောက်အိမ်တွေနဲ့လည်း ရန်ဖြစ်လိုက်ကြ၊ ပြန်ခေါ်လိုက်ကြနဲ့ပါ။ သူမက ရန်အတွေ့လည်း ကောင်းသလို ကိုယ်ကာယချင်း သတ်ပုတ်လုံးထွေးရင်လည်း လက်ယဉ် တယ်။ လက်ဦးမှုရယူပြီး အပေါ်စီးက အနိုင်ယူတတ်တယ်။

တစ်ခါက အကြော်သည် မတင်တင်နဲ့ ရန်ဖြစ်တယ်။ သူကလည်း ခေသူမဟုတ်။ ယိမ်းသမဟောင်းတစ်ဦးဖြစ်ပြီး ရန်တွေ့ရန်ဖြစ်ကောင်းတယ်။ ရပ်ကွက်ထုံးစံအတိုင်း စကား ရောင်း၊ စကားဝယ် အတင်းအဖျင်းပြောတဲ့စကားတွေကို ပြန်ကြားရာကတစ်ဆင့် ရန်ဖြစ်ကြကာ ပွက်လောရိုက်ဆူညံ လိုက်ကြတာ အတွင်းရေးတွေ ဟုတ်တာရော မဟုတ်တာပါ မကြားဝံ့မနာသာပါပဲ။

ရန်တွေ့ကောင်းကြသူနှစ်ဦးပီပီ နှုတ်ပါးစပ် ကြမ်းတမ်း ရုံမျှနဲ့ အားမရကြတော့ဘဲ လုံးထွေးသတ်ပုတ်ကုန်ကြရော။ အကြော်သည်ကလည်း သန်မာပေမယ့် အသက်နည်းနည်း ကြီးကြီး အရပ်နည်းနည်းပုတယ်။ ဒါကို နတ်ကတော် မစွာ ကျယ်က အခွင့်ကောင်းယူပြီး နှစ်ယောက်လုံး မိတာနဲ့ မတင် တင်ရဲ့ဆံပင်ကို မရအရဆွဲတယ်။ ပြီးတော့ အိမ်တိုင်မှာ တစ် ပတ် ပိတ်ချည်လိုက်တော့ မတင်တင် နာကျင်ပြီး ရုန်းမရ တော့ဘူး။ အဲဒီမှာ မစွာကျယ်က မတင်တင်ပါးကို ဘယ်ပြန် ညာပြန် ပိတ်ရိုက်တော့တာပါပဲ။ ဟိုကလည်း နာကျင်နေတဲ့ ကြားက ရင်ဝကို ခြေထောက်နဲ့ဆောင့်ကန်လို့ မစွာကျယ်ရဲ့ အင်္ကျီတွေလည်း ပြဲစုတ်ကုန်တယ်။ ပွဲကတော့ တကယ့် ပွဲ ကြီးပွဲကောင်းပါပဲ။ ရပ်ကွက်တာဝန်ရှိ လူကြီးတွေ လာရောက် ဖြေရှင်းမှ ပြီးသွားတယ်။ မတင်တင်က မြေပေါ်ပြန့်ကျဲသွားတဲ့ သူ့အကြော်ဖိုးတွေ အလျော်တောင်းတယ်။ မစွာကျယ်က လည်း နင့်ကိုလုပ်ရတာနဲ့ တန်တယ်ဟဲ့ဆိုပြီး မဆိုင်းမတွ အလျော်ပေးလိုက်တယ်။

* * *

တစ်ရက်ကလည်း ရေထမ်းရောင်းတဲ့ ကိုထွန်းလှ မနက် စောစော ဆယ်နာရီလောက်ကြီး ခေါင်းပေါက်လာလို့ အဘိုး ဆီမှာ ဆေးလာထည့်တယ်။ အမှန်တော့ ဆေးထည့်ရင်း

mgyee.com

 mgyoe.com 

အဘိုးကို လာတိုင်တန်းတဲ့သဘောပါ။ နတ်ကတော် ဒေါ်စွာကျယ်က သူ့ဆီမှာ ရေဝယ်နေကျ။ ဒီနေ့ ထမ်းပိုးနဲ့ စည်ထဲကိုကျော်ခိုင်းပြီး ရေထည့်နေတုန်း သူ့ထမ်းပိုးနဲ့ သူ့ကို ဒေါ်စွာကျယ်က နောက်ကနေ ရိုက်ထည့်လိုက်တာပါတဲ့။ အဘိုးကဆေးထည့်ပေးရင်း . . .

"မင်း အရက်သောက်ထားတယ် မဟုတ်လား"

ကိုထွန်းလှက မျက်နှာငယ်လေးနဲ့ . . .

"ဟို . . . ပင်ပန်းလွန်းလို့ တစ်စိတ်တည်း သောက်သောက်ထားတာပါ"

"အလကားနေရင်းတော့ မင်းကို ဘယ်သူကမှ လုပ်မှာမဟုတ်ဘူး" လို့ အဘိုးကပြောဆိုရင်း အိမ်နီးချင်းတစ်ယောက်ကို မသောင်းသောင်းကို လာခဲ့ဦးလို့ မှာလိုက်တယ်။ သူမ ရောက်လာတော့ အဘိုးက မေးတယ်။

"ကျွန်မ နတ်ကကျလာတဲ့ စီးကရက်ကိုသောက်ရင်း ပက်လက်ကုလားထိုင်မှာထိုင်နေတုန်း အဲဒီလူက ရေထည့်ရင်းနဲ့ ကျွန်မ စီးကရက်သောက်တာ ဘေဘီနွဲ့နဲ့တူတယ်။ အရမ်းလှတယ်တဲ့"

"အဲဒါ စိတ်ဆိုးစရာလား၊ ရိုက်စရာလားဟဲ့" အဘိုးက ငေါက်လိုက်ပါတယ်။

"မပြီးသေးဘူးလေ ဘဘရဲ့။ သူက ပန်းပန်လျက်ပါဇာတ်ကားထဲက ကောလိပ်ဂျင်နေဝင်းတဲ့။ ပြီးတော့ အမှုအရာနဲ့ မမ ... မမ ကျွန်တော့်ကိုဖျက်ဆီးနေတာတဲ့။ မူးလည်း မူးနေတယ်။ ဒါကြောင့် မှတ်လောက်ရုံလေး ရိုက်လိုက်တာပါ"

အဘိုးက ကိုထွန်းလှကို ပြန်ခိုင်းလိုက်ပြီး . . .

"သူက ဦးနှောက် သိပ်မမှန်ရှာဘူး။ အရက်နည်းနည်းဝင်ရင် ပိုဆိုးတယ်။ ရောဂါသည်ဖြစ်နေတဲ့အပြင် နင့်ထက်လည်း အသက်ကြီးတယ်။ ငရဲကြီးလိမ့်မယ်။ နေရာတကာကိုယ်ထိလက်ရောက် မလုပ်နဲ့။ ဘာပဲဖြစ်ဖြစ် ငါ့ဆီ လာတိုင်ကြားလား"

ဒီလိုကျပြန်တော့လည်း ငြိမ်ငြိမ်ကုပ်ကုပ်လေး နားထောင်နေပါတယ်။

* * *

သူ ရန်ဖြစ်လိုက်ရင် အထူးအဆန်းချည့်ပဲ။ အသက် ၄၀ ကျော်ခါမှ အိမ်ထောင်ပြုကြတဲ့ လင်မယား ကလေးမရလို့ သူက အထက်နတ်မင်းတွေနဲ့ ကလေးရအောင် မစပေးခိုင်းမယ်ဆိုပြီး ငွေ အဆာမတန်တောင်းတယ်။ ဟိုစုံတွဲအိုကြီးကလည်း ကလေးရူး ရူးနေတော့ သူပြောတဲ့ဈေးအတိုင်း ပေးတယ်။ ဒါနဲ့ နတ်ရုပ်တစ်ရုပ်ကို ပုဇော်ပသရေရွတ်ပြီး ဟိုဇနီးမောင်နှံရဲ့ အိပ်ခန်းထဲမှာ တစ်ညလား၊ နှစ်ညလား ငှားရမ်းပေးလိုက်တယ်။ ဒီအကြောင်းအရာကို သူတို့ရဲ့ တူတော်မောင်က ကြားသိသွားပြီး ပိုက်ဆံလည်းနှမြောတဲ့အပြင် သဘာဝမကျတာကို ယုံကြည်ရပါ့မလားဆိုပြီး နတ်ရုပ်ကြီးကို လွှင့်ပစ်လိုက်တာ လက်ကျိုးသွားတယ်။

ဒေါ်စွာကျယ် သိတော့ ပြဿနာအကြီးအကျယ်တွေ တက်ကုန်ကြပြီး အဘိုးဆီ ရောက်လာပြန်တယ်။ သူ့နတ်မင်းရုပ်တုက ရိုးရိုးမဟုတ်ဘူး။ ဂန္ထဝင်နတ်ရုပ်တဲ့။ အလျော်ဈေးကြီးကြီး တောင်းပါလေရော။ အဘိုးက ကြားဝင်ဖြန်ဖြေဈေးညှိပေးပြီး လူငယ်ကို တိတ်တိတ်ဆူတယ်။ ကိုယ် မယုံကြည်ပေမယ့် သူတစ်ပါးယုံကြည်မှုကို မတားဆီးမနှောင့်ယှက်ရဘူး အစရှိသဖြင့် ဆူပူလိုက်တော့ ပြီးစီးသွားတယ်။ ဒေါ်စွာကျယ်က နတ်ရုပ်ကို အသစ်သေချာပြန်လုပ်တယ်။ သူက အခြားပြဿနာတွေရှာချင်ရှာ၊ စွာကျယ်မောက်မာပေမယ့် သူ ယုံကြည်ကိုးကွယ်တဲ့ နတ်စင်၊ နတ်ကွန်း၊ နတ်ရုပ်တွေကိုတော့ အမြဲတသသ ဆေးကြောသန့်စင်တယ်။ အမွှေးနံ့သာတိုင် ပန်းမန်ရောင်စုံတွေနဲ့ အမြဲဝေစည်သပ်ရပ်ခံ့ညားနေတာပါပဲ။ ရုပ်ဝေးရုပ်နီးက လာမေးကြ ပူဇော်ပသကြသူတွေလည်း မနည်းဘူး။ လမ်းကကျဉ်းတော့ ကားဝင်လို့မရတာကြောင့် တချို့ဆို ကားကို လမ်းထိပ်အပြင်မှာ ရပ်ထားရတယ်။ တစ်ယောက်တည်းသမားလည်း ဖြစ်ပြန်တော့ ရွှေတွဲလွဲ၊ အဝတ်ဆန်းပြားနဲ့ စုမိဆောင်းမိတယ်။ ဒါပေမဲ့ ရန်လိုမောက်မာ စွာကျယ်ကျယ်နိုင်တာ တစ်ခုက သူ့အတွက် အမည်းစက်ဖြစ်နေစေတယ်။ လူငယ်ပီပီ ကျွန်တော်လည်း ရုပ်ကွက်ချဉ်ဖတ် သူ့ကို ကြည့်လို့မရခဲ့ဘူး။

* * *

ကျွန်တော့်ဘိုးဘွား၊ အမေအဖေနဲ့ ကျွန်တော့်တစ်သက်တစ်ခါမှမကြုံဖူးတဲ့ ထိတ်လန့်ချောက်ချားစရာ အဖြစ်အပျက်ကြီးပါ။ အားလုံး ဘဝပျက် အိုးမဲ့အိမ်မဲ့ ရှိသမျှပစ္စည်းလေးတွေ အကုန်ဆုံးရှုံးရမယ့် ရန်သူငါးပါးထဲက အကြီးမားဆုံးအန္တရာယ်မီးဘေးကို မမျှော်လင့်တဲ့ညတစ်ညမှာ ကြုံလိုက်ရတယ်။ အချိန်က ညဥ့်နှစ်ချက်တီးလောက် ရှိပြီး (၂) လမ်းရဲ့ အလယ်အိမ်တစ်အိမ်မှာ ရေနံမီးခွက်နဲ့ စာကျက်ရင်း အိပ်ငိုက်အိပ်မောကျသွားရာက မီးခွက်လဲကျကာ အိမ်ကို စွဲလောင်တယ်။ အမိုးကလည်း ဓနိမိုး။ တစ်အိမ်လုံးနီးပါး စွဲလောင်ပြီး အိမ်ခေါင်မိုးပေါ်က အုန်းပင်ကိုတောင် မီးက ဟပ်

mgyoe.com

နေပြီ။ အားလုံးက မရတော့ဘူးလို့ပဲ ထင်ထားကြပြီး ပစ္စည်းတွေ သယ်မနိုင်သရွေ့ သယ်မ,ကြ။ မိန်းမနဲ့ကလေးတွေက တချို့ရပ်ကွက် ကားလမ်းထိပ်မှာ ပစ္စည်းတွေစောင့်ကြည့်ပြီး ရင်တမမ။ တချို့ကလည်း ရထားသံလမ်းပေါ်ကို ပစ္စည်းတွေ ရွှေ့ချပြီး ရေရွတ်ဆုတောင်းကြနဲ့ပါ။ ရပ်ကွက်လေးက အိမ်ခြေပြွတ်သိပ် ကျပ်ညပ်နေတာမို့ ကူးစက်လွယ်၊ ပြာကျလွယ်မယ်လို့ပဲ ထင်မှတ်ထားကြတယ်။ ဒါကြောင့် အဘိုးအိုအဘွားအို၊ ကလေးသူငယ်နဲ့ မိန်းမများကို မီးလွတ်ရာမှာ ပစ္စည်းတွေတချို့နဲ့အတူ စောင့်ထားခိုင်းကြပြီး ရှိရှိသမျှ ယောကျ်ားတွေကတော့ မီးစွဲနေတဲ့ အိမ်နဲ့ အနီးအနားအိမ်တွေကို ရေဖျန်း၊ မီးချိတ်မီးကတ်တွေနဲ့ လောင်လွယ်မယ့် ပစ္စည်းတွေ ဖျက်ချ ဖြိုချ တက်ညီလက်ညီ လုပ်ကိုင်ကြပါတယ်။

ရပ်ကွက်လေးက ကျဉ်းပေမယ့် လူများတယ်။ လူညီတယ်။ မခိုမကပ်ကြဘူး။ ဒါကြောင့် မီးညွန့်ဟာ တိုးမလာဘဲ တဖြည်းဖြည်းမီးစွယ်ကျိုးလာတယ်။ စတင်ဖြစ်ပွားတဲ့ တစ်အိမ်လောက်ပဲ မီးဘေးသင့်ပြီး စိတ်ချလက်ချဖြစ်သွားရအောင် မြန်ဆန်စွာပဲ ငြိမ်းသွားတယ်။

ဒါပေမဲ့ အဲဒီလိုရုန်းရင်းဆန်ခတ်ရသမျှ ပစ္စည်းလေးတွေဆွဲငင်ပြီး ခြေဦးတည့်ရာပြေးသူပြေးကြ၊ မိန်းမတချို့နဲ့ ကလေးငယ်တွေက ငိုယိုထိတ်လန့်ပြေးလွှားကြ၊ ယောကျ်ားကြီးတွေက မီးလောင်တဲ့နေရာဆီ ပြေးလွှားဝိုင်းသတ်ကြ စသည်ဖြင့် ရှုပ်ယှက်ခတ်နေတုန်းအချိန်မှာ ကျွန်တော်နဲ့အဘိုးက ပစ္စည်းလေးတွေ အဖိုးတန်သမျှ ထုပ်ပိုးပြင်ဆင်ပြီး စောင့်ကြည့်အကဲခတ်နေမိစဉ် ထူးခြားတဲ့မြင်ကွင်းလေးကို မြေးအဘိုးနှစ်ယောက် ပြိုင်တူမြင်မိကြတယ်။

နတ်ကတော် မသောင်းသောင်းက သူများတွေလို အတွင်းပစ္စည်းတွေလည်း မသယ်ဘူး။ ထုပ်ပိုးသိမ်းဆည်းပြီး ဘေးလွတ်ရာ ရှောင်ပြေးတာမျိုးလည်း မလုပ်ဘူး။ သူ့မျက်နှာပေါ်မှာ တုန်လှုပ်စိုးရွံ့ခြင်းကင်းစွာ၊ မင်းကြီးမင်းလေး (ရွှေဖျင်းညီနောင်) ရုပ်တုတွေ ခေါင်းပေါ်တင် အိမ်ရှေ့လမ်းမပေါ်ပင့်ကာ "မလောင်စေရဘူး။ ဒီရပ်ကွက်ကို မစပေးတော်မူကြပါ" ဆိုပြီး အိမ်ထဲပြန်ဝင်သွားလိုက်၊ ပုပ္ပားမယ်တော်၊ တောင်တော်သခင်မ၊ ရုပ်တုတွေ သယ်လာ အထက်ပါအတိုင်း ရွတ်ဆိုဆုတောင်းလိုက်၊ အိမ်ထဲပြန်ဝင်သွားပြန်ပြီး ဦးမင်းကျော်၊ အမေဂျမ်း၊ ပဲခူးတလိုင်း၊ နံကရိုင်းမယ်တော်၊ မြင်းဖြူရှင် ၄ ပါး အစရှိတဲ့ နတ်မင်းရုပ်တုတွေ အသီးသီးကို အိမ်ရှေ့လမ်းမပေါ် ဦးခေါင်းထက်တင် ပင့်ဆောင်ပြီး "မလောင်စေရဘူး။ ဒုက္ခမရောက်စေရဘူး။ ဒီရပ်ကွက်လေးကို စောင့်ရှောက်ကြည့်ရှုပေးတော်မူကြပါ" လို့ တဖွဖွရွတ်ဆိုလိုက်၊ နတ်ရုပ်တွေ ရှိရှိသမျှအပြင်သယ်လာပြီး ပူဇော်ပသလိုက်၊ အတွင်းပြန် နေရာတကျထားပြီး ရုံခါအမိန့်ပေးသလိုလို ဝင်ပူးကပ်ပြီး ညွှန်ကြားပြောဆိုနေသလိုလို လုပ်နေတာပဲ တွေ့ရတယ်။ နံဘေးနံသိက ပြေးလွှားတိုက်မိသွားတဲ့သူတွေကိုလည်း သူအာရုံမထား။ သတိပြုကြည့်ငေးနေတာမျိုးလည်း လုံးဝမလုပ်ဘဲ သူယုံကြည်ရာ သူ့အလုပ်ကိုပဲ တည်တည်ငြိမ်ငြိမ်လုပ်နေတာ တွေ့ရတယ်။ ပြီးတော့ သူတတ်စွမ်းတဲ့၊ သူနိုင်တဲ့ ပညာရပ်ကျွမ်းကျင်မှုနဲ့ ဒီရပ်ကွက်အကျိုးကို သယ်ပိုးမယ်ဆိုတဲ့ စိတ်ထားမျိုး သူ့မျက်နှာပေါ်မှာ တည်ကြည်ရင့်ကျက် ပေါ်လွင်နေတယ်။ အားလုံး ငြိမ်သက်စိတ်ချလက်ချ ဖြစ်သွားကြတော့ အဘိုးက ကျွန်တော့်ကို ပြောတယ်။

"လူဆိုတာ ကိုယ့်အလုပ်ကိုယ် ယုံကြည်တန်ဖိုးထားတတ်ရတယ်။ ပြီးတော့ အဲဒီအလုပ်နဲ့ (ဟုတ်တာမဟုတ်တာ အပထား) အများအကျိုးကို သယ်ပိုးထမ်းရွက်မယ်။ တစ်ကိုယ်ကောင်းမဆန်ဘူးဆိုတာ လူကောင်းတွေရဲ့ စိတ်ထားပေါ့"

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ နတ်ကတော် ဒေါ်သောင်းသောင်းကို အရင်လို အမြင်မကြည်မလင်၊ ကြည့်လို့မရတာမျိုး ပျောက်ကွယ်ငြိမ်းအေးသွားပါတယ်။

*ရွှေအမြုတေ၊ မေ၊ ၂၀၀၇*

❑

mgyoe.com

mgyoe.com

# စိမ်းလဲ့လဲ့မြစ်ပြင်

ဆွန်အဲလူ

အင်ဗာတာဖွင့်။

မီးချောင်းတွေ ပြန်လင်းလာပြီဆိုတော့ မေ့ပြီး မပိတ်မိလိုက်တဲ့ ပန်ကာက တဒီးဒီးထမြည်ရုံမက သူ့အပေါ်မီးပူကပါ အားကျမခံ ဆွဲလေရကား အင်ဗာတာထဲမှ ဒီလေးခေါ်ကြားခံကိရိယာ မီးခိုးညှော်၍ ကျွမ်းပြီးနောက်–

သူတို့လင်မယား ငါးဆယ်တန်ဖယောင်းတိုင်အောက်မှာ စစ်ထိုးစစ်တက်ပြုကြပုံက။

သည်လိုနှင့်မင်းဇော် တစ်ယောက် အူဟောင်းလောင်းနဲ့ ကုမ္ပဏီရုံးခန်းဆီ ထွက်လာရတာမဟုတ်လား။

**အခန်း – အီကွေတာ**

နေရောင်ခြည်ခါးခါးတွေ စီးသွန်နေသော ထိုမနက်ခင်းကဖြင့် မင်းဇော်အတွက် သီးသန့်စာနာပေးဖို့လည်း သတိရဟန်မတူ။

မြို့သစ်ကဖေးဆိုင်လေးက ရေလယ်ကျွန်း၊ ထိုကျွန်းနှင့် ပေတရာလမ်းကို ဝါးကပ်တံတားထိုးပေးထားသည့်အတိုင်း လျှောက်ဝင်သွားသောအခါ အဆိုတော်သစ်လေး၏ လုပ်ယူထားမှန်းသေချာသည့် မီးသတ်ဥသြလို အသံလုံးကြီးက။

ကျဆိမ့်သည် ဒီမနက်အဖို့ မဆိမ့်နိုင်တော့။ ပိုက်ဆံ တစ်ရွက်ကို ပန်းကန်လုံးနှင့်ဖိကာ ဆေးလိပ်ပင်မဖွာဘဲ သူထွက်လာခဲ့လိုက်ပြန်သည်။

အဲဒီခိုက် ခြေတစ်ဖက် လွတ်လပ်ရေးရသဖြင့် ဟာခနဲဖြစ်သွား၏။ ငုံ့ကြည့်တော့ တိုက်ပျက်အုတ်ကျိုး ခိုးလိုးခုလုပေါ်မှ လိမ့်လဲပြုတ်ထွက်သွားသော ဖိနပ်သဲကြိုး။

'ကျွတ်'

ဟိုအမျိုးသမီးကြီးနဲ့မှ အိမ်ချင်းမနီးပလေ။

ကိုယ့်စည်းစိမ်ဥစ္စာ ဘယ်လောက်ဆိုတာ အတိအကျမသိနိုင်လောက်အောင်ဖြစ်နေမှ တကယ့်လူချမ်းသာခေါ်သတဲ့။ သံမဏိအလှမယ်ဆိုသော ဘွားတော်က။

သူ့(ငှင်း၏ခင်ပွန်း)ဟာ ဘာမှ မဖြစ်ခင်ကတည်းက ရွှေတွေတန်နဲ့ချီ ပိုင်ဆိုင်ကြွယ်ဝပြီးသားဟု အင်တာဗျူးတစ်ခု၌ ပြောသွားသေးသည်။

ထိုမဒမ်ကြီး၌ တစ်ချိန်က ဖိနပ်အရံပေါင်း သုံးထောင်ကျော်တောင် ရှိတာ မင်းဇော်သိထားခဲ့သည်။ ချာတာဖလိုက်နဲ့ အခမဲ့တင်ခေါ်ပြီး ပဲရစ်တို့ လန်ဒန်တို့ ရှော့ပင်မလိုက်ရရင် နေပါစေ။ အီတလီလုပ်ဖိနပ်ကလေးတစ်ရံတီတီပါ အဒေါ်။

ဖော်မြူလာဝမ်းတဲ့လား။ မိုက်ကယ်ရှူးမေကာမောင်းသော ရယ်လီကားစပိမျိုးဖြင့် ဒေဝူးကြီးက ကဆုန်ပေါက်ပြီး အားကုန်ပြေးနေသည်။ ဘယ်မှတ်တိုင်မှာမှ မထောက်။ ဇကန္တသူလည်း မိန်းမသဟောက်သဟန် ခံခဲ့ရဟန်တူတယ် ဟု တွေးရ၏။

အိပ်စပို့ အင်ပို့၊ ရောင်းဝယ်ကူးသန်း၊ ဆိပ်ကမ်းရှင်းလင်းဆိုတာတွေမျှမက ထွေလီကာလီ ကွန်တိန်နာရောင်းဝယ်ငှားထိ လိုင်းစုံကိုင်သော ကုမ္ပဏီရုံးခန်းသို့ ဒီကနေ့ သူစောစောရောက်သွားသဖြင့် ကြောင်တက်တက်ပင် ဖြစ်နေ၏။

ငါ့လေ ငါထိုး အုံနာအမ်ဒီကြီးက ပုံမှန်ရုံးမတက်။ သားမန်နေဂျာ၊ တူမ မန်နေဂျာ၊ ခယ်မ မန်နေဂျာ၊ သားမက် မန်နေဂျာ။ အက်ဒ်မင်၊ ပလန်နင်၊ အကောင့်တ် စသည့် ရာထူးနှင့်ဆိုင်းဘုတ်တွေကဖြင့် လူမြင်သူမြင် အင်ပြည့် ဒင်ပြည့် ဖွဲ့စည်းထားတာ မသိရင် အထင်ကြီးစရာ။

ဆစ်ခစ်ထရီမဆိုသူ ကောက်ကောက်ဟိုက်ဟိုက်လေးနှစ်ယောက်က စားပွဲမှာ မိတ်ကပ်ဖို့ရင်း တခစ်ခစ်။ မင်းဇော်ကလွဲရင် ဒီကုမ္ပဏီမှာ သူ့ငွေးနှင့် မကင်းရာ မကင်းကြောင်းချည်းဖြစ်သည်။

mgyoe.com

mgyoe.com

မင်းဇော်က ဝန်ကြီးဌာနတစ်ခုမှာ အရာရှိအဖြစ် လုပ်ခဲ့ဖူးရုံနဲ့ဖြင့် မဟုတ်သေး။ သူက အပေါင်းအသင်းဝင်ဆံ့သည်။ အဝင်အထွက် တတ်မွန်သည်။ ခင်မင်နှစ်လိုဖွယ်ရှိပြီး တဲလင့်ညဏ်ရည်ကောင်း၏။

ဆိပ်ကမ်း၊ အခွန်ဦးစီး၊ ကုန်သွယ်ရေး၊ နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ စာချုပ်စာတမ်း၊ မှတ်ပုံတင်ရုံးကနေ ယုတ်စွအဆုံး နိုက်ြိုပတ်ဗုလစ်လောဖန်းမ်ရှေ့နေ အသိုက်အဝန်းနှင့်ပါပဏာစားတာဆိုတော့ မင်းဇော်ကို မဖြစ်မနေ ဆွဲကပ်ထားရတာဖြစ်သည်။

ထို့ပြင် တစ်ခုခံသာသည်က သူဌေးသည် ငါမှငါဆိုသော အတ္တဒဿနဖြင့် သူ့ထက်ဆယ်နှစ်ခန့်ကြီးသည့် မင်းဇော်အပေါ် မထေမဲ့မြင်မလုပ်။ လေးစားမှုဖက်သည့် နေရာပေးမှု လိုက်လျောစာနာမှုတွေ ပေးတတ်သဖြင့် ခုထက်တိုင် မြဲနေရတာမဟုတ်လား။

တန်းတူဆက်ဆံ မိသားစုသို့ လူမှုထောက်ကူ အခါအားလျော်စွာ စားပွဲစတာတွေနဲ့ ပြုစုခြင်း စတာတွေပင် ရှိခဲ့သည်။

အဲဒီညစာစားပွဲ ဆိုတာတွေကနေ ....။

မိုးတိမ်အုံ့ဆိုင်းကာ နီလာ၏။ တံလျှပ်၊ ဥသြနှင့် လေပွေရူးတို့ စခန်းသိမ်းပြီဆိုလျှင် တူးပို့သံနောက်၌ နာမည်လှသယောင်ယောင်နဲ့ မင်းဇော်လို လူစားမျိုးအပေါ် ရက်စက်ညှင်းဆဲလေ့ရှိသော မေလဆိုသည့် အခါသမယသည်...။

မိမိ၏ ကျောင်းနေလည်းပျော်၊ စာလည်းတော်ရုံမက တစ်နှစ်တစ်တန်းအောင်လေ့ရှိသော သားသမီးတို့သည်ဒီအချိန်ရောက်လျှင် 'ဖူးတံတဝင့်ဝင့်' လည်လာနေကျမဟုတ်လား။

ဂရိတ်အလဲဗင်း၊ နိုင်းနှင့် ဆဲဗင်း။ အထက်တန်းနှစ်ယောက်။ အလယ်တန်းတစ်ယောက်၏ ဝေယျာဝစ္စစရိတ်စကနှင့် ထွေထွေရာရာတို့သည် ဖောင်ဖြည့်စရာ မလိုသော ဒမန်းတောင်းခံလွှာများအဖြစ် ရင်ဘတ်သို့အသီးသီးဝင်ဆောင့်ကြသည်။

ထိုတာဝန် တာထမ်းများအတွက် မင်းဇော် အစောကတည်းက ပြင်ဆင်ကြည့်ခဲ့သေးသည်။ ကြံဖန်ကပ်၏။ မပြီ။ နည်းနည်းချင်းစု၏။ သို့သော် ကုန်ပေါက်ကဘွားခနဲပေါ်လာ။ နောက်ဆုံး အုန်းမှုတ်ခွက်မှ အနိုင်နိုင်။

စုလို့လည်း အထမမြောက်၊ နိုက်စရာ ကုပ်စရာ အခွင့်အလမ်းတွေလည်းမရှိသလောက် ကျဉ်းကျပ်သွားချိန်တွင် အရေးတကြီးသွေးစည်းဆိုသလို အစ်ကိုရင်မောင်ထံသို့သာ။

သွားမယ်ဆိုမှ မနှစ်သီတင်းကျွတ်ချိန်ကန်တော့ပြီးကတည်းက မရောက်တာဆိုတော့ တစ်နှစ်ခွဲသာသာ။

မအေညီအစ်မရင်းက မွေးတာမို့ အရင်းကလွဲ အရင်းဟုဆိုနိုင်သည်။ ပြီးတော့ မင်းဇော်ဘွဲ့ရသည်အထိ ထောက်ပံ့ပေးခဲ့သော အစ်ကို။ မိန်းမရပြီးတာတောင် လိုတာရှိလာခဲ့ဆိုသည့် အစ်ကို။ ထိုဦးရင်မောင်ဆိုသော ဖခင်လိုအစ်ကိုကြီးထံ အပူကပ်စရာ တောင်းခံစရာ မရှိသေးချိန်ထိ ဥပေက္ခာပြုခဲ့တာ မျက်နှာပူစရာအဖြစ် ပြန်မြင်ရ၏။

သို့သော် မတတ်နိုင်၊ ဒီကလွဲရင် အခြားကိုးကွယ်ဖို့ မမျှော်နိုင်သဖြင့် မုန့်တစ်ပုံးဝယ်ပြီး...

'နှင့်ဆီအကြောင်းကြားဖို့ပဲဟယ်၊ ရွာမှာ ခြံက တစ်ဖက်လယ်ကတစ်မျိုးနဲ့ဆိုတော့ မရောက်ဖြစ်ဘူး။ အခြေအနေကတော့ ...'

ကံဇာတာသည် အစ်ကို့ကို ရုတ်ခြည်း အိုးမည်းသုတ်ချလိုက်၏။ အိပ်ရာ၌ တုံးတင်းသရော အနေအထား ရေတောင် မဝင်တစ်ချက် ဝင်တစ်ချက် လူမမာ၏ပြဒါးချိန်က လုံးဝနာလန်ထူမှာမဟုတ်တော့သည့် ဂိတ်ဆုံးသင်္ကေတ။

"အသက်က ခုနစ်ဆယ် ရုပ်ပက်မဟုတ်လား။ လှည်းပေါ်ကျပြီး နိမ့်သွားတဲ့တင်ပဆုံက ခုနောက်ပိုင်း ပိုပိုဆိုးလာရော"

"ပြတာပေါ့။ သမားတော်တွေ၊ ပါရဂူတွေ ကျောက်ကပ်လို့ ဒက်ထိပြောတယ်။ ခွဲကို ခွဲရမယ်ဆိုလို့ ..ဆေးရုံကြီးမှာ နတ်တော်ထဲနေ့ာ။ ဟုတ်တယ် ဘယ်မှာ မတ်ပဲတွေ ကြံပြီး သေးလို့တုန်း"

မရီးက ဇာတ်ကြောင်းပြန်ပြနေ၏။

"ခွဲဖြစ်ပါ့တော်။ ခွဲခါမှ ခွက်ခွက် ခုံးကရော။ အထဲမယ် လားလား ကျောက်ကပ်ရောဂါ မဟုတ်ပြန်ဘူးတဲ့။ ကျောရိုးတီဘီဆိုလားဟယ်၊ ငါ့ယောက်ျားကျမှ..

အသံတိမ်ရာမှ လှိုက်သံစွက်ပြီး အင်္ကျီလက်မောင်းစဖြင့် ပင့်သုတ်လိုက်ချိန် မရီးမမြင်အောင် မျက်တောင်သွက်သွက်ခတ်လိုက်ရသည်။ လူမမာကတော့ ကြားနိုင်စွမ်းလား၊ မစွမ်းလား မခန့်မှန်းနိုင်။

ကြမ္မာရိုင်းရိုင်း တစ်ခန်းရပ်က နာချင်တိုင်းနာနေသော အလွမ်းဇာတ်စစ်စစ်။

မိမိဘယ်လိုနှစ်သိမ့်ပြီး ဘယ်လိုဘာသာဗေဒနဲ့ နှုတ်ဆက်ခဲ့သလဲဆိုတာ ပြန်မတွေးတတ်။

ဗျာခိနဲ့မရဏကြား မျဉ်းတန်းပါးပါးလေးပေါ်၌ အစ်ကိုရင်မောင်တစ်ယောက် နံ့နဲ့နဲ့ လျှောက်လှမ်းရင်း ဘယ်အချိန်မှာ...။

mgyoe.com

 mgyoe.com 

အခန်း – ဖိုးနှစ်

'နောက်တစ်ကြိမ် ထပ်စဉ်းစားကြည့်ပါဦးဗျာ။ ကျွန်တော့်အဖြစ်က တကယ့်ဘေးကျပ်နံကျပ်မို့ပါ။ ရင်ဖွင့်အကူအညီတောင်းစရာဆိုလို့ ...'

လေယူလေသိမ်းက ခိုက်စရာ။ သွင်ပြင်မျက်နှာထားကလုံး၀ အကယ်ဒမီတိတိ။

နဖူးပြောင်ပြောင်၊ ဗိုက်အိုးပွပွ၊ လက်စွပ်ပြူးပြူးနှင့် ဟန်းချိန်းတဝင်းဝင်း။ အဆိုပါသရုပ်သဏ္ဍာန်နှင့် ပက်တန်ဒေတာများသည် ဦးဗေယျာမိုးလွင် အမည်ရ ဘော့စ်ဆိုသူ၏ သီးသန့် ရုပ၀ုဏ်သတ္တိများဖြစ်ကြသည်။

မင်းဇော် အတွင်းမနေသာကနေ အပြောက်ခနဲ ရယ်သွမ်းသွေးမိလိုက်တာသေချာ၏။

အမ်ဒီ သို့မဟုတ် စီအီးအို သို့မဟုတ် 'ဒီပါရွှေမြေ' အင်တာနေရှင်တယ် ကုမ္ပဏီလီမိတက်၏ ဦးစီးခေါင်းကိုင်ကြီးသည် ပစ္စက္ခ၌ သူ့လက်အောက်ငယ်သားကို ခေါင်းဖြင့် တိုးဝှေ့အသနားခံနေ၏။

ငါ့ကိုယ်၌က အညာလွယ်တာ၊ ကြိုက်ချင်ဦးဟ အကောင်း၊ မြုံချင်ဦးဟ ဘလက်လေဘယ်လ်ဆိုပြီး ကိုယ့်ပါးကို စိတ်နဲ့ပြန်ရိုက်နေသော မင်းဇော်ကတော့ မမူးသေးဘဲနဲ့ ဇက်ကျိုးရှာပြီ။

'အစရှိ အနောင် အနောင်' ဆိုသလို သူဌေးကိုယ်တိုင်က တကူးတက အင်ဗိုက်တ်လုပ်တာ အားနာပြီး (ကိုယ်ကလည်း စိတ်မနိုင်) ဟိုဒင်း ဟိုဟာ ကော်တီဗွီတွေ မာဆတ်တွေဆီ တစ်ခေါက်က နှစ်ခေါက်ဖြစ်လာပြီးနောက်။

မင်းဇော်ကိုယ်တိုင် သိက္ခာနှစ်ပြားသားမှ မတန်သော ကိလေသာပွဲစားနှင့် ရမ္မက်အကျိုးဆောင်ဖြစ်မှန်းမသိ ဖြစ်လာတာ ဘာလိုလိုနဲ့။ မေ့အောင် မောအောင် မူးအောင် ဝေအောင် ပြုစားတတ်သော သူဌေး၏ တံစိုးလက်ဆောင်အပင်းအဆိပ်တွေကလည်း တနင့်တပိုးဆိုတော့။

စင်စစ် ဤဒီပါရွှေမြေ၏ ရင်းနှီးမြှုပ်နှံမှုဟူသမျှသည် ကလေးနှစ်ယောက်မိခင် မုဆိုးမတဖြစ်လဲ ဒေါ်သီသီခိုင်မှူးဆိုသော အမျိုးသမီးကြီးထံမှ စီးဆင်းခဲ့တာချည့်ဖြစ်သည်။ အိမ်ထောင်မဲ့ဗေယျာမိုးလွင်က လူစိုက်၊ ဘွားတော်က ကျန်တာအကုန်လုံးစိုက်။ ထိုမောင်နှံ၏ အသက်ရေပြင်ညီက ၄၅ နှင့် ၃၂။

ကျိုးကြောင်းသဘောအရ သူဌေးက ခတ်ဖက်နောက်ထပ်တွေ့ပြန်သည်။ မလွှဲမရှောင်သာ နော်ဇာအောင်ဆိုသော ဆုပ်ဆုပ်ခဲခဲလေးနှင့် ငြိတွယ်အမျှင်တန်းပြီးသည်၏ အခြားမဲ့၌။ တိုက်ခန်းတစ်ခန်း၊ ဂျီအက်စ်အမ်တစ်အပြင် တခြား ဖက်ဆယ်လ်တီလပ်ဇူရီတွေပါ ပံ့ပိုးပြီးနောက် နှစ်ဆောင်ပြိုင်ဆက်တင်။

နောက်ပိုင်းရောက်တော့ ကိုးရိုးကားရားဖြင့် ယင်းအညီရောင်ရိုက်ကွင်းရှိ ဦးဗေယျာ၊ ဒေါ်သီသီနှင့် မိနော်ဇာတို့ တြိဂံပုံရိပ်ကြားတွင် ဆက်စပ်ညှိနှိုင်းဖြေရှင်းသူ ဖြစ်လာတဲ့အထိ မင်းဇော် နက်ရှိုင်းသွား၏။ သို့တိုင် ပြဿနာအင်္ဂါရပ် မစုံလင်သေး။

ခုတော့ လူလွန်မသားက နံပါတ်(၃)မြောက် ကျွန်းသစ်တစ်ကျွန်း သို့တည်းမဟုတ် အိသီရိကျော်ဆိုတာလေးကို ဇာတ်ရှုပ်ထဲ ဆွဲသွင်းလာပြန်၏။

'အလုပ်က ခင်ဗျားသိတဲ့အတိုင်း သိပ်မကောင်းဘူးလေ။ အဲတော့ နေစရာအတွက် ငွေမဖြုန်းရအောင် မိဇာရဲ့ တိုက်ခန်းကိုပဲ ...'

တစ်စုံတစ်ခုကို အသံမထွက်ဘဲ နင့်နင့်သည်းသည်း ရေရွတ်လိုက်ရုံမက အဆီပြန်မျက်နှာအစ်အစ်ကို ဖော်ခနဲ ဖြတ်ရိုက်ချင်စိတ်အား မင်းဇော် ပတ်တုပ်ထားလိုက်ရ၏။

ပြောခိုင်းချင်သည့် အဓိကကား နော်ဇာအောင်သို့ မေဒင်ဖြုတ်လိုက်ပြီဖြစ်သဖြင့် ဖုန်း၊ တီဗွီ၊ ရွှေ၊ ငွေ၊ လက်ဝတ်လက်စား အစ .ရေခဲသေတ္တာ၊ ပန်ကာအဆုံးဆန္ဒရှိရာကို ယူဆောင်လျက် တိုက်ခန်းမှ ဆင်းစေရေး ဖျောင်းဖျနားချရန်။

မျက်နှာငယ် ပန်တော်ကျက ကိုယ့်သမီးအရွယ်။ အက်ဆစ်ရောင်ရာဇသံကို ဘယ်မျက်နှာကြောမျိုး၊ ဘယ်လေယူလေသိမ်းမျိုးနဲ့ တောက်တောက်ခါးခါး သွားပြောပေးရမှာလဲ။ အားနာစရာလည်းဟုတ်၊ ရင်နာစရာလည်း ဟုတ်။

'ဝွပ်'

ရှေ့တည့်တည့်မှ အရက်ပြင်းခွက်ကို ဘာမှမရောဘဲ အငြိုးကြီးနဲ့ ဒီအတိုင်း 'နီ'သောက်ချပစ်လိုက်၏။ သို့သော် မင်းဇော်မဖြုံ။

အရက်ထက်ပူသော ပီဘိငရဲမီးတွေ ကလီစာတစ်မြုံလုံး၌။

လူချင်းခွဲခါနီး ခုညစဉ်းစားပြီးနက်ဖြန် အကြောင်းပြန်လိုက်တာပေါ့ဟု ညှိသည့် အိမ်ခွာပြောခဲ့မိလားတောင် မသေချာ။

အခန်း – ဆူနာမိ

'အရှေ့အရပ်၌ရှိသော ပတ်ဝန်းကျင်အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့ ... ဘေးရန်ခပ်သိမ်း ...'

ကျောက်ခွဲစက် ခုန်နှုန်းကြောင့် ခေါင်းတွေဖြောင်းဆန်

mgyoe.com

mgyoe.com
ပြီး ဂွမ်းသဒ္ဒါလန်နေတာကို ဘယ်လိုဖြေရှင်းကုစားရမှန်း မသိ။

ရေခဲအိတ်လည်း ဘယ်နေရာမလဲ မသိ။

နားထင်လက်နဲ့ဖျစ်ပြီး ယောင်တိယောင်န ကတုန်ကရင် ထွက်လာခဲ့သော မင်းဇော်သို့ အစုအဝေးတစ်ခုက ချုံမခိုဘဲ ဧည့်ခန်း၌ ပေါ်တင်ကြီး စောင့်နေပုံ။

သုံးကောင်စလုံး မျက်နှာမသာ။ ရှုံ့တွတွ ဥပမိဖြင့် အဖေ လုပ်သူကို ဂြိုဟ်ကြည့်တွေ ပို့လွှတ်နေတာ မမြင်ချင်ယောင် ဆောင်ဖို့မလို။

'ဖေကြီး နက်ဖြန်နောက်ဆုံးတဲ့၊ ခြေရင်းက ပိုးဝေဦးတို့ ညီအစ်မတောင် အပ်ပြီးသွားပြီ'

'သားလည်း အဲဒီလိုပဲ'

'ဘယ်လိုတုန်း ဖေကြီး'

ရှစ်ခေါဘဏီတပ်မကြီး နင်းချေသွားသော ဝါးတစ်ပင် ကဲ့သို့ မင်းဇော် ဖြစ်တည်မှုတွေ မှုန့်မှုန့်ညက်ညက်။

အခန်း း ဘာဘီကျူး

မြို့တွင်း နယ်ဝေးဆိုသော ဖုန်းနှစ်လုံးအနက် ဘယ် ဘက်ဟာသည် အပြာရောင်ဖြစ်၏။ အခြားတစ်လုံးမှာဖြင့် ကော့သောင်းကို ငွေလှမ်းမှာနေသော အဒေါ်ကြီး တတွတ် တွတ်လုပ်နေသည်။

ဟင်းဆက်ကို မ,လိုက်ချိန် အော်တိုဝင်သံ သေချာသဖြင့် နံပါတ်ကိုးလုံးတိတိသို့ ဒရောသောပါးလှည့်ချလိုက်၏။

'ဝ၉ ၅၂၄ × × × ×'

'ဟဲလို ဦးဇေယျလား၊ ဟို–အင်း ကျွန်တော် ...'

၁၁–၁၁–၂၀၀၆

*မြန်မာ့ဓနု၊ ဇန်နဝါရီ၊ ၂၀၀၇။*

❑

mgyoe.com

mgyoe.com

# ကျွန်တော်နှင့် ထိုမိန်းမသုံးယောက်

ဇော်ထွဋ်နိုင်

ကံတရား၏စနစ်တကျ စီစဉ်ရေးဆွဲထားသော နေ့တစ်နေ့တွင် ကျွန်တော်သည် အမှန်တကယ်ပင် သေဆုံးသွားခဲ့ရပါသည်။ ကျွန်တော် သေဆုံးသွားခဲ့သောအဖြစ်အပျက်က မိန်းမ(၃)ယောက်၏ အစွမ်းတွ(အသွင်သဏ္ဌာန်)ကို သိသာပေါ်လွင်ထင်ရှားစေခဲ့ခြင်းလည်းမည်သည်။ စင်စစ် ကျွန်တော်က အနီမိန်းမသုံးယောက်အနက် တစ်ယောက်သောသူ၏ သံယောဇဉ်ကိုပင် မြင်တတ်ရှုမြင်နိုင်စွမ်းရှိခဲ့လျှင် ထိုနေ့က ကျွန်တော် သေဆုံးသွားဖို့ မည်သို့မျှ မဖြစ်နိုင်မှန်း၊ သေလွန်ပြီးမှ တသသ ဖြစ်ခဲ့ရပြန်သေးဟု တမြေ့မြေ့ ပြန်မြင်နေမိပြန်သည်။

မိန်းမ(တစ်)က အလှဆုံးဟု ယူဆအပ်သော အဝတ်အထည်ကို ဆင်မြန်း၊ သူမနှင့် အလိုက်ဖက်ဆုံး မျက်မှန်နက်ကို တပ်ဆင်ပြီး ကျွန်တော်၏ ရုပ်ကလာပ်ရှိရာသို့ ဖြည်းညင်းညင်သာစွာ ဝင်ရောက်လာသည်။ နံဘေးမှ သူမ၏ ခင်ပွန်းဖြစ်သူ နှာမည်ကြီးရုပ်ရှင်ဒါရိုက်တာကလေးက သူမ(သူ့ချစ်ဇနီး)အား ဖွဖွလေးဖေးမ။ မိန်းမ(တစ်)၏မျက်နှာသွင်ပြင်က ရဲရင့်၊ သွေးလျှမ်းနီဥ။ ကမ္ဘာမြေပေါ်တွင် သစ္စာတရားတစ်ခုအတွက် မည်သူ့မျက်နှာ၊ မည်သည့်အခြေနေကိုမျှ ထည့်မတွက်ဘဲ ပြုမူရမည်ဟူသော အလှုပ်၊ အရွေ့၊ အသွင် သဏ္ဌာန် ..... ကျွန်တော် မှတ်မိသည်က သူမလက်ထဲက၊ Heart Ace ဖဲနီတစ်ချပ်ဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း နှလုံးသည်းပွတ်ပုံ အနီရောင်ဖဲပွင့်က တောက်ပစူးရဲစွာ နီမြန်းလျက်။ ထိုအသည်းဖဲချပ်ပေါ်မှာပဲ ကျွန်တော့်ဘဝကို မိန်းမတစ်ယောက်လက်ထဲ ပုံအပ်ဖို့ ဆယ်ကျော်သက်အရွယ်တုန်းက ကြိုးစားခဲ့ဖူးသည်။

ကြည့်နေတယ်
ကလူသလိုလို၊ မြူသလိုလိုနဲ့
လူကိုတကယ်
သူလိုတဲ့အခါ
ပုန်းနေတယ်
ရှိမှန်းလည်းသိ၊ ကြည့်မှန်း
လည်းသိရက်နဲ့ကွယ်
ကျွမ်းသူလွမ်းအောင်
အရောင်ပုံရိပ်ပြသင့်တယ်။
မုန်းချင်တယ်ကွယ် ...
ဒီလိုမပြောလိုက်နဲ့
ရင်တကယ်ကွဲလို့
သေပွဲဝင်ရလိမ့်မယ်။
ရင်ဗလာ မဟုတ်သေးလို့
အကြင်နာသုတ်ကလေး
ရွတ်ပြပါလားကွယ်။
ချစ်ရင်ကွယ် ချောင်း၊ မြစ်
ပင်လယ်ကာဆီးလည်း
အရောက်ကူးကာ
ကျွန်တော် လာခဲ့မယ်။

အဲသည်ကဗျာနှင့် အဲသည် Heart Ace ဖဲချပ်ကို မိန်းမ(တစ်)က ကျွန်တော့်ရင်ဘတ်ပေါ် ပစ်တင်လိုက်သည်။ ပုလဲပွင့်မျက်ရည် ဝေသီဖွဲ့စီးဆင်းမှုအား နှုတ်ခမ်းဖျားမရောက်မီ လက်ခုံနဲ့သုတ်ပြီး သူ့ချစ်သူရင်ခွင်ထဲ မောမောနွမ်းနွမ်း တိုးဝင်ခိုကပ်သွားသည်။ သေဆုံးသွားတဲ့ ကျွန်တော်က ထိုမိန်းမရဲ့ နှာသီးဖျားပေါ်က ကိုယ်တိုင်သိပြီးသော မျက်ရည်ပွင့်ဖတ်တို့ကို ငေးရီလို့။ ငိုသံတွေ ကျွန်တော့်နားမှာ မပြတ်ပဲ့တင်ရိုက်ခတ်ဖြတ်သန်းဆဲ။

ရေဆာသလို ဘဝတစ်ခုလုံး ဆာလောင်မွတ်သိပ်ခဲ့ရသော မိန်းမ (နှစ်)က ခရေတစ်ပွင့်ကြွေသလို သက်မဲ့ခန္ဓာ

mgyoe.com

mgyoe.com

ကိုယ်ကြီးကျွန်တော်ရှိရာ ရောက်ရှိလာပြန်ပေါ့။ မိန်းမ(နှစ်) ပခုံးသားတွေ တသိမ့်သိမ့်တုန်ခါတဲ့အထိ ငိုကြွေးလိုက်ပုံများ ကြည့်စမ်း။ ကျွန်တော့်လိုကောင်အတွက် သူမမျက်ရည် ဒီလောက်များများရှိကြောင်း ကျွန်တော် အခုမှ သိတာအမှန်ပါ။ နှုတ်ခမ်းတွေကိုလည်း ကိုက်ထားရဲ့။ မလုပ်ပါနဲ့ချစ်သူရယ်။ အဲဒီနှုတ်ခမ်းတွေကိုပဲ ကျွန်တော် ဘယ်လိုယုယစိုက်ပျိုးခဲ့ရတာ ကိုယ့်ဘာသာအသိဆုံးပါ။ တစ်ချိန်က ကျွန်တော် သက်ရှိထင်ရှားရှိစဉ်ကလိုပဲ။ နဖူးကိုစမ်း၊ မျက်ခွံတွေ တုန်ရီ၊ နှုတ်ခမ်းတွေ တဆတ်ဆတ်လှုပ်ခါ၊ ငွေ့ရည်ဖွဲ့နေတဲ့ မျက်ဝန်းအစုံ ... ချစ်သူရေ.. ရင်ကွဲညတွေကိုက ပုံပြင်မဟုတ်ဘူးလေ။ မင့်အမျိုးသားကို ဂရုစိုက်ပါ။ ကိုယ်ကတော့ ဘဝခြားပြီ။ လှအားကြီးလွန်းသူ မိန်းမ(နှစ်)။ ကျွန်တော် ဖွဲ့လန်းစဉ်က အတိုင်း သူ့ပါးပြင်ကို လက်မလက်သည်းနှင့်ခြစ်ခြစ်ပြီး စကားပြောတတ်ပုံမျိုးကိုဖြင့် ယခုတော့ ကျွန်တော် မခံစားနိုင်ပြီ။ ဝန်ခံရလျှင်ဖြင့် ကျွန်တော့်နှလုံးအိမ်အား လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းဆုံး မိန်းမသည် သည်ကမ္ဘာလောကတွင် ထိုမိန်းမသာ ဖြစ်ချေသည်။ သို့သော် ဈာပနက ကျွန်တော့်ဈာပန၊ ထိုခံစားချက်က မကြာမီ ပျောက်ကောင်းပျောက်ကွယ်သွားနိုင်သည့် ကောင်းကင်တိမ်တွေလည်း ဖြစ်နိုင်သေးသပေါ့။

"ကျွန်တော့်အသက် ၆၀၊ ၇၀ လောက်အထိ ဒီအတိုင်း ချစ်ခြင်းမပျက်ယွင်းစွာနဲ့ နေသွားကြရအောင်နော်" ဆိုသည့် သနားစဖွယ် မိန်းမ(နှစ်)၏ စကားဟောင်းများက ကျွန်တော့်အတွက်တော့ ယခုအထိ သစ်လွင်တောက်ပလျက်ရှိဆဲပင်။ ကြုံခဲ့ဖူးသည့် ဝမ်းနည်းမှုများစွာထက် အင်တန်ပိုမိုပြင်းရှသော ခံစားစူးနင့်မှုများအတွက် ချစ်သူမျက်နှာပေါ်တွင် မြင်နေရသည်။ အချစ်ရေ ကျွန်တော့်ချစ်ခြင်းကို ထိမိခိုက်မိပြီဆိုမှဖြင့် ဘာရယ်မှ ကြောက်ရွံ့တတ်သည့်ကောင်မဟုတ်။ သည်လို အော်ဟစ်လိုက်ချင်သော်လည်း အရာရာကနှောင်း နောက်ကျ။ ကဲ ချစ်သူကြီး ကျန်းမာရေး ဂရုစိုက်။ ကျွန်တော့်ကို လွမ်း၊ မငိုနဲ့၊ မငိုနဲ့တော့ ကျွန်တော်နှင့် ချစ်သူက ထာဝရ ဝေးကွာသွားခြင်းပဲ ဖြစ်တော့သည်။

ချစ်သော။ ချစ်ရလွန်းသော ထိုမိန်းမ ရွေ့လျားသွားသည့်အခါ၌ ကျွန်တော် ဝဲဘက်ရင်အိမ်အရပ်မှာ ကျန်ရစ်သည်က အသက်မဲ့သူ၏ခုန်သော ရင်ထက်က အနီရောင် ခေါင်းစည်းသားရေကြိုးများ။ သေလွန်လျက်ကပင် ပွားများရသည့်ပီတိကို ကျွန်တော်ခံစားခဲ့ရသည်။ ဟောသည်ကမ္ဘာမှာ ဖြူစင်လွန်းသည့် သံယောဇဉ်တွေဟာလည်း မလွတ်မလပ် ဘဝတွေကို ချုပ်ကိုင်ချယ်လှယ်နိုင်စွမ်းသည်မဟုတ်လား။

မိန်းမ(သုံး)ကတော့ ..

ကျွန်တော့်ရလဒ်ပင် ဖြစ်လေတော့သည်။ သို့သော် ကျွန်တော့်ဘက်က ပေးဆပ်ခဲ့ရသောတန်ဖိုးက ကြီးမားများပြားလွန်းသည်။ အခုတော့ သူမလည်း မျက်ခွံတွေ မို့အစ်၊ မျက်ခွံတွေ ရဲနီအောင် ငိုကြွေးထားခဲ့ပြီ။ မိန်းမ(သုံး)သည် ကျွန်တော်၏ ခန္ဓာအား တရားဝင်ပိုင်ဆိုင် စားသုံးခွင့်ရခဲ့သူလည်းဖြစ်သည်။ မဟာပုရိသဟူသောအတွေးဖြင့် မိန်းမများအပေါ် အလေးထားခဲ့သော ကျွန်တော်၏ပျော့ပြောင်း ညံ့ဖျင်းမှုကြောင့် မိန်းမ(သုံး) ကျွန်တော့်ဘဝထဲ ရောက်ရှိလာခြင်းဟုလည်း ဆိုနိုင်ပေသည်။ အမြော်အမြင်နည်းပါးစွာ အတ္တကြီးသူတစ်ယောက်၏ ရပ်တည်မှုမျိုးဖြင့် ဆယ်ကျော်သက်ဘဝကို အဆင်ခြင်မဲ့ ရပ်တည်ဖြတ်သန်းခဲ့ပြီးမှ ကျွန်တော့်ဘဝထဲသို့ အနိုင်အထက် ရောက်ရှိလာခဲ့သော ချဉ်စုတ်စုတ်၊ မိန်းမတစ်ယောက်ကို ဘဝတစ်လျှောက်လုံး ဤသို့ ထမ်းပိုးသွားရမည်မှန်း မသိခဲ့သည်ကပင် ကျွန်တော်၏ ကြီးမားစွာသော တိမ်းစောင်းမှုဖြစ်ပေမည်။ ကျွန်တော့်အတွက်တော့ ထိုမိန်းမသည် ချဉ်စုတ်စုတ် မိန်းမတစ်ယောက်ထက် ပိုမိုခဲ့ခြင်းမရှိ။

ကျွန်တော်နှင့် ကျွန်တော့်ဘဝအား တစ်စစီကျိုးကြေအောင် လွင့်စင်ပစ်ခဲ့ရစ်ခဲ့သော၊ ယောကျ်ားတစ်ယောက်၏ မာနတရားအတွက် စော်ကားမော်ကားပြုလုပ်ခဲ့သူ ထိုချဉ်စုတ်စုတ် မိန်းမအတွက် [ကံကောင်းခြင်း (သို့) ကံဆိုးခြင်း] ကျွန်တော်နှင့် ထိုမိန်းမ၏ဘဝအတွင်းသို့ ချစ်လှစွာသော သမီးလေးတစ်ယောက် ပေါ်ပေါက်ဖြစ်တည်ခဲ့သည်။

ကျွန်တော် မကွယ်လွန်မီ၏ (၃) နှစ်အလွန်တွင် ပြည်ဖုံးကားချထားသော ကျွန်တော့်ဘဝအတွင်းသို့ သမီးအား အကြောင်းပြု၍ ထိုချဉ်စုတ်စုတ်မိန်းမ ပြန်လည်ဝင်ရောက်လာခဲ့သည်။

မိုးတွေ အငြိုးတကြီးရွာသွန်းသည့်တစ်နေ့တွင် အမေက ကျွန်တော့်ကို ပြောဖူးခဲ့သည်။ "ဘာမျှ ပြဿနာလုပ်မနေနဲ့တော့ သားရယ်၊ လက်မှတ်သာထိုးပေးလိုက်၊ ပြီးတော့ အေးအေးဆေးဆေးပြန်လာ" ဆိုတဲ့ အမေ့စကား ကျွန်တော် ပြန်ကြားယောင်မိသည်။ ကျွန်တော်ကလည်း အမေပြောသည့်အတိုင်း လုပ်ဆောင်ခဲ့သည်။ သို့သော် ကျွန်တော့်နှလုံးသားဆန္ဒကတော့ အမေ့ပြောစကားနှင့် ဆန့်ကျင်ရာသို့ အားတင်းခဲ့သည်ကလည်း အမှန်။

မိန်းမ(သုံး)တွင် မျက်ရည်တွေ ခန်းခြောက်ခဲ့ပြီ။ ကျွန်တော် ဝေဒနာခံစားနေရသော (၃)နှစ်ကာလအတွင်း အတိုးချ ပြုစုစောင့်ရှောက်ခဲ့ခြင်းအတွက် ထိုမျက်ရည်များ ခြောက်ခန်း

mgyoe.com